# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (ဝ၆၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ**
**အသိပေးကြေညာချက်**
**၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်**
**(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်)**

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးထားသည့် ကိစ္စရပ်များမပါ) အား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## တောင်ငူ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



တောင်ငူမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများအား ကာကွယ်ဆေးထိုးနှံပေးနေမှုကို တွေ့ရစဉ်။

**တောင်ငူ နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများအား ဆေးထိုးစုရပ်ဖြစ်သည့် မြစည်းခုံသာသနာ့ဗိမာန်ဝင်း အမှတ်(၅)ရပ်ကွက် ကေလဇာတီဘုရားဝင်း၊ ကေတုမတီမြို့သစ် မြို့ဦးကျောင်းတိုက်၊ ဂယ်ခိုဂယ်ဘား ခရစ်ယာန်ကျောင်းတို့၌ နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၅* ❖

### ထူးခြားသည့် ညအပူချိန်များ

၃၀ - ၁၁ - ၂၀၂၁

| | | |
|---|---|---|
| ဟားခါးမြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| ပူတာအိုမြို့ | ၆ | ဒီဂရီစင်တီဂရိတ် |
| တွန်းဇံမြို့ | ၈ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၈ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ်မြို့ | ၈ | ဒီဂရီစင်တီဂရိတ် |

## ကိုဗစ် - ၁၉ ရောဂါကူးစက်မှုနှုန်း လျော့ကျလာသည့် မြို့နယ်အချို့ရှိ ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု၊ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှုန်းနှင့် ပိုးတွေ့ရာခိုင်နှုန်းများကို သုံးသပ်ဆန်းစစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်(၄၆)မြို့နယ်မှအပ ကျန်မြို့နယ်များအားလုံးမှ အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်)အား ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် နိုဝင်ဘာ ၁ ရက်နေ့တွင် တည်ငြိမ်အေးချမ်းစွာ တစ်ပြိုင်တည်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

*စာမျက်နှာ ၃ ကော်လံ ၃* ❂

### ယနေ့ ဖတ်စရာ


**နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း** — ပြည်တွင်းသတင်း စာ - ၄

**အိုမီခရွန်နှင့်ပတ်သက်၍ တည်တည်ငြိမ်ငြိမ်ရှိကြရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တောင်းဆို** — နိုင်ငံတကာသတင်း စာ - ၁၂

# လုံခြုံရေးအမြင်၊ လုံခြုံရေးအသိနှင့် လုံခြုံရေးသတိတို့ ရှိကြရန်လို

အကြမ်းဖက်ခြိမ်းခြောက်မှုများ၊ တိုက်ခိုက်မှု၊ သတ်ဖြတ်မှုများက ကမ္ဘာ့နိုင်ငံများစွာတို့၌လည်း ကြုံတွေ့နေကြရသော စိန်ခေါ်မှုများ ဖြစ်သည်။ ဒီမိုကရေစီဘိုးအေနိုင်ငံကြီးများဟု ဆိုရမည့် နိုင်ငံများ၊ လစ်ဘရယ်အတွေးအခေါ် လွှမ်းမိုးသည့်နိုင်ငံများတွင်ပင်လျှင် လူမျိုးရေး၊ ဘာသာရေး မကျေနပ်မှုများအပေါ် အခြေခံသည့် အကြမ်းဖက်ခြိမ်းခြောက်မှုနှင့် တိုက်ခိုက်သတ်ဖြတ်မှုများ မကြာခဏပေါ်ပေါက်လေ့ရှိသည်ကို နိုင်ငံတကာသတင်းများတွင် တွေ့မြင်ကြရသည်။ တစ်ခါတစ်ရံတွင် လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေးတို့နှင့် ဘာမှမဆိုင်ဘဲ စိတ်ရူးပေါက်ကာ အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်မှုများ ဖြစ်ပေါ်တတ်သည်ကိုလည်း တွေ့ရသည်။ လူသတ်လက်နက်များကို အလွယ်တကူဝယ်ယူကိုင်ဆောင်နိုင်ခြင်းကြောင့် စိတ်မူမမှန်သူမျိုး၏ လက်ထဲသို့ သေနတ်ရောက်သွားသည့်အခါ တွေ့ရာမြင်ရာကို ပစ်ခတ်သတ်ဖြတ်ကြခြင်းမျိုးဖြစ်သည်။

ယခုအခါ မိမိတို့နိုင်ငံတွင်လည်း ခြိမ်းခြောက်မှုများကို အကြမ်းဖက်သမားများနှင့် ၎င်းတို့ကို ထောက်ခံသူများက ပြုလုပ်နေကြပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ၊ ပြည်သူများတို့မှာ ခြိမ်းခြောက်ခံနေကြရသည်။ မည်သည့်လမ်းများတွင် ဖြတ်သန်းမသွားရ၊ မည်သည့်ယာဉ်များကို မစီးရ၊ မည်သည့်ဈေးတွင် မရောင်း၊ မဝယ်ရ။ ကျောင်းမတက်ရ၊ ကာကွယ်ဆေးမထိုးရ၊ မီတာခ မဆောင်ရ စသည် စသည်ဖြင့် တားဆီးကာ မလိုက်နာပါက အသက်ကို တာဝန်မယူဆိုသည့် ခြိမ်းခြောက်မှုမျိုး၊ မိမိတို့ဘက် မပါပါက ဒလန်အဖြစ် သတ်မှတ်မည်ဆိုသည့် ခြိမ်းခြောက်မှုမျိုးများကို ပြည်သူများကြုံတွေ့နေရသည်။ အွန်လိုင်းမှတစ်ဆင့် ပြုလုပ်လေ့ရှိသည့် အဆိုပါခြိမ်းခြောက်မှုများ၏ နောက်ကွယ်မှ အကြမ်းဖက်သမားကို မတွေ့၊ မမြင်ရသလို ခြိမ်းခြောက်သည့်အတိုင်း ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုသည်ထက် လောလောဆယ်တွင် ရှောင်ရှားနေခြင်းက မိမိအဖို့ လုံခြုံစိတ်ချရသည့်အတွက် အကြမ်းဖက်သမား၏ ခြိမ်းခြောက်မှုကို လိုက်နာရသည့်အခြေအနေသို့ ရောက်ရှိသွားရသည်။

သို့ရာတွင် စားဝတ်နေရေးအတွက် မသွားမဖြစ်သွားရသည့် လမ်းခရီး၊ သွားရောက်ရသည့် နေရာ၊ မစီးမဖြစ်စီးနင်းသွားလာရသည့် ယာဉ်ရထားစသည်ဖြင့် နေ့စဉ်ဝမ်းစာရှာဖွေရာတွင် စိုးရိမ်စိတ်ဖြင့် အထိတ်တလန့်ခံစားနေရခြင်းသည် အကြမ်းဖက်သမားတို့ လိုလားသည့် ပြည်သူလူထုအတွင်း အကြောက်တရားစိုးမိုးထားရေး ရည်မှန်းချက်အတိုင်း ဖြစ်ပေါ်လာနေခြင်းပင်ဖြစ်သည်။ အကြမ်းဖက်သမားတို့ ခြိမ်းခြောက်မှုကြောင့် အသွားအလာ၊ အရောင်းအဝယ်များ ရပ်ဆိုင်းသွားခြင်းကိုပင် ပြည်သူများက ပူးပေါင်းပါဝင်မှုအဖြစ် အကြမ်းဖက်အားပေးမီဒီယာများက ဘေးတီးပေးနေကြသည်ကိုလည်း တွေ့ရသည်။

အကြမ်းဖက်ခြိမ်းခြောက်မှုများနှင့် စပ်လျဉ်း၍ ပြည်သူလူထုအတွင်း လုံခြုံရေးများ ဆောင်ရွက်ပေးနေသည်။ အကြမ်းဖက်သမားသည် ပြည်သူလူထုအတွင်း အသွင်ယူရောထွေးနေသည့်အတွက် ပြည်သူတစ်ဦးချင်းကလည်း လုံခြုံရေးအမြင်၊ လုံခြုံရေးအသိနှင့် လုံခြုံရေးသတိတို့ရှိကြဖို့လိုသည်။ မသင်္ကာဖွယ်အခြေအနေ၊ မသင်္ကာဖွယ်လှုပ်ရှားမှု၊ အန္တရာယ်ဖြစ်ပေါ်နိုင်သည့် အချိန်အခါနှင့်နေရာ စသည်တို့ကို သတိပြုကြရန်၊ ရှောင်ရှားနိုင်ရန်လည်း လိုအပ်သည်။ အထူးသဖြင့် မိမိတို့နေထိုင်ရာ အနီးပတ်ဝန်းကျင်တွင် ပုံမှန်မဟုတ်သော ဝင်ထွက်သွားလာမှု၊ လှုပ်ရှားမှုများ၊ လူစိမ်းများ စသည်ဖြင့် မသင်္ကာဖွယ်တွေ့ရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်သတင်းပေးပို့ခြင်း၊ ရပ်ရွာလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ခြင်းဖြင့် အကြမ်းဖက်လုပ်ရပ်များ လုံးဝပျောက်ကွယ်သွားမည်သာ ဖြစ်ပါကြောင်း။ ။



# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းများဖွင့်လှစ်





နေပြည်တော် နိုဝင်ဘာ ၃၀

နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၂၀ တွင် နယ်စပ်ဒေသ အပါအဝင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသော ဒေသများမှ အမျိုးသမီးငယ်များအား အဆင့်မြင့်စက်ချုပ်ပညာရပ်များ သင်ကြားတတ်မြောက်စေခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး မိသားစုအပိုဝင်ငွေ ရရှိနိုင်စေရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အထည်ချုပ်စက်ရုံများတွင်ဝင်ရောက်လုပ်ကိုင်နိုင်ရေးနှင့် ကိုယ်ပိုင်စက်ချုပ်ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နိုင်စေရေး ရည်ရွယ်၍ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်း သင်တန်းများအား ယနေ့ နံနက်ပိုင်းတွင် ဖွင့်လှစ်ရာ မွန်ပြည်နယ် မုဒုံမြို့တွင် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း (အပေါ်ပုံ)၊ ကရင်ပြည်နယ် ဘားအံမြို့တွင် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး သိန်းလင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီး သက်ထူးစံတို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်တိုင်းဒေသကြီး / ပြည်နယ်များတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။

ယနေ့ဖွင့်လှစ်သည့် အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်းများသို့ သင်တန်းသူ စုစုပေါင်း ၇၈၀ တက်ရောက်၍ နိုဝင်ဘာ ၃၀ ရက်မှ မတ် ၃၁ ရက်ထိ ရက်သတ္တ ၁၈ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အမျိုးသမီး အိမ်တွင်းမှု သင်တန်းကျောင်းများတွင်ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူ စုစုပေါင်း ၉၂၆၈ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ဒလမြို့နယ်ရှိ အိမ်ထောင်စု ၁၀၀၀ အား ဆန်၊ ဆီ နှင့် ပဲ ထောက်ပံ့လှူဒါန်း



ကျန်စစ်သားရပ်ကွက်ရှိ အောင်တော်မူဘုန်းကြီးကျောင်းတိုက်အတွင်း လှူဒါန်းနေမှု။

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ မေတ္တာဖြင့် လှူဒါန်းသည့် တရုတ်နိုင်ငံ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဖောင်ဒေးရှင်း(CFPA) မှ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ ကျန်စစ်သားရပ်ကွက်နှင့် ကမာကဆစ်ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၁၀၀၀ ကို တစ်အိမ်ထောင်လျှင် ဆန် ၁၀ ကီလိုဂရမ်၊ ဆီ ၁ လီတာနှင့် ပဲ ၁ ကီလိုဂရမ်ကို ယနေ့ နံနက် ၁၀ နာရီက ထောက်ပံ့လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် ကျန်စစ်သားရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၅၀၀ ကို အောင်တော်မူဘုန်းကြီးကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ ကမာကဆစ်ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၅၀၀ ကို အုပ်ချုပ်ရေးမှူးရုံး၌ လည်းကောင်း ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ဆန်၊ ဆီနှင့် ပဲတို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် CFPA မြန်မာရုံးခွဲမှ တာဝန်ရှိသူများက ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်လင်းကျော်(မြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃၀-၁၁-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O Multivitamin with/ without zinc | 3 x 10's / Box | 5600 | OLIVE |
| 2 | P.O Vitamin C | 10 x 10's / Box | 700 | Pai Brother |
| 3 | P.O – Pantocid | 10 x 10's / Box | 7000 | PL |
| 4 | P.O Omeprazole | 10 x 10's / Box | 1650 | Shwe Htay Min |
| 5 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 6 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 7 | PO – Azithromycin 500 mg | 5 x 3's | 4000 | Rammawaddy |
| 8 | P.O – Cefalexin 500 mg | Box of 10 x 10's | 6100 | Aorta |
| 9 | P.O – Levofloxacin 500 mg | Box of 10 x 10's | 7000 | Shwe Htay Min |
| 10 | P.O.Cefixime | Box of 3 x 10's | 3600 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## နိုင်ငံရေးရင့်ကျက်မှု

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုစနစ်ကို တည်ဆောက်ကြရာတွင် သက်ဆိုင်သူအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးညီညွတ်မှုက အခြေခံအကျဆုံးဖြစ်ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံရေးရင့်ကျက်ရန် လိုအပ်မှုများကြောင့် အမိမြန်မာနိုင်ငံတော်ကြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို သင်ခန်းစာယူရပါမည်။ မိမိတို့လက်ထက်၌ ၎င်းကိစ္စကို ကျော်လွှားနိုင်အောင် ကြိုးစားကြရပါမည်။ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် ''ပညာပြည့်ဝ၊ နှလုံးလှသော'' နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးမှုကို တည်ဆောက်ကြရပါမည်။

**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

# ရွှေတောင်မြို့ရှိ အမှတ်(၁) အထည်စက်ရုံ အရည်အသွေးကောင်းမွန်သည့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ မြေဩဇာဆိပ်ဖြေဆေးထုတ်လုပ်ရေး ဌာနခွဲသို့ရောက်ရှိပြီး မြေဩဆိပ်ဖြေဆေးများကို တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ မြေဩဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် အသုံးပြုရန် မွေးမြူထားသည့်မြင်းများကို ကြံ့ခိုင်သန်စွမ်းပြီး အနာရောဂါကင်းသည့်မြင်းများဖြစ်အောင် အလေးထားဆောင်ရွက်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်ရန် မှာကြားပြီး မြေဩဆိပ်ဖြေဆေးထုတ်လုပ်နိုင်ရေးအတွက် မြွေများမှ အဆိပ်ထုတ်ယူနေမှု အခြေအနေနှင့် မြင်းများကို သဘာဝအတိုင်းထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် New Generation Industry Co., Ltd. သို့ ငှားရမ်းထားသည့် အမှတ်(၃) ပလတ်စတစ်စက်ရုံသို့ ရောက်ရှိပြီး ပလတ်စတစ်အိတ်အမျိုးမျိုး ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးကာ စက်ရုံရှင်းလင်းဆောင်၌ New Generation Industry Co., Ltd. တာဝန်ရှိသူများအား ပြည်သူလူထု လိုအပ်လျက်ရှိသော ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်နှင့် ဒေသခံပြည်သူများကို ယခုထက်ပိုမို၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးနိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်ရုံငှားရမ်းကုမ္ပဏီအနေဖြင့် ရရှိသည့်အမြတ်အစွန်းအချို့ကို ဒေသဖွံ့ဖြိုးရေးနှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးလုပ်ငန်းစဉ်များတွင် အသုံးပြုစေလိုကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ရှိ အမှတ်(၃)အကြီးစားစက်ရုံ(သာယာဝတီ)သို့ ရောက်ရှိပြီး စက်ရုံအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် Business Plan များ စနစ်တကျရေးဆွဲထားရှိရန်၊ စက်ပစ္စည်းကိရိယာများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊ ထုတ်လုပ်မှုလုပ်ငန်းအဆင့်များ တွင် Check Point များ ထားရှိစစ်ဆေးရန်၊ အရည်အသွေးမီ ကုန်ကြမ်းပစ္စည်းများကို အသုံးပြုရန်နှင့် နိုင်ငံတကာနည်းစဉ်များကို စဉ်ဆက်မပြတ် လေ့လာရန်နှင့် နည်းပညာများ ဆင့်ပွားသင်တန်းများပေးရန် မှာကြားပြီး ပန်းကန်နှင့် ကြွေပြားများ ထုတ်လုပ်နေသည့် နည်းစဉ်အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ရှိ အမှတ်(၁) အထည်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ရှိ အမှတ်(၁) အထည်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံလည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စက်ပစ္စည်းကိရိယာများကို ပြုပြင်ထားရှိရန်၊ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ဝန်ထမ်းများအား လေ့ကျင့်သင်ကြားစီမံဆောင်ရွက်ရန်နှင့် ပြည်သူများအတွက် လိုအပ်သောအဝတ်အထည်များ ပိုမိုဖြည့်ဆည်းပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Super One Trading Co., Ltd. သို့ ငှားရမ်းထားသည့် ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံ(ရန်ပယ်)သို့ ရောက်ရှိပြီး စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်နေသည့် စက်ရုံဖြစ်၍ ကောင်းမွန်သောထုတ်လုပ်မှု နည်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် စားသုံးသူများ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး ပြောင်းဖူးကော်မှုန့်များ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မိုင်းယောင်းမြို့၌ အခြေခံပညာရေးကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနေစဉ်။

*❂ ရှေ့ဖုံးမှ*

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှုန်းမြင့်မားသော မြို့နယ် ၄၆ မြို့နယ်အနက်မှ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဟိုပုန်း၊ ရပ်စောက်၊ ပင်လောင်း၊ လဲချား၊ နမ့်စန်မြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ လားရှိုး၊ နောင်ချို၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ မဘိမ်း၊ သိန္နီ၊ ကွမ်းလုံမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံ၊ မိုင်းယောင်းမြို့နယ်တို့သည် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း သတ်မှတ်ရာခိုင်နှုန်းအောက်သို့ ရောက်ရှိလာသည့်အတွက် ယင်းမြို့နယ်များရှိ အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အပါအဝင်)အား ယနေ့မှစ၍ ပြန်လည်ဖွင့်လှစ်လျက်ရှိကြောင်းနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် စိတ်ချမ်းမြေ့စွာ ပညာသင်ကြားလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ရာခိုင်နှုန်းဖြစ်သည်။

**မိုး/ဇလ**

# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေးဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာ အရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel Issue-2 အဖြစ် (၃၁-၁၂-၂၀၂၀) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၀-၁၁-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်းခရီးသည်များမှတစ်ဆင့် ကိုဗစ်ရောဂါပိုးကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၁-၁၂-၂၀၂၁) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

## အိုမီခရွန် မျိုးဗီဇပြောင်းရောဂါပိုး၏ ရောဂါကူးစက်ဖြစ်ပွားနိုင်မှု၊ ရောဂါပြင်းထန်နိုင်မှု၊ ရောဂါရှာဖွေရေးနှင့် ကုသမှုတို့အပေါ် သက်ရောက်နိုင်မှုတို့ကို စဉ်ဆက်မပြတ် ဆက်လက်စောင့်ကြပ်ကြည့်ရှု

**နေပြည်တော်  နိုဝင်ဘာ ၃၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၌ နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် Video Conference စနစ်ဖြင့် ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အမှာစကားပြောကြားရာတွင် ယခုအခါ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု တတိယလှိုင်းကို အတိုင်းအတာတစ်ခုအထိ ကောင်းစွာထိန်းချုပ်ထားနိုင်ပြီဖြစ်သော်လည်း စိုးရိမ်ဖွယ်ကူးစက်ပျံ့နှံ့မှုများ ဖြစ်ပွားနိုင်သည့် မျိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး (Variants of Concern) အုပ်စုတွင် (၂၆-၁၁-၂၀၂၁) ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထပ်မံ၍ ထည့်သွင်းခဲ့သည့် အိုမီခရွန် (Omicron) မျိုးဗီဇပြောင်းရောဂါပိုးအနေဖြင့် ကမ္ဘာတစ်ဝန်းတွင် လျင်မြန်စွာ ကူးစက်ပြန့်ပွားမှုများကို တွေ့ရှိနေရကြောင်း။

အဆိုပါ မျိုးဗီဇပြောင်းရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ မဝင်ရောက်လာစေရေးနှင့် မိမိတို့နိုင်ငံတွင် ရောဂါဖြစ်ပွားမှုလှိုင်း နောက်ထပ်တစ်ခုအဖြစ် ကြီးမားစွာဖြစ်ပေါ်မလာစေရေး၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ဘက်ပေါင်းစုံမှ ကြိုတင်ပြင်ဆင်မှုများကို စနစ်တကျ စီမံချက်ရေးဆွဲ၍ အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အာဖရိကတိုက်တောင်ပိုင်းဒေသ နိုင်ငံများနှင့် အခြားအိုမီခရွန် မျိုးဗီဇပြောင်းဗိုင်းရပ်စ်များ ဝင်ရောက်ကူးစက်ရာ နိုင်ငံ/ဒေသများမှ လာရောက်သူများအား ခရီးသွားလာခွင့် ပိတ်ပင်ခြင်း (သို့မဟုတ်) အသွားအလာကန့်သတ်ချိန် တိုးမြှင့်ထားရှိခြင်းနှင့် ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ RT-PCR ဖြင့် အကြိမ်တိုးမြှင့်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ နယ်စပ်ဒေသများတွင် စနစ်တကျ ကွာရန်တင်းဝင်ရောက်ခြင်းနှင့် RT-PCR ဖြင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းကိုလည်း စနစ်တကျ ဆောင်ရွက်ရမည်ဖြစ်ပြီး RT-PCR အဖြေ negative ဖြစ်မှသာ မြန်မာနိုင်ငံအတွင်းရှိ သက်ဆိုင်ရာဒေသများသို့ စနစ်တကျပို့ဆောင်ပေးရမည်ဖြစ်ကြောင်း၊ RT-PCR စက်များကိုလည်း မြဝတီမြို့၊ မူဆယ်မြို့နှင့် ကျိုင်းတုံမြို့များတွင် တပ်ဆင်ထားသကဲ့သို့ အခြားနယ်စပ်မြို့များတွင် ဆက်လက်တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း။

ထို့အတူ မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် နိုင်ငံများနှင့် နိုင်ငံတကာတွင် အိုမီခရွန် မျိုးဗီဇပြောင်းဗိုင်းရပ်စ်များ ဝင်ရောက်ကူးစက်ပြန့်ပွားမှုအခြေအနေ၊ နိုင်ငံတကာတွင် ကူးစက်ပျံ့နှံ့နေမှုအခြေအနေနှင့် အဆိုပါမျိုးဗီဇပြောင်းရောဂါပိုး၏ ရောဂါကူးစက်ဖြစ်ပွားနိုင်မှု၊ ရောဂါပြင်းထန်နိုင်မှု၊ ရောဂါရှာဖွေရေးနှင့် ကုသမှုတို့အပေါ် သက်ရောက်နိုင်မှုတို့ကို စဉ်ဆက်မပြတ် ဆက်လက်စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ကြောင်း။

အဓိကအချက်အနေဖြင့် ပြည်သူများ ကာကွယ်ဆေးလွှမ်းခြုံမှုများ ကောင်းမွန်စွာ တိုးတက်ရရှိစေရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာစေရေးအတွက် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများကို ရောဂါကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများနှင့်အတူ အလေးထား၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ) ဒေါက်တာထွန်းတင်က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာမိုးခိုင်က ကိုဗစ်-၁၉ ရောဂါ ကုသရေးလုပ်ငန်းများအတွက် ဆေးရုံများတွင် အောက်ဆီဂျင်လုံလောက်မှုရှိစေရန် ဆောင်ရွက်ထားရှိမှုများနှင့် ICU, HDUများ ပြင်ဆင်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအယ်ထူးဖေနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)၊ ပါမောက္ခချုပ်ဒေါက်တာဌေးဌေးတင်တို့က မျိုးကွဲအသစ်ကိုဗစ်-၁၉ ရောဂါပိုး (Omicron) အား ဓာတ်ခွဲစစ်ဆေးမှုပြုလုပ်နိုင်ရန် စီစဉ်ထားရှိမှုအခြေအနေကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်သန်းထွန်းက ကိုဗစ်-၁၉ ရောဂါ မျိုးကွဲအသစ်နှင့် ပတ်သက်သည့် ဓာတ်ခွဲစစ်ဆေးမှုဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းနှင့် တာဝန်ရှိသူများမှ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကာကွယ်ဆေးထိုးနှံမှု အခြေအနေများနှင့် Quarantine Center များ ပြင်ဆင်ထားရှိမှု အခြေအနေများနှင့် လေဆိပ်အဝင်အထွက်များတွင် ကျန်းမာရေး စစ်ဆေးဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် အဓိကကျသည့် အချက်တစ်ခုမှာ ကာကွယ်ဆေးထိုးလွှမ်းခြုံမှုမြင့်မားရန်ဖြစ်ကြောင်း၊ ပြည်သူလူထုဘက်မှလည်း မိမိတို့အားလုံးအတွက် အခွင့်အရေးတစ်ရပ်အနေဖြင့်ရရှိမည့် နိုင်ငံတော်မှ ထိုးနှံပေးသည့် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးကို မဖြစ်မနေ ထိုးနှံသွားရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် တစ်ဦးချင်းလိုက်နာရမည့် အသိပေးချက် သတိပေးချက်နှင့် ထုတ်ပြန်ကြေညာချက်များကို တိတိကျကျလိုက်နာ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ကျော်ဇေယျ၊ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်(ဝန်ကြီးရုံး) ဦးစိန်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်(ကုသရေးဦးစီးဌာန) ဒေါက်တာမြတ်ဝဏ္ဏာစိုး၊ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် ယာယီပိတ်ခဲ့ရသည့် အခြေခံပညာ ကျောင်းများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျော့နည်းသွားသဖြင့် ယနေ့နံနက်မှစတင်၍ ပြန်လည်ဖွင့်လှစ်မှုကို တွေ့ရစဉ်။

ကျော်ဇေယျဝင်း(ကံမ)




❖ *ရှေ့ဖုံးမှ*

ထို့သို့ ဆောင်ရွက်ရာတွင် အသက် ၅၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ အစိုးရနှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိက စက်ရုံအလုပ်ရုံဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ EAO များ၊ အကျဉ်းထောင်များမှ အကျဉ်းသား အချုပ်သားများ၊ ဟိုတယ်မိုတယ်နှင့်တည်းခိုခန်း အစားအသောက်ဝန်ဆောင်မှု လုပ်ငန်းများမှ ဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် ဈေးရောင်းချသူများ၊ ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ မသန်စွမ်းများ၊ နာတာရှည်ရောဂါအခံရှိသူများအား တစ်ရက်လျှင် လူဦးရေ ၂၅၀ နှုန်းဖြင့် ထိုးနှံပေးလျက်ရှိသည်။ထို့ပြင် ကာကွယ်ဆေး ဒုတိယအကြိမ်မြောက် ထိုးနှံနိုင်မည့်သူများအား အမှတ်(၈)ရပ်ကွက် ဂယ်ခိုဂယ်ဘားခရစ်ယာန်ကျောင်း၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **ဇော်ထက်(တောင်ငူ)**

# စစ်ကိုင်းတိုင်းဒေသကြီး၌ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းနှင့် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကျင်းပ

**မုံရွာ နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်း ကော်မတီက အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းနှင့် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။ (ယာပုံ)



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ကလေးအလုပ်သမားများ လျော့နည်းပပျောက်စေရေးအတွက် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိနိုင်ရန်အတွက် သက်မွေးပညာသင်တန်းအား ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသနှင့် စီးပွားရေးလုပ်ငန်းခွင် အခြေအနေများအရ လိုက်လျောညီထွေမှုရှိသည့် အသက်မွေးမှုနှင့် ကျွမ်းကျင်မှုသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးရန် အစီအမံများ ဆောင်ရွက်ထားပြီဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများကလည်း သင်တန်းကပို့ချပေးမည့် နည်းပညာရပ်များကို စာတွေ့လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာမှာ စိတ်ပါဝင်စားစွာဖြင့် နာယူမှတ်သားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ဖြိုးက အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းနှင့် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက သင်တန်းတွင် အသုံးပြုမည့် တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနှင့် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်း သင်ထောက်ကူပြုပစ္စည်းများအား လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂၉ ရက်အထိ တစ်လအကြာ စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်မည်ဖြစ်ကြောင်းနှင့် တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ရက်သတ္တပတ်ကြာ သင်ကြားပေးသွားမည်ဖြစ်ရာ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသော တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၇/၂၀၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## သီရိကွင်းပတ်လမ်းနှင့် မြို့ရွာသန့်ရှင်းသာယာလှပရေးဆောင်ရွက်မှုများအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကြည့်ရှုစစ်ဆေး

**ဘားအံ နိုဝင်ဘာ ၃၀**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့်တာဝန်ရှိသူများသည် ယနေ့နံနက် ၁၁ နာရီခန့်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော သီရိကွင်းပတ်လမ်း ကွန်ကရစ်လူသွားလမ်းနှင့် မြို့ရွာသန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့သည် အများပြည်သူ ကိုယ်လက်လှုပ်ရှား လမ်းလျှောက်လေ့ကျင့်ခန်းဆောင်ရွက်နိုင်ရေး ဘားအံမြို့ သီရိကွင်းပတ်လမ်း အရှည်ပေ ၃၃၀၀ ခန့်နှင့် အကျယ် ၄ ပေ၊ ထု ၄ လက်မရှိ ကွန်ကရစ်လူသွားလျှောက်လမ်း ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံ-ထုံးအိုင်လမ်းမကြီး ဘေးဝဲယာနှစ်ဖက် အုတ်စီရေမြောင်း ပြုလုပ်ခြင်း နိဗ္ဗိန္ဒတံတားမှ စောစံစီဖိုးလမ်းဆုံထိ (ပေ ၇၃၂၀x ၃ပေ x ၄ပေ) လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြို့အဝင်မြေထိန်းနံရံ အပိုင်း(၁) တည်ဆောက်ခြင်း ၄၉၉၅ ပေနှင့် မြို့အဝင်မြေထိန်းနံရံ အပိုင်း(၂) တည်ဆောက်ခြင်း ၁၃၂၅ ပေ ဆောင်ရွက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ဘားအံ-ထုံးအိုင်လမ်းမကြီးဘေး ဝဲယာနှစ်ဖက် ဘားမဲတောင်ခြေမှ ရွှေကင်းတူးမြောင်းအထိ ၂၁၃၀ ပေ အုတ်စီရေမြောင်း ပြုလုပ်ခြင်းလုပ်ငန်းကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၃၀**

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၁)ကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၁) ဆုံးဖြတ်ချက်မှ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာထွန်းထွန်းက ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီအတွင်းရေးမှူး ဒေါက်တာထွန်းထွန်းက ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့် ရယူထားသည့် ဟိုတယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သုံးခုမှ လုပ်ငန်းယာယီရပ်ဆိုင်းခွင့်ပြုပါရန် တင်ပြလာခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြလာမှု၊ ၂၀၂၁ ခုနှစ် နိုဝင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုအား Video Conferencing စနစ်ဖြင့် တွေ့ဆုံဝန်ဆောင်မှုပေးခဲ့ခြင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ De Heus Myanmar Limited ၏ မျိုးရင်းဝက်မွေးမြူ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ အကြံပြုချက်များစသည်တို့ကို ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစိန်ဦးတို့က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




## မဘိမ်းမြို့နယ်၌ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြား

**မဘိမ်း နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ယနေ့နံနက်ပိုင်းမှစတင်ကာ ကျောင်းများစတင်ဖွင့်လှစ်၍ ပညာသင်ကြားနေပြီဖြစ်သည်။

မဘိမ်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း အခြေခံပညာကျောင်းများအား (ယာယီ)ပိတ်ထားခဲ့ရာမှ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းများ ပြန်လည်ကျဆင်းလာသည့်အပြင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ပြီးဖြစ်သည့်အတွက် ယနေ့နံနက်ပိုင်းမှစ၍ မဘိမ်းမြို့နယ်ရှိ အခြေခံပညာကျောင်းများအား ပြန်လည်ဖွင့်လှစ်ပညာသင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။

မဘိမ်းမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့်ကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များမှ လုံခြုံရေးကိစ္စရပ်များကို ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်း(ပြန်/ဆက်)**

# အထူးသတိပြုစောင့်ကြည့်ရမည့် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ (Variants of Concern) ငါးခုမြောက် အုပ်စုဝင် အိုမီခရွန် (omicron) (B.1.1.529)

## သတင်းအဖွဲ့

ပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် (omicron) (B.1.1.529) နှင့်ပတ်သက်၍ အထူးသတိပြုရမည့် အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် သတင်းအဖွဲ့က ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနမှ ဒေါက်တာသန်းနိုင်စိုးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ပါသည်–

**မေး။** ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် (omicron) (B.1.1.529) ကို ဘာကြောင့် အထူးသတိပြု စောင့်ကြည့်သင့်သလဲဆိုတာကို ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် (omicron) (B.1.1.529) မှာ စုစုပေါင်း မျိုးဗီဇပြောင်းလဲမှု ၅၀ ခန့်ရှိတယ်လို့ သိရှိရပြီး အဓိကကျတဲ့နေရာဖြစ်တဲ့ ဗိုင်းရပ်စ်ပိုးရဲ့ ဆူးချွန်မှာ မျိုးဗီဇပြောင်းလဲမှု ၃၀ ခန့်အထိရှိလို့ မျိုးဗီဇပြောင်းလဲမှုအလွန်များပြားတယ်လို့ သိရပါတယ်။

ဒါကြောင့်လည်း အဲဒီပိုးမျိုးကွဲစတင်တွေ့ရှိတဲ့ တောင်အာဖရိကနိုင်ငံက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို အကြောင်းကြားခဲ့တာဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ နိုဝင်ဘာ ၂၆ ရက်က ကျင်းပတဲ့ နည်းပညာကွန်ဖရင့်မှာ ဒီမျိုးကွဲအသစ်နဲ့ ပတ်သက်လို့ ဆွေးနွေးအပြီး စိုးရိမ်ရဖွယ် ကူးစက်ဖြစ်ပွားမှုတွေ ဖြစ်ပေါ်နိုင်တဲ့ မျိုးဗီဇပြောင်းပိုးများအုပ်စု (Variants of Concern) မှာ အယ်(လ်)ဖာ၊ ဘီတာ၊ ဂမ်မာနဲ့ ဒယ်(လ်)တာတို့နဲ့အတူ အိုမီခရွန် (omicron) မျိုးဗီဇပြောင်းပိုးအဖြစ် ငါးခုမြောက် အမည်ပေးထည့်သွင်းလိုက်တာဖြစ်ပါတယ်။

**မေး။** ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် (omicron) (B.1.1.529) ကိုဘယ်နေရာ၊ ဘယ်အချိန်မှာ စတင်တွေ့ရတာပါလဲ။

ဖြေ။ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် (omicron) (B.1.1.529) စတင်ရာအဖြစ် အာဖရိကတိုက်၊ တောင်အာဖရိကနိုင်ငံနဲ့ ဘော့ဆွာနာနိုင်ငံလို့ ကနဦး သိထားရပါတယ်။ စတင်အတည်ပြုတွေ့ရှိရခြင်းအနေနဲ့ နိုဝင်ဘာ ၉ ရက်မှာ တောင်အာဖရိကနိုင်ငံက ရရှိတဲ့ ဓာတ်ခွဲနမူနာတစ်ခုမှာ တွေ့ခဲ့ရတာဖြစ်ပြီး ဒီလိုတွေ့ရှိရမှုကို တောင်အာဖရိကနိုင်ငံက နိုဝင်ဘာ ၂၄ ရက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို သတင်းပေးပို့ခဲ့တာဖြစ်တယ်လို့ သိရှိရပါတယ်။

အိုမီခရွန် (omicron) (B.1.1.529) အဖြစ် စတင်တွေ့ရှိအတည်ပြုပြီး (၃၀–၁၁–၂၀၂၁) ရက်နေ့အထိ တောင်အာဖရိက၊ ဘော့ဆွာနာ၊ နယ်သာလန်၊ ပေါ်တူဂီ၊ ယူကေ၊ ဩစတြေးလျ၊ ဂျာမနီ၊ အီတလီ၊ ဟောင်ကောင်၊ ကနေဒါ၊ အစ္စရေး၊ ဒိန်းမတ်၊ ဩစတြီးယား၊ ဆွီဒင်၊ ဘယ်လ်ဂျီယံ၊ ချက်၊ စပိန်တို့ပါဝင်တဲ့ ကမ္ဘာတစ်ဝန်း နိုင်ငံ/ဒေသပေါင်း ၁၇ ခုကို ပျံ့နှံ့ရောက်ရှိနေတာကို အတည်ပြုပြီး ဖြစ်တယ်လို့ သိရပါတယ်။ ဒါ့အပြင် ပြင်သစ်၊ ဖင်လန်၊ ဂျပန်၊ ဆွစ်ဇာလန် စတဲ့ နိုင်ငံတွေကိုလည်း ရောက်ရှိနေနိုင်ဖွယ်ရှိပြီး ကမ္ဘာတစ်ဝန်း အတည်ပြုလူနာ ၁၉၉ ဦးနဲ့ သံသယဖြစ်ဖွယ်လူနာ ၁၃၀၂ ဦးအထိ ရှိနေပြီ ဖြစ်ပါတယ်။

**မေး။** အိုမီခရွန် (omicron) (B.1.1.529) မှာ မျိုးဗီဇပြောင်းလဲမှုတွေ များနေတာတွေကနေ ဘယ်လိုနောက်ဆက်တွဲဆိုးကျိုးတွေ ဖြစ်လာနိုင်ပါသလဲ။


ဖြေ။ ဒီလိုဗီဇပြောင်းတာတွေများတဲ့ ကိုဗစ်–၁၉ ရောဂါပိုးအနေနဲ့ကတော့ မူလ ကိုဗစ်–၁၉ ပိုးရဲ့ ရောဂါကူးစက်ပြန့်ပွား/ဖြစ်ပွားစေတဲ့ ပြုမူပုံတွေနဲ့ လုံးဝမတူနိုင်တော့တာဖြစ်ပါတယ်။ လတ်တလောမှာ သူ့ရဲ့နောက်ဆက်တွဲဆိုးကျိုးတွေကို ဆက်လက်စောင့်ကြည့်လျက်ရှိပြီး ဖြစ်နိုင်ခြေရှိတဲ့ နောက်ဆက်တွဲဆိုးကျိုးတွေအနေနဲ့ ဆူးချွန်မှာပါရှိတဲ့ ခုခံအားစနစ်အရ အရေးပါတဲ့နေရာတွေမှာ ပြောင်းလဲမှုတွေဖြစ်ခြင်းကြောင့် ကာကွယ်ဆေးတွေရဲ့ထိရောက်မှုကို လျော့ကျနိုင်စေခြင်း၊ ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားပြီးသူများတွင်လည်း ရောဂါထပ်မံ၍ ဖြစ်ပွားစေနိုင်ခြင်းနှင့် လူလုပ်ပဋိပစ္စည်း (therapeutic monoclonal antibodies) တွေရဲ့ ထိရောက်မှုကိုလည်း လျော့ကျစေနိုင်ပါတယ်။

ဆူးချွန်မှာပါရှိတဲ့ လူ့ခန္ဓာကိုယ်ဆဲလ်ထဲကိုဝင်နိုင်အောင် ဆောင်ရွက်တဲ့အပိုင်းမှာ ပြောင်းလဲမှုတွေဖြစ်ခြင်းကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုမြန်ဆန်စေနိုင်ပါတယ်။ အယ်(လ်)ဖာ၊ ဘီတာ၊ ဂမ်မာနဲ့ လမ်ဘဒါမျိုးကွဲတွေမှာလို ပြောင်းလဲမှုတွေကြောင့် မွေးရာပါ ကိုယ်ခံအားစနစ်ကို ရှောင်လွှဲနိုင်စွမ်းတွေ ရှိလာနိုင်လို့ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုမြန်ဆန်စေနိုင်ပါတယ်။ ကိုဗစ်–၁၉ ရောဂါပိုးရဲ့အတွင်းရှိ မျိုးဗီဇမှာလည်း အယ်(လ်)ဖာ၊ ဂမ်မာနဲ့ လမ်ဘဒါမျိုးကွဲတွေမှာလို ပြောင်းလဲမှုတွေဖြစ်လို့ ရောဂါဝင်ရောက်ကူးစက်ဖြစ်ပွားနိုင်ခြင်း (infectivity) ကို မြင့်တက်လာနိုင်ဖွယ်ရှိတာ တွေ့ရပါတယ်။


ဖော်ပြပါပုံမှာ အိုမီခရွန် (omicron) (B.1.1.529) ဗိုင်းရပ်စ်မျိုးကွဲဟာ ဒယ်လ်တာနဲ့ ဘီတာဗိုင်းရပ်စ်မျိုးကွဲတွေနဲ့နှိုင်းယှဉ်ရင် အချိန်တိုအတွင်းမှာ ကူးစက်ခံရသူရာခိုင်နှုန်း အရေအတွက်ဟာ လျင်မြန်စွာ များပြားလာတာကို တွေ့ရနိုင်ပါတယ်။

**မေး။** အိုမီခရွန် (omicron) ဗီဇပြောင်းပိုးကနေ ကမ္ဘာပေါ်မှာ ကိုဗစ်–၁၉ရောဂါ ကူးစက်မှုအပေါ် ဘာတွေဆက်ဖြစ်နိုင်ပါသလဲ။

ဖြေ။ လက်ရှိတောင်အာဖရိကနိုင်ငံရဲ့အခြေအနေကိုကြည့်ရရင် ကိုဗစ်–၁၉ ရောဂါကူးစက်မှုတွေဟာ မျိုးဗီဇပြောင်းလဲတဲ့ပိုးတွေ ဝင်ရောက်ကူးစက်ဖြစ်ပွားမှုနဲ့အတူ ရောဂါဖြစ်ပွားမှုတွေကို လှိုင်းအသွင်တွေ့မြင်ရတာဖြစ်ပြီး ပူးတွဲပါပုံမှာ အိုမီခရွန် (omicron) ဝင်ရောက်လာမှုနဲ့အတူ လှိုင်းတစ်လှိုင်းအသစ် ဖြစ်ပွားလာနိုင်မှုရဲ့အစ အသွင်ဖြစ်နေတာမို့ သတိကြီးစွာထားပြီး စောင့်ကြည့်ရမယ့် အနေအထားဖြစ်ပါတယ်။




ပုံ – တောင်အာဖရိကနိုင်ငံတွင် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် (omicron) ကြောင့် နောက်ထပ် လှိုင်းတစ်ခုအဖြစ် ပေါ်ပေါက်မလာစေရေး သတိပြုစောင့်ကြည့်ရမည့်ပုံ




ပုံ – ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် (omicron) တောင်အာဖရိကနိုင်ငံတွင် အချိန်တိုအတွင်း ကူးစက်မှုများပြားလာပုံ

❖ **ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် (omicron) (B.1.1.529) စတင်ရာအဖြစ် အာဖရိကတိုက်၊ တောင်အာဖရိကနိုင်ငံနဲ့ ဘော့ဆွာနာနိုင်ငံလို့ ကနဦး သိထားရပါတယ်။ စတင်အတည်ပြုတွေ့ရှိရခြင်းအနေနဲ့ နိုဝင်ဘာ ၉ ရက်မှာ တောင်အာဖရိကနိုင်ငံက ရရှိတဲ့ ဓာတ်ခွဲနမူနာတစ်ခုမှာ တွေ့ခဲ့ရတာဖြစ်ပြီး ဒီလိုတွေ့ရှိရမှုကို တောင်အာဖရိကနိုင်ငံက နိုဝင်ဘာ ၂၄ ရက်မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကို သတင်းပေးပို့ခဲ့တာဖြစ်တယ်လို့ သိရှိရပါတယ်**

**မေး။** အိုမီခရွန် (omicron) ဗီဇပြောင်းပိုးနဲ့ပတ်သက်လို့ ကမ္ဘာ့နိုင်ငံများရဲ့ ဆောင်ရွက်ချက်ကို သိပါရစေ။

ဖြေ။ လက်ရှိအချိန် (၃၀–၁၁–၂၀၂၁) ရက်နေ့အထိ သိရှိရချက်များအရ ကမ္ဘာတစ်ဝန်း နိုင်ငံ/ဒေသပေါင်း ၇၀ ခန့်က အာဖရိကတိုက်တောင်ပိုင်းနိုင်ငံတွေနဲ့ ခရီးသွားလာမှု ကန့်သတ်ချက်တွေ တိုးမြှင့်ဆောင်ရွက်ပြီးဖြစ်တဲ့အတွက် အဲဒီလို တိုးမြှင့်ဆောင်ရွက်တဲ့ နိုင်ငံအရေအတွက်ကလည်း တစ်နေ့တခြား တိုးတက်လျက်ရှိတယ်လို့ သိရပါတယ်။


ခရီးသွားလာမှု ကန့်သတ်ချက်တွေ တိုးမြှင့်ဆောင်ရွက်တဲ့နိုင်ငံတွေကို ဥပမာပေး တင်ပြရရင် ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ နယ်သာလန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ မော်လတာ၊ ချက်နိုင်ငံတွေကတော့ တောင်အာဖရိကတိုက်က ခြောက်နိုင်ငံဖြစ်တဲ့ တောင်အာဖရိက၊ နမီးဘီးယား၊ လီဆိုသို၊ ဘော့ဆွာနာ၊ အက်(စ်)ဆွာတီနီ (ဆွာဇီလန်)၊ ဇင်ဘာဘွေနိုင်ငံတွေက လေယာဉ်တွေဝင်ရောက်မှုကို ကန့်သတ်လိုက်ပြီဖြစ်ပါတယ်။

သီရိလင်္ကာနိုင်ငံကလည်း တောင်အာဖရိကတိုက်က ခြောက်နိုင်ငံဖြစ်တဲ့ တောင်အာဖရိက၊ နမီးဘီးယား၊ လီဆိုသို၊ ဘော့ဆွာနာ၊ အက်(စ်)ဆွာတီနီ (ဆွာဇီလန်)၊ ဇင်ဘာဘွေနိုင်ငံတွေက ခရီးသွားတွေ ဝင်ရောက်မှုကို ကန့်သတ်လိုက်ပြီဖြစ်ပါတယ်။ မော်လ်ဒိုက်နိုင်ငံကလည်း တောင်အာဖရိကတိုက်က ခုနစ်နိုင်ငံဖြစ်တဲ့ တောင်အာဖရိက၊ နမီးဘီးယား၊ လီဆိုသို၊ ဘော့ဆွာနာ၊ အက်(စ်)ဆွာတီနီ (ဆွာဇီလန်)၊ ဇင်ဘာဘွေ၊ မိုဇမ်ဘစ်နိုင်ငံတွေက ခရီးသွားတွေ ဝင်ရောက်မှုကို ကန့်သတ်လိုက်ပြီဖြစ်ပါတယ်။ အစ္စရေးနဲ့ စင်ကာပူနိုင်ငံတွေကတော့ သူ့နိုင်ငံသားတွေကို တောင်အာဖရိကနိုင်ငံကို သွားရောက်ခွင့်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

မပြုတော့သလို အဲဒီဒေသက ခရီးသွားတွေကိုလည်း ဝင်ရောက်ခွင့် မပြုတော့ပါဘူး။




ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် (omicron)ပျံ့နှံ့မှုရှိနိုင်သည့် တောင်အာဖရိကနိုင်ငံနှင့် အိမ်နီးချင်း ခုနစ်နိုင်ငံ

အမေရိကန်နိုင်ငံကလည်း တောင်အာဖရိက အပါအဝင် သူနဲ့အိမ်နီးချင်းရှစ်နိုင်ငံဖြစ်တဲ့ တောင်အာဖရိက၊ ဘော့ဆွာနာ၊ ဇင်ဘာဘွေ၊ နမီးဘီးယား၊ လီဆိုသို၊ အက်(စ်)ဆွာတီနီ (ဆွာဇီလန်)၊ မိုဇမ်ဘစ်နဲ့မာလာဝီနိုင်ငံတို့က နိုင်ငံခြားသားတွေကို (၃၀-၁၁-၂၀၂၁) တနင်္လာနေ့ကစပြီး ပြည်ဝင်ခွင့်ပိတ်ထားတယ်လို့ သိရပါတယ်။ ထိုင်းနိုင်ငံကလည်း ဖော်ပြပါ အာဖရိက ရှစ်နိုင်ငံကနေ လာရောက်မယ့် ခရီးသည်တွေကို ဝင်ခွင့်မပြုတော့ကြောင်း သိရပါတယ်။ ဩစတြေးလျနိုင်ငံကလည်း တောင်အာဖရိကနိုင်ငံ အပါအဝင် ဖော်ပြပါ အာဖရိကရှစ်နိုင်ငံကနေ လေယာဉ်ခရီးစဉ် ပျံသန်းတာကို ၁၄ ရက်ကြာ ဆိုင်းငံ့ထားတယ်လို့ ကြေညာထားပြီး လွန်ခဲ့တဲ့ ၁၄ ရက်အတွင်း အဲဒီနိုင်ငံတွေကို သွားခဲ့တဲ့ဩစတြေးလျ တောင်အာဖရိကအပါအဝင် သူနဲ့ အိမ်နီးချင်း ခုနစ်နိုင်ငံကိုသွားခဲ့တဲ့ နိုင်ငံခြားသားတွေကို ပြည်ဝင်ခွင့်တားမြစ်ထားတယ်လို့ သိရပါတယ်။ ဂျပန်နိုင်ငံကတော့ နိုင်ငံအတွင်း နေထိုင်သူမဟုတ်တဲ့ နိုင်ငံခြားသားတွေကို ပြည်ဝင်ခွင့် ပိတ်ထားတယ်လို့ သိရပါတယ်။ ပြည်ဝင်ခွင့်ရတဲ့ အာဖရိကတိုက်တောင်ပိုင်းဒေသကို ခရီးသွားခဲ့သူတွေကိုလည်း ကွာရန်တင်း ၁၀ ရက် ဝင်ရောက်ရမှာဖြစ်ပြီး အဲဒီအတောအတွင်း ပိုးရှိ/မရှိစစ်ဆေးမှု လေးကြိမ် လုပ်မယ်လို့ သိရပါတယ်။ အဲဒီလိုပဲ ဆွစ်ဇာလန်နိုင်ငံက ဥရောပနဲ့ အာဖရိကနိုင်ငံတွေကလာတဲ့ ခရီးသွားတွေကို ကွာရန်တင်းဝင်ခိုင်းတဲ့ စည်းကမ်း ပိုတင်းကျပ်မယ်လို့သိရပါတယ်။ ယူကေနိုင်ငံကလည်း နိုင်ငံအတွင်း ဝင်ရောက်လာသူတွေကို ကွာရန်တင်းဝင်ခိုင်းတဲ့ နိုင်ငံသားတွေကိုလည်း နိုင်ငံထဲ ဝင်ခွင့်ပိတ်ထားတယ်လို့ သိရှိရပါတယ်။

ကနေဒါနိုင်ငံကလည်း ပြီးခဲ့တဲ့ ၁၄ ရက်အတွင်း စည်းကမ်းတွေ တင်းကျပ်ခြင်းနဲ့ ပြည်သူလူထုအတွင်း လိုက်နာရမယ့်စည်းကမ်းတွေ တင်းကျပ်တာတွေ ဆောင်ရွက်တာတွေ့ရပါတယ်။

**မေး။ အိုမီခရွန် (omicron) ဗီဇပြောင်းပိုးနဲ့ ပတ်သက်လို့ ရောဂါကာကွယ်ရေးနည်းလမ်းတွေက ဘာတွေလဲဆိုတာ ပြောပြပေးပါဦး။**

ဖြေ။ အိုမီခရွန် (omicron) ဗီဇပြောင်းပိုးနဲ့ ပတ်သက်ပြီး ကူးစက်ပြန့်ပွားနိုင်မှု၊ ရောဂါပြင်းထန်နိုင်မှု၊ ကာကွယ်ဆေးတွေရဲ့ အာနိသင်ကို လျော့ကျစေနိုင်မှု၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးသူတွေ အနေနဲ့ ဒီမျိုးဗီဇပြောင်းရောဂါပိုးကြောင့် ရောဂါပြန်လည်ဖြစ်ပွားနိုင်မှုတွေကို ကမ္ဘာတစ်ဝန်းလုံးမှာ သုတေသနများစွာ ဆောင်ရွက်လျက်ရှိပြီး အဆိုပါအချက်တွေနဲ့ ပတ်သက်လို့ဖြစ်နိုင်ခြေတွေအနေနဲ့သာ ရှိသေးပြီး တိတိကျကျသိရှိရဖို့အတွက် အချိန်အနည်းငယ် ထပ်ပြီးစောင့်ရဦးမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမျိုးဗီဇပြောင်းရောဂါပိုးနဲ့ ပတ်သက်လို့ အလွန်စိုးရိမ်ထိတ်လန့်စရာမလိုဘဲ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းတွေကို ဆက်လက်၍ သတိပြုကာ မမေ့မလျော့ လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

အလွန်အရေးကြီးတဲ့ ကာကွယ်ရေးနည်းလမ်း ဖြစ်ပြီး ရေရှည်မှာ ကိုဗစ်-၁၉ ရောဂါ အန္တရာယ်က လွတ်မြောက်နိုင်တဲ့ တစ်ခုတည်းသော ထွက်ပေါက်ကတော့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူရမှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါပိုးမျိုးတွေ ဘယ်လိုပဲ ပြောင်းနေပါစေ၊ ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့်ခံယူထားရင် ရောဂါဝင်ရောက်ကူးစက်ခံရရင်တောင် ရောဂါပြင်းထန်စွာဖြစ်ပွားမှုနဲ့ ရောဂါကြောင့် သေဆုံးမှုတွေကို သိသာစွာလျှော့ချပေးနိုင်တာဖြစ်ပါတယ်။

ကိုဗစ်-၁၉ မျိုးဗီဇပြောင်းရောဂါပိုးတွေဆိုတာ လူရဲ့ခန္ဓာကိုယ်ထဲကိုရောက်မှ သူတို့ရဲ့ အဓိက အစွမ်းသတ္တိကိုပြတာပါ၊ ဒါကြောင့် လူ့ခန္ဓာကိုယ်ထဲကို ရောဂါပိုးဝင်ရောက်ကူးစက်မှု မရှိစေဖို့အတွက် -

- အတတ်နိုင်ဆုံး မိမိတို့၏နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ခြင်း၊
- လက်ကိုမကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
- လေဝင်လေထွက်ကောင်းသည့် နေရာတွင် နေထိုင်ခြင်း၊
- သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာ ကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့ပြီး မိမိနှင့် အနီးကပ်ထိတွေ့သူများကို ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
- ခါတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒါ့အပြင် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိတဲ့ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေ အချိန်တိုအတွင်း ထိရောက်အောင်မြင်ပြီး လူမှုစီးပွားလုပ်ငန်းများ ကောင်းစွာ လည်ပတ်နိုင်ရေးအတွက် အဆိုပါလုပ်ငန်းများမှာ ပြည်သူလူထုအနေနဲ့ မိမိတို့ ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လည်း လိုအပ်တဲ့အကြောင်း တင်ပြလိုက်ရပါတယ်။

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၃၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီ တိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ ဒေသခံပြည်သူ ၃၃၃ ဦး၊ ရှမ်းပြည်နယ် အရှေ့ပိုင်းအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၅၀ ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၂၄၃၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၈၃၇၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၉၂၅ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိမြို့နယ်လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၃၂၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်တို့၌ ဒေသခံပြည်သူ ၆၄၀ ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၈၅၆၀ နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၀၅၀ ၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌ ကျောင်းသား ကျောင်းသူ ၇၇၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အွန်လိုင်းဉာဏ်စမ်းပဟေဠိပြိုင်ပွဲများတွင် ပါဝင်နိုင်ကြောင်း ဖိတ်ခေါ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အွန်လိုင်းဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ပြုလုပ်သွားမည်ဖြစ်ပါသည်။

အွန်လိုင်းဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ပြန်လည်ထူထောင်ရေးဦးစီးဌာန Facebook Page – **Department of Rehabilitation** တွင် ပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်းနှင့် ကြိုတင်လေ့လာပြင်ဆင်နိုင်ရေးအတွက် တယ်လီဖုန်းအမှတ် -၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း တိုက်တွန်းအသိပေးအပ်ပါသည်။

**သတင်းစဉ်**

## ဘီးလင်းမြို့၌ ခေါင်းဆောင်မှုဆိုင်ရာအသိပညာပေးမှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဖွင့်

**ဘီးလင်း နိုဝင်ဘာ ၃၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ခေါင်းဆောင်မှုဆိုင်ရာ အသိပညာပေးမှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်ရမည့် နည်းလမ်းများ အသိပညာပေးခြင်းသင်တန်းကို နိုဝင်ဘာ နောက်ဆုံးပတ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဦးမင်းထောစံက ကျေးရွာအဆင့် ခေါင်းဆောင်မှုဆိုင်ရာ ရည်ရွယ်ချက်များနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ခေါင်းဆောင်မှုဆိုင်ရာ အသိပညာပေးမှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ရမည့် နည်းလမ်းများကို အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခေါင်းဆောင်မှုဆိုင်ရာ အသိပညာပေးမှုနှင့် အစိမ်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ရမည့် နည်းလမ်းများ သင်တန်းပေးခြင်းကို ဘီးလင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးရွာ ၁၃ ရွာမှ သင်တန်းသား သင်တန်းသူများအား သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည် တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၃၀

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။**

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးပေါ်ပေါက်ချက်အရ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အကြောင်းပြ၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ရဟတ်ယာဉ်တစ်စီး ငှားရမ်းခြင်း၊ သက်တမ်းတိုးခြင်းတို့ ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် အမှတ် ၁/၂၀၁၇ ကို လိုက်နာမှုမရှိခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မှတ်ချက်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့၏ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်မှုမရှိဘဲ ရဟတ်ယာဉ်ငှားရမ်းခြင်း သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ခြင်း၊ ဘဏ္ဍာရေးစည်းမျဉ်းများကို လိုက်နာရန် ပျက်ကွက်ခဲ့ခြင်း၊ ငှားရမ်းသည့်ကာလ ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ စာချုပ်ပါ ပျံသန်းအသုံးပြုနိုင်သည့် နာရီ ၇၂၀ တွင် ၈၄ ဒသမ ၉၅ နာရီသာ ပျံသန်းအသုံးပြုခဲ့၍ လျော့နည်းပျံသန်းချိန် ၆၃၅ ဒသမ ၀၅ နာရီအတွက် ယခင်ပျံသန်းအသုံးပြုမှု အခြေအနေများအရ လေလွင့်မှု ရှိ/မရှိ မစိစစ်ဘဲ ငှားရမ်းခြင်းသက်တမ်းတိုး စာချုပ်များအား ခွင့်ပြု၍ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်းကျော် ပိုမိုပေးချေခဲ့ရခြင်းကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကြေးကို ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ကြောင်း။

## စီမံခန့်ခွဲမှုရန်ပုံငွေများအား ရည်ရွယ်ချက်အတိုင်း ထိရောက် အကျိုးရှိစွာသုံးစွဲခဲ့ခြင်းမရှိ

နိုင်ငံတော်ပိုင် ရဟတ်ယာဉ်တစ်စီး ဝယ်ယူအသုံးပြုရာ၌ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနက ဘတ်ဂျက်တောင်းခံ တင်ပြဝယ်ယူခြင်းမရှိဘဲ သုံးစွဲခွင့်မရှိသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ သုံးစွဲထားခြင်းကြောင့် ဘဏ္ဍာရေးစည်းမျဉ်းများကို လိုက်နာရန် ပျက်ကွက်ခဲ့ခြင်း၊ ရဟတ်ယာဉ်ဝယ်ယူမှုအတွက် စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြမှုမရှိဘဲ ဆောင်ရွက်ခဲ့ခြင်း၊ ရဟတ်ယာဉ်ဝယ်ယူသည့် စာချုပ်၏ General term တွင် Warranty နှင့် Excusable Delays ဖော်ပြပါရှိသော်လည်း ပြင်ဆင်ရန် လိုအပ်မှုများနှင့် နောက်ကျရောက်ရှိမှုများအတွက် ဒဏ်ကြေးများ ထည့်သွင်းချုပ်ဆိုထားမှုမရှိခြင်း၊ ပြည်သူ့ဘဏ္ဍာဖြစ်သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေများအား ရည်ရွယ်ချက်အတိုင်း ထိရောက်အကျိုးရှိစွာသုံးစွဲခဲ့ခြင်းမရှိဘဲ ရဟတ်ယာဉ် ဝယ်ယူရေးအတွက် မြန်မာငွေကျပ်သိန်းပေါင်း နှစ်သိန်း သုံးသောင်းကျော် ပေးချေခဲ့ရခြင်းတို့ကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကြေးကို ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ကြောင်း။

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ သုံးစွဲခဲ့သဖြင့် ဘဏ္ဍာရေးစည်းမျဉ်းများကို လိုက်နာရန်ပျက်ကွက်

ထို့ပြင် ဝယ်ယူပြီးသော ရဟတ်ယာဉ်၏ Operation and Maintenance ကိစ္စ ဆောင်ရွက်ရာတွင် ကုမ္ပဏီတစ်ခုနှင့် လုပ်ငန်းအပ်နှံရေးစာချုပ်ပါ အချက်များအား စိစစ်ညွှန်ကြားရန် ပျက်ကွက်ခဲ့ခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် ဘေးသင့်သူများအတွက်သာ သုံးစွဲရမည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ သုံးစွဲခဲ့သဖြင့် ဘဏ္ဍာရေးစည်းမျဉ်းများကို လိုက်နာရန် ပျက်ကွက်ခဲ့ခြင်း၊ ရဟတ်ယာဉ် နောက်ကျရောက်ရှိမည့် အခြေအနေကို ကြိုတင်သိရှိခဲ့ပြီးဖြစ်သော်လည်း ထိန်းသိမ်းမည့် ကုမ္ပဏီနှင့် လိုအပ်သလို ညှိနှိုင်း၍ စာချုပ်ပြင်ဆင်ချုပ်ဆိုခဲ့မှု မရှိခြင်း၊ စာချုပ်အရ ကြိုတင်ပြင်ဆင်မှုကာလ ဝန်ဆောင်ခ အမေရိကန်ဒေါ်လာ ၂၇၀,၀၀၀ ကိုသာ ပေးချေသင့်သော်လည်း ငါးလအတွက် ဝန်ဆောင်ခ အမေရိကန်ဒေါ်လာ ၄၉၂,၆၆၇ ကို ရဟတ်ယာဉ် မရောက်သေးဘဲ ကြိုတင်ပေးချေထားခြင်းတို့ကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကြေးကို ထိခိုက်နစ်နာ ဆုံးရှုံးစေခဲ့ကြောင်း။

## နိုင်ငံတော်၏ ဘဏ္ဍာငွေကြေး၊ ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာဆုံးရှုံးစေခဲ့

ထိုသို့ နိုင်ငံတော်၏ဘဏ္ဍာငွေကြေးကို ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ခြင်းအတွက် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူ ပြည်ထောင်စုဝန်ကြီးဟောင်း ဒေါက်တာဝင်းမြတ်အေးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ နေပြည်တော်၊ ဘုရားကုန်း မြို့မရဲစခန်းတွင် ၂၀၂၁ ခုနှစ် ဩဂုတ် ၂၇ ရက်၌ ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထပ်မံစစ်ဆေးပေါ်ပေါက်ချက်များအရ နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည် တို့သည်လည်း နိုင်ငံရေးရာထူး လက်ရှိဖြစ်ခဲ့စဉ်က ရဟတ်ယာဉ် ငှားရမ်းခြင်း၊ ဝယ်ယူခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ကိစ္စရပ်များတွင် ၎င်းတို့၏ လုပ်ပိုင်ခွင့် အခွင့်အာဏာကို အသုံးပြု၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းမပြုဘဲ ရုံးတွင်းစာအဆင့်ဆင့်ဖြင့် ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုပေးခဲ့သဖြင့် နိုင်ငံတော်၏ဘဏ္ဍာငွေကြေး၊ ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ခြင်းအတွက် နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည် တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ နေပြည်တော်၊ ဘုရားကုန်း မြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းနှင့် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာစိုးဦး တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

နေပြည်တော် နိုဝင်ဘာ ၃၀

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းနှင့် တာဝန်ရှိသူများအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။**

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် ရုံးစိုက်ထားသည့် အဖွဲ့အစည်းမှ မြန်မာနိုင်ငံသို့ WHO နှင့် UNICEF တို့မှတစ်ဆင့် ထောက်ပံ့ငွေများ ပေးအပ်ကြောင်း၊ ယင်းအဖွဲ့အစည်းမှ GAVI HSS 2 Grant (Global Alliance for Vaccines and Immunization–Health System Strengthening 2) ကူညီငွေများကို တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ တင်ပြသည့် စီမံချက်များအလိုက် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ငွေစာရင်းသို့ ထောက်ပံ့ပေးအပ်ကြောင်း။

တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများအတွက် စီမံချက်မန်နေဂျာအဖြစ် ဒေါက်တာ ထားထားလင်းကိုခန့်ထားပြီး စီမံချက်မန်နေဂျာက Quarter အလိုက် သုံးစွဲရန် Work Plan လုပ်ငန်းစီမံချက်ကို ဝန်ကြီးဌာနမှ ဖွဲ့စည်းပေးသော ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးဦး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အလုပ်အမှုဆောင်ကော်မတီ (Executive Working Group) သို့ တင်ပြပြီး အတည်ပြုချက်ရရှိပါက ရန်ပုံငွေထုတ်ရန်အတွက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးဦး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ပြင်ပထောက်ပံ့ကော်မတီ (External Aid Committee–EAC)မှ ထပ်မံစိစစ်အတည်ပြုပြီး ခွင့်ပြုချက်ထုတ်ပေးကြောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများအတွက် စီမံချက်မန်နေဂျာ ဒေါက်တာ ထားထားလင်းသည် ဗဟိုအဆင့်အတွက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ရရှိသည့် ပံ့ပိုးရန်ပုံငွေ ငွေကျပ်သိန်း ၁၆၉၀၀ ကျော်အနက် ငွေကျပ်သိန်း ၆၉၉၀ ကျော်နှင့် ၂၀၁၈–၂၀၁၉ Non Budget လက်ကျန်မှ ငွေကျပ်သိန်း ၁၁၃၀ ကျော်၊ စုစုပေါင်း ငွေကျပ်သိန်း ၈၁၂၀ ကျော် ထုတ်ယူခဲ့ပြီး၊ တိုင်းဒေသကြီး/ပြည်နယ်များအတွက် ငွေကျပ်သိန်း ၁၀၅၀၀ ကျော်ကို ခွဲဝေချထားပေးခဲ့ကြောင်း။

## ငွေသားလက်ကျန်များကို သုံးစွဲခြင်းမပြုရန် ညွှန်ကြားချက် လိုက်နာဆောင်ရွက်ခြင်းမရှိ

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှစ၍ COVID–19 ရောဂါပျံ့နှံ့မှုကြောင့် စီမံချက်အတိုင်း ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိသဖြင့် ဗဟိုအဆင့်တွင် ငွေသားလက်ကျန် ငွေကျပ် ၁၆၁ ဒသမ ၁၉၈ သန်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် ငွေသားလက်ကျန် ငွေကျပ်သန်း ၈၄၀ ကျော် ကျန်ရှိသဖြင့် ငွေစာရင်းခေါင်းစဉ်ပြောင်းလဲအသုံးပြုရန် တင်ပြခြင်းအပေါ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၆ ရက်စွဲပါစာဖြင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံခဲ့စဉ်ကာလအတွင်း ငွေသားလက်ကျန်များကို သုံးစွဲခြင်းမပြုရန်နှင့် ၄စ–၆ ဖြင့် ထိန်းသိမ်းထားရန် ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ဒေါက်တာ ထားထားလင်းသည် ဗဟိုအဆင့် ငွေသားလက်ကျန် ငွေကျပ် ၁၆၈ ဒသမ ၁၉၈ သန်းအား UNICEF Account သို့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ငွေပေးသွင်းခဲ့ခြင်းဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကြေး ပိုင်ဆိုင်မှုကို နစ်နာဆုံးရှုံးစေခဲ့ကြောင်း။

Global Alliance for Vaccines and Immunization–Health System Strengthening 2 ဖြင့် ဆောင်ရွက်သည့် စီမံချက်ပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေထုတ်ယူခွင့်ပြုသူ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးဦးသည် GAVI HSS 2 Grant ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများတွင် တာဝန်ယူကြီးကြပ်ပြီး စီမံခန့်ခွဲရသူဖြစ်သည့်အလျောက် နိုင်ငံတော်၏ ငွေကြေးပိုင်ဆိုင်မှု နစ်နာဆုံးရှုံးစေသည့် ဒေါက်တာ ထားထားလင်း၏ ဆောင်ရွက်မှုတွင် ကြီးကြပ်စစ်ဆေးရန် ပျက်ကွက်ခြင်း၊ စီမံခန့်ခွဲရန် ပျက်ကွက်ခြင်းတို့သည် နိုင်ငံတော်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးရန်အတွက် အားပေးကူညီခြင်းဖြစ်ကြောင်း။

## တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိ

စစ်ဆေးပေါ်ပေါက်ချက်အရ ဒေါက်တာ ထားထားလင်းအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ ဒေါက်တာ စိုးဦးအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆/၆၃ အရလည်းကောင်း နေပြည်တော် ဘုရားကုန်း မြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ သိရသည်။

**သတင်းစဉ်**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**

**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"**

**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

## ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့် ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါကန့်သတ်ချက်များ အားလုံးကို ၃၀-၁၁-၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၁-၁၁-၂၀၂၁ ရက်စွဲပါ ကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြည်ပမှဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ်အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်

## ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံ သင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၄ ဦးတို့ကို လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၂၈)ရှိ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဥက္ကဋ္ဌ ဦးညွန့်ဆွေက မိမိတို့ဖောင်ဒေးရှင်းသည် ပြည်သူများ ဗဟုသုတတိုးပွားစေရေးအတွက် စာအုပ်စာစောင်များ ထောက်ပံ့ခြင်း၊ စာကြည့်တိုက်များ တည်ထောင်ခြင်းတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ နိုင်ငံရေးအရောင်အသွေး ကင်းရှင်းသည့် လူမှုရေးအဖွဲ့အစည်းအဖြစ် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ပြည်သူများအတွက် အကျိုးရှိစေမည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်သည့် အဖွဲ့ဝင်များက တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြကြောင်း သိရသည်။ **သတင်းစဉ်**

## လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၃၀** – စံပြကျေးရွာ (Smart Village) အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းတွင်ပါဝင်သော နေပြည်တော် လယ်ဝေးမြို့နယ် သော်မော်ကုန်းကျေးရွာ၌ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်း ဖွင့်လှစ်ရာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သင်တန်းတွင် ဆပ်ပြာရည်၏ အခြေခံသဘောတရားများ ရှင်းလင်းဆွေးနွေးခြင်းနှင့် ဆပ်ပြာရည်အမျိုးမျိုး၊ ရေချိုးဆပ်ပြာ၊ ဆပ်ပြာခရင်(မ်)၊ ခေါင်းလျှော်ရည်နှင့် လက်သန့်ဆေးရည်ပြုလုပ်ခြင်းတို့ကို စာတွေ့/လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် နိုဝင်ဘာ ၃၀ ရက် မှ ဒီဇင်ဘာ ၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

*※ကျောဖုံးမှ*

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ စူပါမားကတ် ၁၂ ခု ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်-

**၁-၂-၂၀၂၁ ရက်မှ ၂၀-၁၁-၂၀၂၁ ထိ အကြမ်းဖက်သမားများကြောင့် စူပါမားကတ် ပျက်စီးဆုံးရှုံးမှု**

| စဉ် | ရက်စွဲ | တိုင်း/ပြည်နယ် | ခရိုင်မြို့နယ် | စူပါမားကတ် | ဖြစ်စဉ်အကျဉ်း |
|---|---|---|---|---|---|
| ၁ | ၂၈-၂-၂၀၂၁ | ပဲခူး | ပဲခူး | "စိန်ဟင်း"အိမ်သုံးပစ္စည်း ကုန်စုံဆိုင် | ထုခွဲဖျက်ဆီးခဲ့၊ မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၂ | ၁-၄-၂၀၂၁ | ရန်ကုန် | မရမ်းကုန်း | Gandamar Wholesale ကုန်တိုက် | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၃ | ၁-၄-၂၀၂၁ | ရန်ကုန် | ကျောက်တံတား | Ruby Mark | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၄ | ၂၀-၆-၂၀၂၁ | ရန်ကုန် | ဗဟန်း | 1 Stop Mart | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၅ | ၂၀-၆-၂၀၂၁ | ရန်ကုန် | မင်္ဂလာတောင်ညွန့် | 1 Stop Mart | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၆ | ၂၀-၆-၂၀၂၁ | ရန်ကုန် | ကျောက်တံတား | 1 Stop Mart | မီးရှို့ဖျက်ဆီးခဲ့မှု။ |
| ၇ | ၂၃-၆-၂၀၂၁ | ရန်ကုန် | ကမာရွတ် | 1 Stop Mart | မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၈ | ၃-၈-၂၀၂၁ | ကရင် | ဘားအံ | ဂန္ဓဝင်စတိုး | မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၉ | ၆-၁၀-၂၀၂၁ | ရန်ကုန် | အင်းစိန် | One Stop Mart | မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၁၀ | ၁၁-၁၀-၂၀၂၁ | ရန်ကုန် | မရမ်းကုန်း | City Mart | မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၁၁ | ၁၉-၁၀-၂၀၂၁ | ကရင် | ဘားအံ | ဇွဲကပင်ပလာဇာ | မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |
| ၁၂ | ၂၇-၁၀-၂၀၂၁ | ရန်ကုန် | အင်းစိန် | 1 Stop Mart စတိုးဆိုင် | မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှု။ |

**၁-၂-၂၀၂၁ ရက်နေ့မှ ၂၀-၁၁-၂၀၂၁ ရက်နေ့ထိ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ စူပါမားကတ်များအား အကြမ်းဖက်သမားများက မီးရှို့/ဖောက်ခွဲဖျက်ဆီးမှုဦးစီးဇယား**

| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | စူပါမားကတ် | ဆုံးရှုံးမှုတန်ဖိုး | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကရင် | ၁ | ၂ | | |
| ၂ | ပဲခူး | ၁ | ၁ | | |
| ၃ | ရန်ကုန် | ၆ | ၉ | ၃,၈၀၆,၅၅၀,၀၀၀ | |
| စုစုပေါင်း | | ၈ | ၁၂ | ၃,၈၀၆,၅၅၀,၀၀၀ | |

အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများအား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို ရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**



မင်္ဂလာတောင်ညွန့်မြို့နယ်၌ 1 Stop Mart ဆိုင် မီးလောင်မှု။



ကျောက်တံတားမြို့နယ်၌ Ruby Mark ဈေးဝယ်စင်တာ မီးလောင်မှု။



ကမာရွတ်မြို့နယ်၌ လက်လုပ်မိုင်း တစ်လုံးပေါက်ကွဲမှု။



ဗဟန်းမြို့နယ်၌ 1 Stop Mart ဆိုင် မီးလောင်မှုနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှု။



ပဲခူးမြို့ စိန်ဟင်း ကုန်စုံဆိုင်၌ ပစ္စည်းများအား မီးရှို့ဖျက်ဆီးမှု

## ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ရတနာ မဥ္ဇူကျောင်း ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ) မဟာထေရ် မြတ်ကြီးသည် သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂) ဝါအရ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၁)ရက်၊ (၂၉-၁၁-၂၀၂၁)၊ တနလ်ာ နေ့၊ မွန်းတည့်(၁၂:၀၀)နာရီအချိန် တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း နှင့် ဆရာတော်ကြီး၏ အန္တိမ အဂ္ဂိစျာပနကို (၃၀-၁၁-၂၀၂၁)ရက်၊ မွန်းလွဲ(၁:၀၀)နာရီအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါ သည်။

**သတင်းစဉ်**

## မိုင်းယု၌ အခြေခံပညာသင်ကျောင်းများ ကိုဗစ်စည်းကမ်းနှင့်အညီ ပြန်လည်ဖွင့်လှစ်

**မိုင်းယု နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်ဒေသ မိုင်းယုမြို့အတွင်းရှိ အခြေခံပညာသင်ကျောင်းများ ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများ နိုဝင်ဘာ ၃၀ ရက် ယနေ့နံနက်ပိုင်းက စတင်ပညာသင်ကြား နေပြီဖြစ်သည်။

မိုင်းယုမြို့၌ အခြေခံပညာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနေလျက်ရှိပြီး အဆိုပါ ကျောင်းများသို့ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်ဖြိုး၊ နယ်မြေခံစခန်းမှူး ရဲအုပ်အောင်ဇော်မင်းနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကျောင်းသားမိဘကော်မတီများ ပါဝင်သောအဖွဲ့က ဆရာ ဆရာမများ ကျောင်းဝင်ပေါက်ဝတွင် အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်စေခြင်း၊ လက်ဆေးစေခြင်းများ၊ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ ပညာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



မိုင်းယုမြို့၌ အခြေခံပညာကျောင်း အထက်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်းခွဲ တစ်ကျောင်း၊ မူလတန်း(လွန်) ကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း ငါးကျောင်း စုစုပေါင်းကျောင်း ရှစ်ကျောင်းရှိပြီး ၂၀၂၁ ခုနှစ် ဇွန် ၁ ရက်က ပထမအကြိမ် ကျောင်းများအားလုံး ဖွင့်လှစ်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါ အခြေအနေများအရ ပြန်လည် ပိတ်ရကြောင်း သိရသည်။

**ကိုကိုနိုင်(မိုင်းယု)**

## ဟိုပုံးမြို့နယ်၌ အခြေခံပညာစာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

**ဟိုပုံး နိုဝင်ဘာ ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ အခြေခံပညာ စာသင်ကျောင်းများ ယနေ့နံနက်ပိုင်းက ပြန်လည်ဖွင့်လှစ်သည်။

ဟိုပုံးမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ရှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ ၁၄ ကျောင်း၊ အခြေခံပညာမူလွန်ကျောင်း ၁၉ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၁၁၂ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခွဲ ၁၇ ကျောင်းရှိပြီး ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ကြားချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ယနေ့မွန်းလွဲ ၃ နာရီခွဲတိုင်းထွာချက်များအရ ထိုင်းနိုင်ငံတောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၁၂ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းသို့ ရောက်ရှိပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

*✻ ကျောဖုံးမှ*

နှစ်ယောက်တွဲပြိုင်ပွဲ၊ စနူကာ တစ်ဦးချင်းပြိုင်ပွဲ၊ စနူကာ 6 Red ပြိုင်ပွဲ၊ Pool 9 Ball တစ်ဦးချင်းအမျိုးသားပြိုင်ပွဲ နှင့် Pool 10 Ball တစ်ဦးချင်းအမျိုးသားပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာဘိလိယက်အဖွဲ့သည် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၉ ခုနှစ် အကြိမ် (၃၀) မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခုရရှိကာ မြန်မာအားကစားအဖွဲ့များတွင် အအောင်မြင်ဆုံးဖြစ်ခဲ့သည်။ လာမည့်ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၂ ခုနှစ် မေလတွင် ဗီယက်နမ် နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင့်**

*❍ ကျောဖုံးမှ*

ဘာစီလိုနာအသင်းအတွက် ၂၈ ဂိုး၊ ပီအက်စ်ဂျီအသင်း အတွက် လေးဂိုး၊ အာဂျင်တီးနားအသင်းအတွက် ရှစ်ဂိုး စုစုပေါင်း ဂိုး ၄၀ သွင်းယူပေးထားနိုင်သည်။

မက်ဆီနှင့်အပြိုင် ဆုရဖွယ်ရှိသည်ဟု သတင်း ထွက်ပေါ်နေသည့် လီဝမ်ဒေါစကီးသည် မက်ဆီထက် ၃၃ မဲနည်းပြီး ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ သို့သော်လည်း တိုက်စစ်မှူး လီဝမ်ဒေါစကီးသည် ၂၀၂၁ ခုနှစ်အတွင်း ပြိုင်ပွဲစုံ သွင်းဂိုး ၅၃ ဂိုး သွင်းယူပေးထားနိုင်သည့်အတွက် ယခုနှစ်တွင် ထည့်သွင်းပေးအပ်သည့် အကောင်းဆုံးတိုက်စစ်မှူးဆုကို လက်ခံရရှိခဲ့သည်။

အမျိုးသမီး ဘလွန်းဒီအောဆုကို ဘာစီလိုနာအသင်းခေါင်းဆောင်ပူတဲလပ်စ်သည် ပထမဆုံးအကြိမ် ရရှိခဲ့သည်။ အသက် ၂၇ နှစ်အရွယ် ပူတဲလပ်စ်သည် ချန်ပီယံလိဂ်ဗိုလ်လုပွဲ၌ ဘာစီလိုနာက ချယ်ဆီးကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ယူပြီး ပထမဆုံးအကြိမ်ဖလားဆွတ်ခူးရာတွင် အရေးပါသည့် ကစားသမားတစ်ဦး ဖြစ်သည်။

အသက် ၁၉ နှစ်ရှိ ဘာစီလိုနာကွင်းလယ်ကစား သမားပက်ဒရီသည် အင်္ဂလန်ကစားသမားများဖြစ်သည့် ဘယ်လင်ဂမ်၊ ဂရင်းဝုဒ်နှင့် ဆာကာတို့ကို ကျော်ဖြတ်ကာ အသက် ၂၁ နှစ်အောက် တစ်နှစ်တာ အကောင်းဆုံး လူငယ်ကစားသမားဆုဖြစ်သည့် Kopa Trophy ကို လက်ခံရရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် အီတလီအသင်းကို ယူရိုဖလားရရှိအောင် ကူညီပေးထားနိုင်သည့် ပီအက်စ်ဂျီအသင်း ဂိုးသမားဒွန်နာရမ်မာသည် တစ်နှစ်တာ အကောင်းဆုံး ဂိုးသမားဆုဖြစ်သည့် Yashin Trophy ဆုကို လက်ခံရရှိခဲ့သည်။ ချယ်ဆီးအသင်းတွင် လက်စွမ်းပြသထားနိုင်သည့် ဂိုးသမား မန်ဒီက ဒွန်နာရမ်မာ၏အောက် ဒုတိယနေရာသာ ရရှိခဲ့သည်။ ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့သည့် ချယ်ဆီးအသင်းသည် တစ်နှစ်တာ အကောင်းဆုံးကလပ်အသင်းဆုကို ရရှိခဲ့သည်။

မန်ယူတိုက်စစ်မှူး စီရော်နယ်ဒိုသည် ဘလွန်းဒီ အောဆုဆန်ခါတင်စာရင်း၌ နံပါတ်ခြောက်နေရာတွင်သာ ရပ်တည်နိုင်ခဲ့ပြီး အသင်းဖော် ဖာနန်ဒက်စ်က နံပါတ် ၂၁ နေရာတွင် ရပ်တည်နိုင်ခဲ့သည်။

**အောင်ဇော်**

## နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ရတနာမဥ္ဇူကျောင်း ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း



ဆရာတော် လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ ကသစ်ပင်ရွာတွင် ခမည်းတော် ဦးညီဘ၊ မယ်တော် ဒေါ်မြတို့မှ ၁၂၉၂ ခုနှစ်၊ ပြာသိုလဆန်း (၉)ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၆-ခုနှစ်တွင် ကသစ်ပင်ရွာ၊ ရွှေသာလျောင်းဆရာတော် ဘဒ္ဒန္တပညာသာရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၂-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၂) ရက်နေ့တွင် ဆည်တောကျောင်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒကို ဥပဇ္ဈာယ်ပြု၍ ရွှေသာလျောင်းကျောင်း ခဏ္ဍသိမ်၌ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်သည် ကသစ်ပင်ရွာကျောင်းဆရာတော် ဘဒ္ဒန္တပညာသာရ၊ တောင်သာမြို့၊မြင်းတည်းအရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တဝိဇယ၊ ဘဒ္ဒန္တဥတ္တရ၊ မန္တလေးမြို့၊ ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တနာရဒ၊ အမရပူရ ဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ၊ နယားဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ၊ ဘဒ္ဒန္တနန္ဒဝံသ စသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများသင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၂၃ ခုနှစ်မှစ၍ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်တွင် စာသင်သားရဟန်း/ သာမဏေများအားစာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ တိပိဋကပါဠိပဒကျမ်းညွှန်းနှင့် တိပိဋက ပါဠိမြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့တွင် ပါဝင်ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်သြဝါဒါစရိယဆရာတော်အဖြစ် စသော သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ရတ္တညူမဟာ နာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိ ဝိသာရဒဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၁ ခုနှစ်တွင် “အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ”ဘွဲ့၊ ၂၀၀၁ ခုနှစ်တွင် “အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၂)နှစ်၊ သိက္ခာတော်(၇၂) ဝါအရ ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၁)ရက်၊ (၂၉-၁၁-၂၀၂၁)၊ တနလ်ာနေ့၊ မွန်းတည့်(၁၂:၀၀)နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနကို (၃၀-၁၁-၂၀၂၁)ရက်၊ မွန်းလွဲ(၁:၀၀) နာရီအချိန်တွင် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

**သတင်းစဉ်**

# အိုမီခရွန်နှင့်ပတ်သက်၍ တည်တည်ငြိမ်ငြိမ်ရှိကြရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တောင်းဆို



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်

**ဝါရှင်တန် နိုဝင်ဘာ ၃၀**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ကိုဗစ် -၁၉ မျိုးကွဲ အိုမီခရွန်နှင့် ပတ်သက်၍ အစိုးရကို စိတ်ချရန် နိုဝင်ဘာ ၂၉ ရက်က မိန့်ခွန်းပြောကြားခဲ့သည်။

အိုမီခရွန်ကူးစက်မှုများ အနေးနှင့်အမြန် ဆိုသလို တွေ့ရှိလာမည်ဖြစ်ကြောင်း၊ သို့သော်လည်း အဆိုပါမျိုးကွဲမှာ စိုးရိမ်ရမည့်အရာဖြစ်ပြီး အကြောက်မလွန်သင့်ဟုလည်း ၎င်းက ဆက်ပြောသည်။

အမေရိကန်သည် ဗိုင်းရပ်စ်ကို တိုက်ဖျက်ရန်အတွက် ကိရိယာ ပိုမိုစုံလင်ကြောင်း သမ္မတကပြောသည်။ မျိုးကွဲသစ်များကို ကာကွယ်ရန်မှာ ကာကွယ်ဆေးအပြည့်ထိုးထားခြင်းပင် ဖြစ်သည်ဟု သမ္မတက ပြောသည်။

ကာကွယ်ဆေးကို အဆင့်မြှင့်တင်ရန်လည်း ကာကွယ်ဆေးထုတ်လုပ်သူများနှင့် ၎င်းတို့၏ အစိုးရအဖွဲ့ဝင်များ အတူ ကြိုးစားလုပ်ကိုင်လျက်ရှိကြောင်း ပြောသည်။ အသေးစိတ်မူဝါဒများကို ဖော်ပြသွားမည်ဖြစ်သည်ဟုလည်းပြောသည်။

အမေရိကန်သမ္မတသည် တောင်အာဖရိကနှင့် အိမ်နီးချင်းနိုင်ငံများအပေါ် ခရီးသွားလာမှု ကန့်သတ်သွားမည်ဖြစ်သည်။ သို့သော်လည်း နောက်ထပ်ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များကို ထပ်မံလုပ်ဆောင်ရန် အစီအစဉ်မရှိဟုလည်း သမ္မတဘိုင်ဒင်ကပြောသည်။ **အင်န်အိတ်ချ်ကေ**



ဧပြီလအတွင်းက အီရန်နှင့်အမေရိကန်ကြား သွယ်ဝိုက်သောဆွေးနွေးပွဲတွင် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီတို့မှ အရာရှိများ တက်ရောက်ကြစဉ်။

# ငါးလကြာရပ်ဆိုင်းပြီးနောက် အီရန်နျူကလီးယားဆွေးနွေးပွဲ ပြန်လည်စတင်

**တီဟီရန် နိုဝင်ဘာ ၃၀**

၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူညီမှုနှင့် ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုနှင့် အီရန်နိုင်ငံတို့ကြား သွယ်ဝိုက်သော ဆွေးနွေးပွဲကို ငါးလကြာ ရပ်နားပြီးနောက် ပြန်လည်စတင်ကြောင်း သိရသည်။

နောက်ဆုံးအကျော့ဆွေးနွေးညှိနှိုင်းပွဲကို နိုဝင်ဘာ ၂၉ ရက်က ဗီယင်နာမြို့၌ ကျင်းပခဲ့ပြီး ဥရောပသမဂ္ဂမှ အရာရှိများသည် စေ့စပ်ညှိနှိုင်းသူများအဖြစ် ပါဝင်ခဲ့ကြသည်။

အီရန်သမ္မတအဖြစ် အမေရိကန်များအပေါ် သဘောထားတင်းမာသူ အီဘရာဟင် ရိုင်စီ ဩဂုတ်လအတွင်း အာဏာရရှိလာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဆွေးနွေးပွဲစတင်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုက ၂၀၁၅ အီရန်နျူကလီးယားသဘောတူညီမှုမှ တစ်ဖက်သတ် နုတ်ထွက်ခဲ့ပြီး အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှုများ လုပ်ကိုင်ခဲ့ပြီးနောက် အီရန်က ပြန်လည်တုံ့ပြန်သည့် အနေဖြင့် ယူရေနီယံ သန့်စင်မှုများကို တိုးမြှင့်လုပ်ဆောင်ခဲ့သည်။

သွယ်ဝိုက်သော ဆွေးနွေးပွဲ ပြုလုပ်ခဲ့သော်လည်း အီရန်နှင့် အမေရိကန်တို့ကြား မတူညီမှုများ ရှိနေဆဲဖြစ်သည်။ ၂၀၁၅ ခုနှစ် နျူကလီးယား သဘောတူညီမှု ဆက်လက်ရှင်သန်စေရေးအတွက် အမေရိကန်နှင့် ကမ္ဘာ့အင်အားကြီး နိုင်ငံများသည် အဆိုပါ သဘောတူညီမှုမှ နောက်မဆုတ်ရန် သေချာရမည်ဟု အီရန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး အလီဘက်ဂါရီကာနီကပြောသည်။

အီရန်အပေါ် ပိတ်ဆို့မှုအသစ်များ ထပ်မံမလုပ်တော့ဟုလည်း အာမခံရမည်ဟု ၎င်းက ဆက်ပြောသည်။ အဆိုပါ ကတိများမှာ အရေးအကြီးဆုံးအရာများဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ နိုဝင်ဘာ ၃၀ ရက်နှင့် နောက်ပိုင်းရက်များတွင် အီးယူမှအရာရှိများ အလုပ်သဘော ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်မည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**

# တူရကီ၌ အင်အားပြင်းထန်သည့် လေမုန်တိုင်းကြောင့် လေးဦးသေဆုံးပြီး ၁၉ ဦးဒဏ်ရာရ

**အစ္စတန်ဘူလ် နိုဝင်ဘာ ၃၀**

တူရကီနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အစ္စတန်ဘူလ်တွင် အင်အားပြင်းထန်သည့် အနောက်မြောက် လေမုန်တိုင်း နိုဝင်ဘာ ၂၉ ရက်က တိုက်ခတ်ခဲ့ရာ လူလေးဦး သေဆုံးခဲ့သည်ဟု အစ္စတန်ဘူလ် အုပ်ချုပ်ရေးမှူးရုံးက ပြောသည်။

ဒဏ်ရာရရှိသူ ၁၉ ဦးရှိပြီး သုံးဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိသည်ဟု သိရသည်။ မော်တော်ယာဉ်များ ပျက်စီးဆုံးရှုံးမှုရှိပြီး အဝေးပြေးကားများ နောက်ပြန်လှည့်ခဲ့ရကြောင်း၊ နာရီစင်တစ်ခုလည်း လဲပြိုသွားကြောင်း သိရသည်။

သစ်ပင်ပေါင်း ၁၈၂ ပင် ပြိုလဲသွားသည်ဟုလည်း အစ္စတန်ဘူလ်မြို့ အုပ်ချုပ်ရေးအဖွဲ့ကပြောသည်။ မြို့အတွင်း အကြို့အပို့ ဝန်ဆောင်မှုအားလုံးကိုလည်း ရပ်နားထားရသည်။

လေကြောင်းပျံသန်းမှုများကိုလည်း အခြားမြို့များသို့ဦးတည်ပျံသန်းစေခဲ့သည်။ ပင်လယ်နက်နှင့် မာမာရာပင်လယ်ကြား ရေလက်ကြားကို ပိတ်ထားခဲ့ရပြီး နှစ်ဖက်စလုံးတွင် ပင်လယ်ရေကြောင်းသွားလာမှုကို ပိတ်ထားခဲ့ရသည်။

**ဆင်ဟွာ**



တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ လေပြင်းတိုက်ခတ်မှုကြောင့် အခက်တွေ့နေရသည့် လမ်းသွားလမ်းလာသူကို တွေ့ရစဉ်။

# အာဖရိက ၁၀ နိုင်ငံမှ ခရီးသွားများကို ကမ္ဘောဒီးယားပိတ်ပင်

**ဖနောင်ပင် နိုဝင်ဘာ ၃၀**

ကမ္ဘောဒီးယားနိုင်ငံသည် အာဖရိက ၁၀ နိုင်ငံအပေါ် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်ကို နိုဝင်ဘာ ၂၉ ရက်က ချမှတ်ခဲ့သည်ဟု သိရသည်။

ကိုဗစ် -၁၉ မျိုးကွဲ အိုမီခရွန် ကူးစက်မှုများကြောင့် ယခုလို ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီး မမ် ဘန်ဟမ်က ပြောသည်။ ကန့်သတ်ချက်များချမှတ်ခဲ့သည့် ၁၀ နိုင်ငံမှာ ဘော့ဆွာနာ၊ အက်စ်ဝါတနီ၊ လီဆိုသို၊ မိုဇမ်ဘစ်၊နမ်မီးဘီးယား၊ တောင်အာဖရိက၊ ဇင်ဘာဘွေ၊ မာလာဝီ၊ အင်ဂိုလာနှင့်ဇမ်ဘီယာတို့ဖြစ်ကြ သည်။

ပြီးခဲ့သည့် သုံးပတ်အတွင်း အဆိုပါနိုင်ငံ ၁၀ နိုင်ငံသို့ ခရီးသွားခဲ့ကြသည့်သူများကိုလည်း ကမ္ဘောဒီးယားနိုင်ငံသို့ ပြည်ဝင်ခွင့်ပိတ်ပင်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# အိုမီခရွန်အတွက် ကာကွယ်ဆေး ရက် ၁၀၀ အတွင်း အဆင်သင့်ဖြစ်နိုင်ဟု ဖိုက်ဇာကုမ္ပဏီပြော

**နယူးယောက် နိုဝင်ဘာ ၃၀**

ကိုဗစ် -၁၉ မျိုးကွဲ အိုမီခရွန်အတွက် ကာကွယ်ဆေးအသစ်ကို ရက်ပေါင်း ၁၀၀ အတွင်း အဆင်သင့်ဖြစ်နိုင်ကြောင်း အမေရိကန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီးဖြစ်သည့် ဖိုက်ဇာကုမ္ပဏီက ပြောသည်။

ဖိုက်ဇာကုမ္ပဏီမှ စီအီးအိုဖြစ်သူ အဲလ်ဘတ်ဘော်ရယ်လာက အမေရိကန်တီဗွီကွန်ရက်နှင့် အင်တာဗျူးတွင် ပြောကြားခဲ့သည်။

အကယ်၍ လက်ရှိ ကိုဗစ် -၁၉ ကာကွယ်ဆေးမှာ ကာကွယ်ပေးနိုင်စွမ်းလျော့နည်းလျှင် ဖိုက်ဇာကုမ္ပဏီသည် ကာကွယ်ဆေးအသစ်ထုတ်လုပ်ရန်လိုအပ်ကြောင်း ၎င်းက ပြောသည်။

ကာကွယ်ဆေးအတွက် လုပ်ဆောင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်းကိုလည်း ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိကာကွယ်ဆေး အလုပ်မဖြစ်မှသာလျှင် အိုမီခရွန်အတွက် ကာကွယ်ဆေးကို ထုတ်လုပ်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဖိုက်ဇာမှ ကိုဗစ် -၁၉ သောက်ဆေးကိုလည်း ထုတ်လုပ်ထားကြောင်း ၎င်းက ဆက်ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းကိုဗစ်-၁၉ မျိုးစိတ်သစ်တစ်မျိုးဖြင့် ကူးစက်ထိတွေ့ခဲ့သူတစ်ဦးကိုတွေ့ရှိ

တိုကျို နိုဝင်ဘာ ၃၀

**ဂျပန်နိုင်ငံတွင် အိုမီခရွန်ဗီဇပြောင်းကိုဗစ်-၁၉ မျိုးစိတ်သစ်တစ်မျိုးဖြင့် ကူးစက်ထိတွေ့ခဲ့သူ တစ်ဦး ရှိကြောင်း ဂျပန်အစိုးရက နိုဝင်ဘာ ၃၀ ရက်က ပြောကြားခဲ့သည်။**

ကူးစက်ထိတွေ့ခဲ့သူမှာ အသက် ၃၀ ဝန်းကျင်ရှိပြီး နမ်မီးဘီးယားမှ ရောက်လာသူဖြစ်သည်။ ၎င်းရောက်လာသည့် တနင်္ဂနွေနေ့မှာပင် တိုကျိုအနီး နာရီတာလေဆိပ်တွင် ကိုဗစ်-၁၉ စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ဗီဇပြောင်း ကိုဗစ်-၁၉ မျိုးစိတ်တစ်မျိုးဖြစ်သည့် အိုမီခရွန် ကူးစက်ဖြစ်ပွားလာမှုအပေါ် အလွန်အမင်းစိုးရိမ်သောကြောင့် နိုဝင်ဘာ ၂၉ ရက်က ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါးက အစိုးရသည် နိုင်ငံခြားခရီးသွားများအားလုံးကို ဝင်ခွင့်ပိတ်ရန် တိုက်တွန်းပြောကြားထားသည်။

အဆိုပါဆောင်ရွက်ချက်ကို နိုဝင်ဘာ ၃၀ ရက်ကတည်းက စတင်ခဲ့ပြီး အနည်းဆုံး တစ်လကြာမြင့်မည်ဖြစ်သည်။ ဂျပန်နိုင်ငံသားများနှင့် ဂျပန်နိုင်ငံတွင် နေထိုင်သော နိုင်ငံခြားသားများအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသော နေရာများမှ လာရောက်ပါက အစိုးရသတ်မှတ်နေရာများတွင် ၁၀ ရက်ထက်မနည်း သွားလာကန့်သတ်မှု ခံယူရမည်ဖြစ်ကြောင်း သိရသည်။

အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ ကို တောင်အာဖရိက ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ လွန်ခဲ့သော သီတင်းပတ်က အစီရင်ခံဖော်ပြခဲ့သည်။ ယခုချိန်အထိ ဥရောပနိုင်ငံအများစု၊ ဩစတြေးလျ၊ ကနေဒါ၊ အစ္စရေး၊ တရုတ်နိုင်ငံ ဟောင်ကောင်တို့တွင် ဗီဇပြောင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း အတည်ပြုဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ဖူးသူများကိုလည်း နောက်တစ်ဖန် ပြန်လည်ကူးစက်ပျံ့နှံ့နိုင်ပြီး ကူးစက်ဖြစ်ပွားမှု မြန်ဆန်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောထားသည်။

ဆင်ဟွာ



ဂျပန်နိုင်ငံ တိုကျို၊ နာရီတာလေဆိပ်ရှိ ပြည်ပထွက်ခွာ စစ်ဆေးရေးဧရိယာကို နိုဝင်ဘာ ၃၀ ရက်က တွေ့ရစဉ်။

# တောင်ကိုရီးယားတွင် ကိုဗစ်-၁၉ ကူးစက်သူ ၃၀၀၀ အထက် ရောက်ရှိခဲ့သည်မှာ ခုနစ်ရက်ရှိလာ

ဆိုးလ် နိုဝင်ဘာ ၃၀

တောင်ကိုရီးယားနိုင်ငံတွင် နိုဝင်ဘာ ၂၉ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ပါက ၃၀၃၂ ဦး တိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်သူ ၄၄၇၂၃၀ အထိ ရှိလာခဲ့ကြောင်း သိရသည်။

နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယမန်နေ့က အမြင့်ဆုံး ကူးစက်သူ အရေအတွက် ၃၃၀၉ ဦးထက် လျော့နည်းခဲ့သော်လည်း ကိုဗစ်-၁၉ ကူးစက်သူ ၃၀၀၀ အထက် ရောက်ရှိခဲ့သည်မှာ ခုနစ်ရက်ရှိလာပြီဖြစ်သည်။

မကြာသေးမီက မြင့်တက်လာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် ဆိုးလ်ဒေသ၏ ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားမှုကြောင့် ဖြစ်ကြောင်း သိရသည်။

ထပ်မံသော ကိုဗစ်-၁၉ ကူးစက်သူများအနက် ၁၁၇၆ ဦးမှာ ဆိုးလ်ဒေသခံများ ဖြစ်ကာ ၉၀၇ ဦးမှာ ချုံဂီပြည်နယ်မှဖြစ်ပြီး ၁၉၁ ဦးမှာ အင်ချွန်မှ ဖြစ်သည်။

ပြည်ပကူးစက်သူ ၂၉ ဦးနှင့်အတူ စုစုပေါင်း ပြည်ပကူးစက်သူ အရေအတွက် ၁၅၇၂၅ ဦးအထိ ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ခံထားရပြီး စိုးရိမ်ရသော အခြေအနေ ခံစားနေရသူ ၆၆၁ ဦး အထိ တိုးလာခဲ့ပြီး ယမန်နေ့ကထက် ၃၂ ဦး လျော့လာခဲ့သည်။

ကိုဗစ်-၁၉ ကြောင့် ၄၄ ဦး ထပ်မံ သေဆုံးခဲ့သောကြောင့် စုစုပေါင်း သေဆုံးသူ ၃၆၂၄ ဦး အထိရှိလာခဲ့ပြီး သေဆုံးနှုန်းမှာ ၀ ဒသမ ၈၁ ရာခိုင်နှုန်းရှိသည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် အစုလိုက် ကာကွယ်ဆေးထိုးမှုများ စတင်ပြုလုပ်ခဲ့ချိန်မှစကာ ယခုအချိန်အထိ လူပေါင်း ၄၂၅၄၄၆၈၂ ဦး စုစုပေါင်း နိုင်ငံ့လူဦးရေ၏ ၈၂ ဒသမ ၉ ရာခိုင်နှုန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးခဲ့ပြီးဖြစ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးသူပေါင်း ၄၁၀၁၁၄၁၅ ဦး သို့မဟုတ် ၇၉ ဒသမ ၉ ရာခိုင်နှုန်း ရှိပြီဖြစ်ပြီး အပိုဆောင်း ကာကွယ်ဆေးထိုးပြီးသူ ၃၀၂၉၂၂၄ ဦးရှိသည်။

ဆင်ဟွာ



တောင်ကိုရီးယားနိုင်ငံရှိ ဆေးရုံတစ်ရုံ၏ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေသော ကိုဗစ်-၁၉ လူနာများကို စောင့်ကြည့် တီဗွီမှတစ်ဆင့်တွေ့ရစဉ်။

# လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများတိုးလာ

ဗီယင်ကျန်း နိုဝင်ဘာ ၃၀

လာအိုနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ တိုးလာခဲ့ရာ နိုဝင်ဘာ ၃၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၂၉၁ ဦး ရှိလာခဲ့သောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၇၃၇၃၈ ဦးအထိ ရှိလာခဲ့သည်။

ထပ်မံကူးစက် ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အားလုံးသည် ပြည်တွင်းကူးစက်မှုများ ဖြစ်ကြသည်။ လွန်ခဲ့သော ၂၄ နာရီက နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၆၂၇၃ ခု လုပ်ဆောင်ခဲ့ကြောင်း ကူးစက်ရောဂါထိန်းချုပ်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဆီဆာဗက်သ်ဆောက်သာနီရာဆေးက လာအိုမြို့တော် ဗီယင်ကျန်းတွင် ပြုလုပ်ခဲ့သော သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်သူ ၆၁၅ ဦးရှိသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လေးဦးထပ်မံသေဆုံးခဲ့မှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၇၀ ရှိလာကြောင်း ဆီဆာဗက်သ်က ပြောသည်။ သေဆုံးသူအားလုံးမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးထားသူများ ဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

လာအိုနိုင်ငံတွင် လွန်ခဲ့သော နှစ် မတ် ၂၄ ရက်တွင် ကိုဗစ်-၁၉ ကူးစက်သူနှစ်ဦးကို ပထမဆုံး အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူ ၅၅၁ ရက်အတွင်း အနည်းဆုံးဖြစ်

နယူးဒေလီ နိုဝင်ဘာ ၃၀

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၉၉၀ ရှိလာသောကြောင့် နိုဝင်ဘာ ၃၀ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၅၈၇၈၂၂ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

၂၄ နာရီအတွင်း အသစ်ထပ်မံကူးစက်သော ကိုဗစ်-၁၉ ဖြစ်ပွားသူသည် ၅၅၁ ရက်အတွင်း အနည်းဆုံးဖြစ်ခဲ့သည်။ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၉၀ ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၆၈၉၈၀ အထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း လတ်တလောကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၀၀၅၄၃ ဦး အထိရှိပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်သူ ၃၃၁၆ ဦး လျော့နည်းလာခဲ့သည်။ ရက်ပေါင်း ၅၄၆ ရက်အတွင်း အိန္ဒိယ၏ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် အနည်းဆုံးဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ စုစုပေါင်း ၃၄၀၁၈၂၉၉ ဦးရှိလာပြီဖြစ်သည်။ အဆိုပါပမာဏအနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းလာသူ ၁၀၁၁၆ ဦးရှိသည်။

ဆင်ဟွာ

# အသက် ၆၀ နှင့်အထက် တရုတ်လူမျိုး ၂၁၅ သန်းကျော် အနည်းဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးဖြစ်

ပေကျင်း နိုဝင်ဘာ ၃၀

အသက် ၆၀ နှင့်အထက် တရုတ်လူမျိုး ၂၁၅ သန်းကျော်မှာ အနည်းဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း သိရသည်။ အဆိုပါပမာဏအနက် ၂၀၆ သန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးပြီးပြီဖြစ်ကြောင်း ကျန်းမာရေးအရာရှိတစ်ဦးက နိုဝင်ဘာ ၃၀ ရက်က ပြောခဲ့သည်။

စေတနာ့ဝန်ထမ်း ကာကွယ်ဆေးထိုးမှုများသည် တဖြည်းဖြည်းနှင့် တရုတ်နိုင်ငံတစ်ဝန်း လွှမ်းခြုံနိုင်တော့မည်ဖြစ်ကြောင်း အမျိုးသား ကျန်းမာရေးကော်မတီမှ အရာရှိတစ်ဦးဖြစ်သူ ကျီဂန်က ပြောသည်။

အမျိုးသားစာရင်းအင်း ဗျူရိုက လွန်ခဲ့သော မေလတွင် ထုတ်ပြန်ခဲ့သော စာရင်းများအရ တရုတ်ပြည်မကြီးရှိ အသက် ၆၀ အထက် လူဦးရေမှာ ၂၆၄ ဒသမ ၀၂ သန်းရှိလာကြောင်း သိရသည်။ **ဆင်ဟွာ**



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် တို့ဖတ်နမူနာ ရယူနေသည်ကို တွေ့ရစဉ်။

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

---

## မောင်တောမြို့၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် အဆင့်မြင့် အမျိုးသမီးအိမ်တွင်းမှု စက်ချုပ်သင်တန်းဖွင့်

**မောင်တော နိုဝင်ဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၂) ဖွင့်ပွဲကို ယနေ့နံနက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦးက ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် တစ်ဦးချင်းဝင်ငွေ တိုးပွားလာခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချစေနိုင်ရေး စသည့်လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုနိုင်စေနိုင်ရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာကြည်က သင်တန်းတွင် ပို့ချမည့် ဘာသာရပ်များနှင့် သင်တန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ကျေးလက်ဒေသများမှ တိုင်းရင်းသူများ တက်ရောက်ကြပြီး မောင်တောမြို့နယ်မှ ၃၃ ဦး၊ ဘူးသီးတောင်မြို့နယ်မှ ခြောက်ဦး၊ စစ်တွေမြို့နယ်မှ တစ်ဦး စုစုပေါင်း ၄၀ တက်ရောက်သင်ယူကြောင်း၊ သင်တန်းကာလမှာ ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

---

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
နှင်းဆီမျိုး ဂျာနယ်
ထွက်ရှိ



၁-၁၂-၂၀၂၁ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၂၃)တွင်
- မိသားစု စားဖိုဆောင်အတွက် အရေးပါတဲ့ အာလူး
- အုန်းပိုးများသေစေနိုင်ပြီး အုန်းသီးများများသီးသောနည်း
- ပြည်ပပို့ကုန်အတွက် မြန်မာ့ကြယ်ပဲ
- ဈေးကွက်ကောင်းမွန်နိုင်မာသည့် ဝဥပင်စိုက်ပျိုးရေးအကြောင်း သိကောင်းစရာ
- ငါးသယံဇာတများ တိုးပွားစေရေး ကြိုးပမ်းဆောင်ရွက်ပေး
- ဝက်မွေးမြူသူများ သိထားသင့်သော ဝက်ဝမ်းကျရောဂါ
- အမျှင်ဓာတ်ကြွယ်ဝပြီး အာဟာရစုံလင်သော ပန်းသီးတစ်လုံးစားသုံးခြင်း အကျိုး
- ရာသီကူးပြောင်း မပေါ့ဆသင့်သော ရာသီတုပ်ကွေးဗိုင်းရပ်စ်အကြောင်း အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်

တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

---

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# နိုဝင်ဘာ ၃၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၄၇၁ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ ၇ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၁၀၄ ဦးရှိ

(၃၀-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၁၁-၂၀၂၁) ရက် နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၁,၉၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၇၁) ဦး**တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် **ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၁၅) ရာခိုင်နှုန်း** ရှိပါသည်။


သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၅၈၃,၉၀၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၂,၄၀၂) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅၈၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၉၇,၂၄၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၁၀၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၃၀-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၅၆၄) ခု | (၇၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၁) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၅၅) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈၇) ခု | (၄၉) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၄) ခု | (၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၀၅) ခု | (၁၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၄၀) ခု | (၁၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၇,၁၈၁) ခု | (၂၉၉) ဦး |
| စုစုပေါင်း | (၂၁,၉၀၇) ခု | (၄၇၁) ဦး |

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်းရောဂါဖြစ်ပွားမှု အခြေအနေ
(၂၇-၅-၂၀၂၁ မှ ၂၉-၁၁-၂၀၂၁)




- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျ စည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါ စောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာ တွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်းလျော့နည်းကျဆင်းလာခဲ့ပြီး ရောဂါ ပိုးတွေ့ရှိမှုနှုန်းမှာ လွန်ခဲ့သော (၁၂) ရက်ဆက်တိုက် (၃) ရာခိုင်နှုန်းအောက်အထိ လျော့နည်းကျဆင်း လာခဲ့ကြောင်း တွေ့ရှိရပါသည်။
- ယခုဖြစ်ပွားနေဆဲဖြစ်သည့် တတိယလှိုင်းကာလအတွင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု မြင့်မားခဲ့သောမြို့နယ် (၁၁၉) မြို့နယ်အား နေအိမ်တွင်နေထိုင်ရေး အစီအစဉ် (Stay at home) သတ်မှတ်ဆောင်ရွက်၍ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက် ခဲ့ရာတွင် လူနာသစ်တွေ့ရှိရမှုနှင့် ပိုးတွေ့ရှိနှုန်း လျော့နည်းကျဆင်းလာသော မြို့နယ်များအား (Stay at home) မြို့နယ်အဖြစ်မှ ဖြေလျှော့ပေးလျက်ရှိရာ ယနေ့အထိ နေအိမ်တွင်နေထိုင်ရေး အစီအစဉ်တွင် ဆက်လက်အကျုံးဝင်နေသည့် မြို့နယ် (၁၁) မြို့နယ်သာ ကျန်ရှိပါသည်။
- ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် လူမှုစီးပွားလုပ်ငန်းများ အမြန်ဆုံးပုံမှန်ပြန်လည် လည်ပတ်နိုင်ရန်အတွက် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိသော်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ပြန်လည်မြင့်တက်လာနိုင်သည့် အခြေအနေကို သတိပြုကာကွယ်ရမည် ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at home) တွင် ဆက်လက်ပါဝင်သည့် မြို့နယ် များတွင် နေထိုင်သူများအနေဖြင့်လည်းကောင်း၊ နေအိမ်တွင်နေထိုင်ရေးအစီအစဉ် (Stay at home)တွင် ဆက်လက်ပါဝင်ခြင်းမရှိတော့သည့် မြို့နယ်များတွင်လည်းကောင်း၊ နေအိမ်တွင် နေထိုင်ရေးအစီအစဉ် (Stay at home)တွင် ပါဝင်ခဲ့ခြင်းမရှိခဲ့သည့် မြို့နယ်များတွင်လည်းကောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်၍ သတိပြုလိုက်နာဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူခြင်းနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ ကဏ္ဍအလိုက် ယခုထက်ပိုမိုပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ၃၀- ၁၁ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၉၃၀၁၀၇၀ | ၃၉၀၃၂၂၅၅ | ၈၀၁၃၂၆ |
| ၂။ | အိန္ဒိယ | ၃၄၅၈၇၈၂၂ | ၃၄၀၁၈၂၉၉ | ၄၆၈၉၈၀ |
| ၃။ | ဘရာဇီး | ၂၂၀၈၄၇၄၉ | ၂၁၃၀၄၁၁၅ | ၆၁၄၄၂၈ |
| ၄။ | ဗြိတိန် | ၁၀၁၈၉၀၅၉ | ၉၀၂၅၇၇၃ | ၁၄၄၈၁၀ |
| ၅။ | ရုရှား | ၉၆၃၆၈၈၁ | ၈၃၂၉၂၅၃ | ၂၇၅၁၉၃ |
| ၆။ | တူရကီ | ၈၇၇၀၃၇၂ | ၈၃၀၁၈၈၃ | ၇၆၆၃၅ |
| ၇။ | ပြင်သစ် | ၇၆၂၈၃၂၇ | ၇၁၁၃၁၄၁ | ၁၁၉၀၁၆ |
| ၈။ | အီရန် | ၆၁၁၇၄၄၅ | ၅၈၈၃၄၇၀ | ၁၂၉၈၃၀ |
| ၉။ | ဂျာမနီ | ၅၈၂၅၅၄၃ | ၄၈၉၃၃၀၀ | ၁၀၁၆၅၂ |
| ၁၀။ | အာဂျင်တီးနား | ၅၃၂၈၄၁၆ | ၅၁၉၂၄၀၄ | ၁၁၆၅၅၄ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၃၀– ၁၁ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၆၄၀၉ | ၄၁၀၄၆၅၇ | ၁၄၃၈၃၀ |
| ဖိလစ်ပိုင် | ၂၈၃၂၇၃၄ | ၂၇၆၈၃၈၉ | ၄၈၅၄၅ |
| မလေးရှား | ၂၆၂၇၉၀၃ | ၂၅၃၂၀၃၆ | ၃၀၃၇၀ |
| ထိုင်း | ၂၁၁၅၈၇၂ | ၂၀၁၉၄၂၈ | ၂၀၇၆၉ |
| ဗီယက်နမ် | ၁၂၃၈၀၈၂ | ၉၈၉၃၄၈ | ၂၅၂၅၂ |
| မြန်မာ | ၅၂၂၄၀၂ | ၄၉၇၂၄၉ | ၁၉၁၀၄ |
| စင်ကာပူ | ၂၆၃၄၈၆ | ၂၅၀၁၃၄ | ၇၁၀ |
| ကမ္ဘောဒီးယား | ၁၂၀၁၃၄ | ၁၁၆၅၀၇ | ၂၉၄၀ |
| လာအို | ၇၃၇၃၈ | ၆၂၀၃၁ | ၁၇၀ |
| ဘရူနိုင်း | ၁၅၀၅၈ | ၁၄၄၅၁ | ၉၇ |

# ၂၆-၁၁-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၀/၂၀၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးတို့က သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

*(ယမန်နေ့မှအဆက်)*

ဆက်လက်ပြီး **နေပြည်တော် Online Agency သတင်းဌာနမှ အယ်ဒီတာ ဦးမင်းမောင်**က ရှင်းလင်းသွားသည့်အချက်များသည် သတင်းအချက်အလက်များဖြစ်သည်ကို သိပါကြောင်း၊ ယခုတင်ပြသည့်ပြဿနာသည် ရပ်ကွက်အတွင်း ဖြစ်နေသည့်ပြဿနာကိုမေးမြန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သတင်းထောက်ကြီးအနေဖြင့် တစ်နိုင်ငံလုံးတွင် ရပ်ကွက်မည်မျှရှိသည်ကို သိပါသလဲဟုမေးမြန်းရာ **နေပြည်တော် Online Agency သတင်းဌာနမှ အယ်ဒီတာ ဦးမင်းမောင်**က ရပ်ကွက်မည်မျှရှိသည်ကို မိမိအနေဖြင့် စာရင်းအတိအကျ မရှိပါကြောင်း ဖြေကြားသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သတင်းထောက်ကြီးအား တိုင်ကြားထားသည့်ရပ်ကွက် မည်မျှရှိသလဲဟုမေးမြန်းရာ **နေပြည်တော် Online Agency သတင်းဌာနမှ အယ်ဒီတာ ဦးမင်းမောင်**က မိမိထံတွင် တိုင်ကြားထားသည့် ရပ်ကွက်အားလုံးပေါင်း ၁၁ ရပ်ကွက်ခန့်ရှိကြောင်း ဖြေကြားသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က အဆိုပါ တိုင်ကြားထားသည့် ၁၁ ရပ်ကွက် ရှိသည်မှာ ဖြစ်နိုင်ကြောင်း၊ မဖြစ်နိုင်ဘူးဟု ငြင်းနေခြင်း မဟုတ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရပ်ကွက်မည်မျှရှိသည်ထက် တစ်နိုင်ငံလုံးတွင် မြို့နယ်ပေါင်း ၃၅၂ မြို့နယ်ရှိကြောင်း၊ မြို့နယ်တစ်မြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာ မည်မျှရှိမည်ကို သတင်းထောက်ကြီးမှန်းကြည့်ပါ၊ ထို့ကြောင့် သတင်းထောက်ကြီးထံတွင် လာအပ်သည့် ၁၁ ရပ်ကွက်ထက်မက မသမာမှုများရှိနိုင်ကြောင်း၊ မိမိတို့အား အဆိုပါအချက်အလက်များပေးခဲ့ပါ၊ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ဆိုသည်ကို သတင်းထောက်ကြီး သိလိုခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်ကဲ့သို့ အရေးယူဆောင်ရွက်ပြီး မည်မျှထောင်ချလိုက်သည်ကို သတင်းထောက်ကြီး သိလိုခြင်းဖြစ်ကြောင်း၊ စွပ်စွဲခံရသူမှာ ကာကွယ်ပိုင်ခွင့်ရှိသလို ၎င်းတို့က မဟုတ်ဘူး၊ အလွန်ကင်းရှင်းပါသည်ဟု မိမိပြောခြင်းမဟုတ်ကြောင်း၊ မည်သူမျှ ခြောက်ပစ်ကင်း သဲလဲစင်မရှိကြောင်း၊ ထိုကိစ္စဖြစ်နေသည့် ၁၁ ရပ်ကွက်လုံးကို ပေးခဲ့ပါရန်နှင့် ထို ၁၁ ရပ်ကွက်ထက်မက ရှိနိုင်ပါသေးကြောင်း၊ မိမိတို့အနေဖြင့် နည်းလမ်းကျနအောင် တရားဥပဒေအရ ဆောင်ရွက်ပေးမည်ဟု ပြောနိုင်ကြောင်း၊ သတင်းထောက်ကြီးလိုချင်သည့်အဖြေ "ဘယ်လိုအရေးယူလိုက်မယ်၊ ဘယ်သူကို ဖြုတ်လိုက်မယ်" ဟူ၍ ယခုနေရာတွင် ပေးရန်မဖြစ်နိုင်ကြောင်း၊ တရားဥပဒေအရဖြစ်ရမည်ဟု ပြောနိုင်ကြောင်း ပြန်လည်ဖြေကြားသည်။

**နေပြည်တော် Online Agency သတင်းဌာနမှ အယ်ဒီတာ ဦးမင်းမောင်**က သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဗုဒ္ဓဘာသာ၏ သံဃာတော်အရှင်သူမြတ်များ မည်မျှလောက် လုပ်ကြံသတ်ဖြတ်မှုခံရသည်ကို သတင်းထုတ်ပြန်မှုများ လုပ်သင့်ပါကြောင်း၊ မည်သည့်အတွက်ကြောင့် သတင်းမထုတ်ပြန်သလဲ၊ ထုတ်ပြန်ရန်အတွက် အစီအစဉ် ရှိ မရှိနှင့် နိုင်ငံရေးတွင် ဘာသာရေး အဓိကရုဏ်းဖြစ်သည်အထိ သံဃာတော်များကို ပစ်မှတ်ထား အကြမ်းဖက်သတ်ဖြတ်မှုအပေါ် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများက အခြားမည်သည့်ဘာသာဝင်များကို အကြမ်းဖက်စော်ကား သတ်ဖြတ်ထားခြင်းမရှိကြောင်း၊ ယခုအခါ ဗုဒ္ဓဘာသာကို ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်ခံနေရမှုအပေါ် မိမိတို့ ဗုဒ္ဓဘာသာလူမျိုးအနေဖြင့် တော်တော်လေး ခံစားရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခုကဲ့သို့ ဗုဒ္ဓဘာသာကို ပစ်မှတ်ထားတိုက်ခိုက်နေမှုအပေါ် မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်ပေးမည့် အစီအစဉ်ရှိပါသလဲ၊ ဆက်ပြီးဖြစ်လာနိုင်မည့် အဓိကရုဏ်းများအတွက် သတင်းများ ကြားသိနေရကြောင်း၊ ထိုကိစ္စများ မဖြစ်နိုင်အောင် မည်ကဲ့သို့ ကာကွယ်စောင့်ရှောက်မည်၊ မည်ကဲ့သို့ တားဆီးမည်၊ မည်ကဲ့သို့ စီစဉ်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က သံဃာတော်များ လုပ်ကြံသတ်ဖြတ်ခံရမှုနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံပိုင်သတင်းမီဒီယာများတွင် သတင်းထုတ်ပြန်ပေးလျက်ရှိကြောင်း၊ သံဃာတော်များနှင့်ပတ်သက်ပြီး တချို့ဘုန်းကြီးများနှင့် သံဃာတော်များ ရန်ပြုခံရမှုများရှိကြောင်း၊ လက်တွေ့မြေပြင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလုံခြုံရေး စောင့်ရှောက်မှုကာကွယ်ရေးအဖွဲ့များက စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ သာသနာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်လာလျှင် သတင်းထုတ်ပြန်မည်ဖြစ်ကြောင်း၊ ယခုလက်ရှိတွင် နိုင်ငံတော်အနေဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ သာသနာရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်ကြောင်း၊ သံဃာတော်များသာမက လုပ်ကြံသတ်ဖြတ်ခံရသည့် အရပ်သား၊ ပြည်သူစာရင်းများ၊ ဝန်ထမ်းစာရင်းများကို နေ့စဉ်သတင်းစာတွင် အသေးစိတ်ဖော်ပြလျက်ရှိကြောင်း၊ နိုင်ငံခြားသတင်းမီဒီယာများကို နေ့စဉ် သတင်းအချက်အလက် အသေးစိတ်ပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**97 Media သတင်းဌာနမှ သတင်းထောက် ဦးနန္ဒလင်း(ထားဝယ်)**က ရုရှား- မြန်မာ ချစ်ကြည်ရေးပူးပေါင်းဆောင်ရွက်မှုအတွက် နှစ်နိုင်ငံကိုယ်စားလှယ်များဆွေးနွေးခဲ့ခြင်းများရှိကြောင်း၊ ထိုဆွေးနွေးမှုများတွင်ပါဝင်သည့် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်နေသည့်အခြေအနေများကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ရုရှား- မြန်မာနှစ်နိုင်ငံသည် ယခင်ကတည်းက ချစ်ကြည်ရင်းနှီးခဲ့သည့် နိုင်ငံများဖြစ်ကြောင်း၊ ယခင်ထက် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် ပိုမိုများပြားသည့်အခြေအနေဖြစ်ကြောင်း၊ ယခုနောက်ပိုင်းတွင် ရုရှား- မြန်မာ ပူးပေါင်းဆောင်ရွက်မှုတွင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများမှာ ၂၀၁၄ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် နှစ်ဖက်လက်မှတ်ရေးထိုးခဲ့သည့် စာချုပ်တွင် ရုရှား- မြန်မာအစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းရေးဖွဲ့စည်းတည်ဆောက်မှုသဘောတူညီချက်အရ နှစ်နိုင်ငံအကြား တတိယအကြိမ် ပူးတွဲကော်မရှင်အစည်းအဝေး ယခုနှစ်အတွင်း မြန်မာနိုင်ငံတွင် လက်ခံကျင်းပရေးကို ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ တတိယအကြိမ် ပူးတွဲကော်မရှင်မတိုင်မီ လက်ရှိကိုဗစ်ကာလ မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက်(MERP)ပါ လုပ်ငန်းစဉ်များအရ နှစ်နိုင်ငံအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရေး ရည်ရွယ်ပြီး နှစ်ဖက်လုပ်ငန်းရှင်များပါသည့် ဆွေးနွေးပွဲကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် ဗာကျူရယ်စနစ်ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးဆောင်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံက သံအမတ်ကြီးနှင့် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထိုဆွေးနွေးပွဲတွင် နှစ်ဖက်ဦးစားပေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများရှိပြီး နှစ်နိုင်ငံအကြား ရှေ့ဆက်ဆောင်ရွက်မည့် မဟာဗျူဟာမူကြမ်းပါဦးစားပေးနှင့်ကိုက်ညီသည့် လုပ်ငန်းများဖြစ်သည့် ဘဏ်နှင့် အာမခံလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်၊ စားသုံးကုန်ထုတ်လုပ်ငန်း စသည့်လုပ်ငန်းများနှင့် ပတ်သက်သည့် ကဏ္ဍအသီးသီးနှင့်စပ်လျဉ်း၍ အစိုးရတာဝန်ရှိသူများ၊ ပုဂ္ဂလိကအသင်းအဖွဲ့ ကုမ္ပဏီများပါဝင်ပြီး အပြန်အလှန်ဆွေးနွေးနိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး အခွင့်အလမ်းအသစ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ရုရှားဘက်မှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် နှစ်ဖက်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေပြီး အပြန်အလှန် စိတ်ဝင်စားမှုရှိသည့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအတွက် စီးပွားရေးဆွေးနွေးပွဲများကို မကြာမီ ဆက်လက်ကျင်းပသွားနိုင်ရေး တောင်းဆိုထားခြင်းကြောင့် မိမိတို့အနေဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံသစ္စာအွန်လိုင်းသတင်းအေဂျင်စီမှ အယ်ဒီတာချုပ် ဦးအောင်ကျော်ဦး**က တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ပြည်သူများလိုလား တောင့်တကြကြောင်း၊ သို့သော် ယနေ့ဖြစ်နေသည်မှာ ဒလန်ဟုအမည်တပ်၍ လိုက်လံသတ်ဖြတ်နေကြောင်း၊ သတင်းပေးဟုအမည်တပ် သတ်ဖြတ်နေကြောင်း၊ ထိုအထဲတွင် ကလေးသူငယ်၊ ရဟန်းများလည်း ပါဝင်ကြောင်း၊ အချုပ်ပြောရမည်ဆိုပါက နေ့စဉ်နီးပါးဖြစ်နေကြောင်း၊ ထိုထက်ဆိုးသည်မှာ စစ်ဆေးရေးဂိတ်များ၊ လုံခြုံရေးကားများပင် ဗုံးခွဲတိုက်ခိုက်ခံနေရကြောင်း၊ ပြည်သူများဘဝမလုံခြုံ၊ မအေးချမ်းသလို ခံစားနေရကြောင်း၊ ပြည်သူများအတွက် လုံခြုံရေးကို ယခုထက် ပိုမိုကောင်းမွန်သည့် လုံခြုံရေးအစီအမံများ မည်သို့တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်မှုနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပြောခဲ့ပြီးဖြစ်ကြောင်း၊ ကျောင်းများကို မည်သို့မီးရှို့ခဲ့သည်၊ ကျောင်းဆရာ၊ ဆရာမများကို မည်သို့သတ်ဖြတ်ခဲ့သည်၊ ယနေ့နံနက် ၈ နာရီခွဲ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ မော်စီစာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရှေ့တွင် KIA နှင့် PDF အကြမ်းဖက်အဖွဲ့ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း၊ ထို့ကြောင့် မော်တော်ယာဉ်ဖြင့်လိုက်ပါလာသည့် ကျောင်းအုပ်ဆရာမဦးစီးသည့် ဆရာနှစ်ဦး၊ ဆရာမသုံးဦး၊ လမ်းဘေးတွင်ရှိသည့် ကျောင်းသားတစ်ဦး၊ ကျောင်းသူနှစ်ဦးတို့ မိုင်းစ ထိမှန်ဒဏ်ရာရရှိခဲ့ပြီး ဖားကန့်ပြည်သူ့ဆေးရုံကို ပို့ထားခဲ့ရကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း မြန်မာနိုင်ငံတွင် ပြန်လည်တည်ငြိမ်အေးချမ်းသာယာလာစေရန် လုံခြုံရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ အကူအညီလည်းလိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေးစနစ်ကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်သည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လုံခြုံရေးအထောက်အကူပြု အဖွဲ့အစည်းများသာမက ပြည်သူများကိုယ်တိုင် ပါဝင်နိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ လုံခြုံရေးစနစ်ဆောင်ရွက်မှုကို ယခုအချိန်တွင် အသေးစိတ်မပြောနိုင်သေးကြောင်း၊ ပိုမိုတိုးတက်လာရန် လုံခြုံရေးအဖွဲ့အစည်းပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ် အကောင်အထည်ဖော်ရာတွင် ပြည်သူလူထုအနေဖြင့်လည်း *စာမျက်နှာ ၁၇ သို့*

CRPH/NUG **အကြမ်းဖက်အဖွဲ့၏ စေခိုင်းချက်အရ မောင်ကျော်(ခ) ဖြိုးဇေယျာသော် နှင့်အတူ အကြမ်းဖက် ကျူးလွန်ခဲ့သူများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။**



*စာမျက်နှာ ၁၆ မှ*

အကြမ်းဖက်လုပ်ရပ်များ အမြန်ဆုံးချုပ်ငြိမ်းနိုင်ရန် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးကြပါဟု ပြောလိုကြောင်း၊ ယခုအချိန် ပြည်သူလူထုအနေဖြင့် လုပ်နိုင်သည့်အချက်မှာ အပြစ်မဲ့ပြည်သူလူထု၊ အပြစ်မဲ့ကလေးသူငယ်များ မသေစေရန်အတွက် အသိပေးခြင်း၊ သတိပေးခြင်း၊ သတင်းပေးခြင်းတို့ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို မိမိတို့ရရှိထားသောအချက်အလက်များ၊ ထင်မြင်ချက်များကို အသိပေး၊ သတိပေးဆောင်ရွက်ပေးကြပါဟု မေတ္တာရပ်ခံလိုကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံသစ္စာအွန်လိုင်းသတင်းအေဂျင်စီမှ အယ်ဒီတာချုပ် ဦးအောင်ကျော်ဦး**က မိမိငွေကို ပြန်ထုတ်ရာတွင် ၆ ရာခိုင်နှုန်းပေးမှ ပွဲစားနှင့်ထုတ်၍ရကြောင်း၊ အကယ်၍ ရာခိုင်နှုန်းလည်းမပေး၊ ပွဲစားနှင့်လည်း မဆက်သွယ်ပါက ထုတ်၍မရကြောင်း၊ အထူးသဖြင့် KBZ ကဲ့သို့ဘဏ်မျိုးဖြစ်ကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး မည်သို့အရေးယူဆောင်ရွက်ပေးမည်ကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဗဟိုဘဏ်အနေဖြင့် ငွေထုတ်ရသည့်ကိစ္စများနှင့်ပတ်သက်ပြီး ရာခိုင်နှုန်းများမယူရန် စည်းကမ်းချက်များထုတ်ပြီးဖြစ်ကြောင်း၊ သို့သော် လက်တွေ့မြေပြင်တွင်လည်း ကြားနေရကြောင်း၊ လက်တွေ့မြေပြင်တွင် ရာခိုင်နှုန်းအချို့ပေးပြီးမှ ငွေထုတ်နေရသည်ကို ကြားနေရကြောင်း၊ ဘဏ်များမှ လက်တွေ့ရာခိုင်နှုန်းပေး၍ထုတ်ခြင်းထက် ပါဝင်ပတ်သက်သူများဆီကတစ်ဆင့် ထုတ်ရသည်ကိုလည်းသိရကြောင်း၊ ထိုကိစ္စမျိုးတွင် ပါဝင်ပတ်သက်နေသည့်အချို့သောဝန်ထမ်းများကိုလည်း အရေးယူဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ဆက်လက်ရှိနေဆဲဟုလည်း သိရကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ ပြောလိုသည်မှာ ဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်းများအတိုင်း၊ တရားဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဟု ပြန်လည်ဖြေကြားသည်။

**နိုင်ငံသစ္စာ အွန်လိုင်းသတင်းအေဂျင်စီမှ အယ်ဒီတာချုပ် ဦးအောင်ကျော်ဦး**က လုံခြုံရေးအရ ယောက်ျားနှစ်ယောက်မစီးရ၊ ရှေ့ကမိန်းကလေး၊ နောက်ကယောက်ျားလေးမစီးရဟု သိရကြောင်း၊ ထိုစည်းကမ်းကို ပြည်သူများ မဖြစ်မနေ လက်ခံနိုင်ကြောင်း၊ လုံခြုံရေးစည်းမျဉ်း၊ စည်းကမ်းအရလည်း နားလည်သဘောပေါက်ကြောင်း၊ ထိုအထဲတွင် နယ်မှဆိုင်ကယ်တချို့က သက်တမ်းမတိုးရသေးကြောင်း၊ သို့သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်နေသည့်အချိန်ကစပြီး ယခုအချိန်အထိ တချို့နယ်များတွင် သက်တမ်းမတိုးရသေးသည့်ဆိုင်ကယ်များ အများအပြား ရှိနေကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်ပြီး ဆိုင်ကယ်များကို ဒဏ်ရိုက်ခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းတို့ကို လျှော့ပေါ့ပေးစေလိုကြောင်း၊ သာယာဝတီတွင် ထောင်တစ်လချမှတ်ခဲ့ကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်ပြီး ဖြေလျှော့ပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုကိစ္စများနှင့်ပတ်သက်ပြီး အကြံပြုချက်များကို သက်ဆိုင်ရာသို့ တင်ပြပေးမည်ဖြစ်ကြောင်း၊ ကညနနှင့် ပို့/ဆက်တို့တွင် ဆိုင်ကယ်လိုင်စင်၊ ကားလိုင်စင်များနှင့်ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်းများ ရှိလိမ့်မည်ဖြစ်ကြောင်း၊ လက်တွေ့မြေပြင်တွင် ဖြစ်နေသည့် ဖော်ပြချက်များနှင့် ဆက်စပ်ပြီး အကြံပြုတင်ပြပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar Hard Talk သတင်းဌာနမှ သတင်းထောက် မခိုင်ခိုင်ထွေး**က ယခုလက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ အကြမ်းဖက်လုပ်ရပ်များက အလွန်များပြားနေကြောင်း၊ ထိုသို့များပြားနေခြင်းကို အိမ်စောင့်အစိုးရအနေဖြင့် ထိထိရောက်ရောက် ကိုင်တွယ်နှိမ်နင်းရန်အတွက် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်တွင် ပြင်ဆင်ဖြည့်စွက်ခဲ့သည်ကို တွေ့ရကြောင်း၊ ဖြည့်စွက်ခဲ့သည့် အခြေအနေအပေါ် ဥပဒေအရ အကြမ်းဖက်အုပ်စုနှင့် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ရန်တိုက်တွန်းခြင်း၊ စည်းရုံးခြင်း၊ ဝါဒဖြန့်ခြင်းနှင့် စုဆောင်းခြင်းတို့ကို ကျူးလွန်ပါက ထောင်ဒဏ်ခုနစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်ခံရမည်ဆိုသည့်ဥပဒေကိုလည်း တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ ဥပဒေများ ပြဋ္ဌာန်းပြီးနောက်တွင် NUG ၊ PDF၊ CRPH အကြမ်းဖက်အဖွဲ့များနှင့်ဆက်စပ်မှုရှိသော လူငယ်၊ လူရွယ်များကို ၎င်းတို့၏ မိဘများက သတင်းစာများတွင် သားသမီးအဖြစ်အမွေပြတ်စွန့်လွှတ်ခြင်းဆိုသည့် ကြေညာမှုများကို ယခုလတ်တလောတွင် မကြာခဏဆိုသလို တွေ့မြင်နေရကြောင်း၊ မိမိသိလိုသည်မှာ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မိဘများက သားသမီးများကို အမွေပြတ်စွန့်လွှတ်ကြောင်း သတင်းစာများတွင် ကြေညာလိုက်ရုံဖြင့် အမွေဆက်ခံခွင့် ဆုံးရှုံးပြီလား၊ တရားဥပဒေအရ အကျုံးဝင်ပြီလား ဆိုသည်ကို အကျယ်တဝင့် ရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ယခုရက်ပိုင်း သတင်းစာများတွင် အမွေပြတ်ကြေညာခြင်းများ တော်တော်များများ တွေ့ရကြောင်း၊ Online Media ပေါ်တွင်လည်း ထိုသို့ အမွေဖြတ်ကြေညာသည်ကို ကြိုတင်ကာကွယ်ခြင်းပုံစံဖြင့် လုပ်သည်ဟူ၍လည်း တွေ့ရကြောင်း၊ ဥပဒေကြောင်းအရ တရားမဝင်ကြောင်း၊ သတင်းစာ၌ ကြေညာရုံမျှဖြင့် အမွေဆက်ခံခွင့်လည်း မဆုံးရှုံးဟု သိရကြောင်း၊ တရားရုံးတွင် သွာနုတ္တ သားသမီးအဖြစ်လျှောက်ထားပြီး တရားရုံးက ဆုံးဖြတ်မှသာ တရားဝင်နိုင်သည်ဟု ဥပဒေကြောင်းအရ သိရှိရကြောင်း၊ သတင်းစာထဲတွင် ထိုသို့ထည့်ထားပြီး အကြမ်းဖက်သမားများကို တိုက်ရိုက်၊ သွယ်ဝိုက်၊ အားပေးထောက်ပံ့နေပါကလည်း သက်ဆိုင်ရာ ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းခံရမည်ဖြစ်ကြောင်း၊ NUG ၊ PDF ၊ CRPH အကြမ်းဖက်အဖွဲ့များ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ရှောင်တိမ်းသွားသူများက ကိုယ်တိုင်အဓိကကျကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် သွေးထိုးလှုံ့ဆော်မှုကြောင့် ရှောင်တိမ်းသွားသူများ၊ ထွက်သွားသူများနှင့် ပတ်သက်ပြီး ယေဘုယျအားဖြင့် ရာဇဝတ်မှုများ ကျူးလွန်ခြင်းမရှိပါက ၎င်းတို့ပြန်လာနိုင်ကြောင်း၊ လက်ခံနိုင်ကြောင်းကို နေ့စဉ်ကြေညာ ပေးနေကြောင်း၊ ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ခြင်းက အကောင်းဆုံးဖြစ်ကြောင်း၊ ဥပမာ ဖြိုးဇေယျာသော်တို့ လုပ်ဆောင်ခဲ့သည့် ရန်ကုန်အကြမ်းဖက်အဖွဲ့၏လက်အောက်ခံ STF အဖွဲ့တွင် လူငယ်များကို ဖောင်များပေးထားကြောင်း၊ ထိုဖောင်များကို သတင်းစာရှင်းလင်းပွဲပြီးပါက ပြသသွားမည်ဖြစ်ကြောင်း၊ လျှောက်လွှာပေး၍ ၎င်းတို့အဖွဲ့အဖြစ် သိမ်းသွင်းကြောင်း၊ သိမ်းသွင်းရာတွင် ဖောင်ဖြည့်ပြီးပါက NUG ၊ PDF ၊ CRPH အဖွဲ့များ၏ ခိုင်းစေချက်အတိုင်း လိုက်လံလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုလူငယ်များ ဥပဒေဘောင်အတွင်း ပြန်ဝင်လိုသော်လည်း ထိုဖောင်ထဲတွင် မိဘအမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်များ ပါဝင်နေကြောင်း၊ တချို့လူငယ်များက မှားမှန်းသိ၍ ဥပဒေအရအရေးယူမခံရမီ ပြန်ဝင်ချင်ပါက ၎င်းတို့၏မိဘများကို တိုက်ရိုက်ခြိမ်းခြောက်ကြောင်း၊ စစ်ကိုင်းဘက်ရှိ တချို့ရွာများ၌ PDF အကြမ်းဖက်အဖွဲ့များက လူငယ်အကုန်လုံးကို မဖြစ်မနေ PDF ထဲသို့ဝင်ရမည်ဟု ဆွဲသွင်းပြီး မလုပ်ဘူးဆိုပါက “မင်းနဲ့ မင်းမိသားစုကို ဒလန်အဖြစ်ကြေညာမယ်” ဆိုပြီး လုပ်ဆောင်ခဲ့မှုများ ရှိကြောင်း၊ ထိုကဲ့သို့ အခက်အခဲမျိုးလည်း တွေ့ရကြောင်း၊ သို့သော် ကိုယ်တိုင်သာ အဓိကကျကြောင်း၊ ရှောင်တိမ်းနေသူများ၊ လမ်းမှားရောက်နေသည့်သူများကိုယ်တိုင်သာဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ရာဇဝတ်မှုများကျူးလွန်ခဲ့ခြင်း မရှိပါက ပြန်လည်ဝင်ရောက်၍ရကြောင်း၊ ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ခြင်းကသာ အကောင်းဆုံးဖြစ်သည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**ONE News သတင်းဌာနမှ သတင်းထောက် သွင်ထူးအောင်**က လက်ရှိတွင် ကိုဗစ်ကာကွယ်ဆေးများ ထိုးနှံပေးနေသလို ကာကွယ်ဆေးများလည်း ရောက်ရှိလာသည်ကို တွေ့ရကြောင်း၊ နောက်ထပ်မည်မျှထပ်ရောက်ရန် ရှိပါသေးသလဲ၊ ကာကွယ်ဆေးထိုးနှံပြီးသူများကို Booster ထိုးနှံပေးရန် အစီအစဉ် ရှိ မရှိ၊ မြန်မာနိုင်ငံ၏ လူဦးရေရာခိုင်နှုန်းမည်မျှကို ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားမှုတို့ကို ဖြည့်စွက်၍ ဖြေကြားပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ၄၁ သန်းကျော် ရောက်ရှိပြီးဖြစ်ကြောင်း၊ ရုရှားနိုင်ငံမှ ၂ သန်းလည်း ရောက်မည်ဖြစ်ကြောင်း၊ သို့သော် မိမိတို့၏ မူလ ရည်မှန်းချက်သည် အကျုံးဝင်သည့် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ယခုနှစ်ကုန်တွင် ထိုးနှံပြီးမည်ဖြစ်သည့်အတွက် လိုအပ်သည့်ဆေးများကိုလည်း ထပ်မံမှာယူ ဖြည့်တင်းသွားမည်ဖြစ်ကြောင်း၊ Booster ထိုးနှံခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့မှုရှိကြောင်း၊ စက်မှုဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံတို့ ပူးပေါင်း၍ မြန်မာနိုင်ငံ၌ ဆေးသွင်းနိုင်ရန်၊ ပုလင်းသွင်းနိုင်ရန်တို့အတွက် ဆောင်ရွက်နေကြောင်း၊ ထိုသို့ ဆောင်ရွက်ရသည့် အဓိကရည်မှန်းချက်သည် ယခင် ကိုဗစ်နှင့်ပတ်သက်ပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုအစည်းအဝေးတွင်လည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထိုရောဂါသည် အရှင်းပျောက်သွားမည့် ရောဂါမဟုတ်ကြောင်း၊ ဆေးများကိုထိုးနှံရန် လိုအပ်နေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအတွင်းမှာသာထုတ်နိုင်ရန် ဆောင်ရွက်မည်ဟုဆိုပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရေရှည်စီမံချက်ဖြင့်လုပ်နေခြင်း ဖြစ်သည့်အတွက်ကြောင့် ထိုလုပ်ငန်းများအားလုံးပျံ့နှံ့၍ တစ်နိုင်ငံလုံးထိုးပြီးသွားသည့်အချိန်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်အထိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများပါ ထိုးနေပြီး နောက်ပိုင်းတွေ့ရှိချက်များအရ တစ်နိုင်ငံလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**လူထုရင်ဖွင့်သံသတင်းဌာနမှ အယ်ဒီတာ မိုးသောက်ပန်း**က မေးမြန်းခြင်းနှင့် ဖြေကြားခြင်း ၃ မိနစ်ကျော်ကျော်ခန့်သာ ကြာမည်ဖြစ်ပြီး ကျေးဇူးပြု၍ လေးလေးနက်နက် သုံးသပ်ပေးစေလိုကြောင်း၊ ယခု သတင်းစာရှင်းလင်းပွဲအခြေအနေနှင့် မီဒီယာသမားများမေးမြန်းသွားသည့် မေးမြန်းချက်များကိုကြည့်ပါက မိမိတို့နိုင်ငံသည် လူငယ်လူရွယ်များဖြစ်သည့် ပထမမျိုးဆက်များ၊ ၎င်းတို့၏ မိဘများဖြစ်သည့် ဒုတိယမျိုးဆက်များ မှန်ကန်သည့် အမျိုးသားရေးစိတ်ဓာတ်၊ နိုင်ငံရေးစိတ်ဓာတ်များ၊ အသိတရားများ ကင်းမဲ့ကုန်၍ တော်တော်များများ ပျက်စီးကုန်ကြောင်း၊ နောက်ဆုံးမျိုးဆက်ဟုခေါ်ရမည့် အနာဂတ်လူငယ်များ ယခုကဲ့သို့ လမ်းလွဲသို့မရောက်ရန်၊ မပျက်စီးရန်လိုကြောင်း၊ မျိုးဆက်နှစ်ဆက်လောက် ပျက်စီးခဲ့သည့်၊ မစစ်မှန်သည့် အမျိုးသားရေး၊ နိုင်ငံချစ်စိတ်နှင့် နိုင်ငံရေးအသိများကြောင့် ဖြစ်ခဲ့ရသည်မှာ ယခုလက်ရှိ နိုင်ငံသားများသည် မည်သည့်နိုင်ငံဖြစ်စေ၊ တိုင်းပြည်ကိုအုပ်ချုပ်နေသော မည်သည့်အစိုးရမဆို မျက်စိစုံမှိတ်ပြီး အလုံးစုံ ထောက်ခံနေရန်မဟုတ်ကြောင်း၊ မိမိနိုင်ငံအပေါ် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံရေးအသိအမြင်များ၊ အမျိုးသားရေးခံယူချက်များရှိမှသာ နိုင်ငံ၏အနာဂတ်က ကောင်းမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစွန်းမရောက်သည့် စိတ်ဓာတ်များရှိရန် လိုအပ်ကြောင်း၊ အစွန်းမရောက်သည့်စိတ်ဓာတ်ဆိုသည်မှာ အကောင်းမြင်လွန်းခြင်း၊ အဆိုးမြင်လွန်းခြင်း စသည့်ဝါဒများဖြင့် မမှန်ကန်နိုင်ကြောင်း၊ ထေရဝါဒဗုဒ္ဓဘာသာ၏ စစ်မှန်သောလမ်းစဉ်ဖြစ်သည့် အရှိကို အရှိအတိုင်း၊ ပကတိအတိုင်းမြင်နိုင်သည့် ဝိဘဇ္ဇဝါဒသာလျှင် မှန်ကန်မည့်လမ်းစဉ်ဖြစ်ကြောင်း၊ ထိုဝါဒသည် Universal Truth ဟုခေါ်သည့် သစ္စာတရားသာဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ အနာဂတ်ကာလတွင် နည်းမျိုးစုံဖြင့်စည်းရုံးပါက လမ်းလွဲသို့ အရောက်မလွယ်ရန်၊ တိုင်းပြည် မပျက်စီးရန်အတွက် ပညာရေးနယ်ပယ်ကို လူငယ် ၉၀ ရာခိုင်နှုန်းက ဖြတ်သန်းပြီးနေကြရကြောင်း၊ ထို့ကြောင့် ကျောင်းများသည် Political Science ဟုခေါ်သည့် နိုင်ငံရေးကိုလက်တွေ့ကျကျ အမှန်အတိုင်း သိမြင်နိုင်သော နိုင်ငံရေးသိပ္ပံဘာသာရပ်၊ အမှန်တရားကို ဖော်ထုတ်နိုင်သော ဗုဒ္ဓထေရဝါဒ၏ ဝိဘဇ္ဇဝါဒများကို သင်ပေးနိုင်သည့် ဗုဒ္ဓဘာသာ အခြေခံသဘောတရားများကို ပညာရေးဌာနများ၏ ကျောင်းများ၌ နောင်အနာဂတ်တွင် ဖြည့်သွင်း၍ သင်ကြားပေးရန် အစီအစဉ် ရှိ မရှိ သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မြန်မာနိုင်ငံအနေဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှု ထွန်းကားသည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုဟုပြောမည်ဆိုပါက ဗုဒ္ဓဘာသာနှင့်ကင်း၍မရကြောင်း၊ သင်ခန်းစာများတွင် ထိုက်သင့်သလောက် အငွေ့အသက်များ ပါပြီးဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ မြန်မာကဗျာများကို ကြည့်မည်ဆိုပါက ရှေးဟောင်းကဗျာအများစုသည် သေချာလေ့လာကြည့်ပါက ၁၀ ပုဒ်၌ တစ်ဝက်နီးပါးခန့်သည် ဘာသာရေးအငွေ့အသက်၊ ဗုဒ္ဓဘာသာအငွေ့အသက်ပါပြီးဖြစ်ကြောင်း၊ တစ်ဝက်ခန့်သည် ကျေးလက်အငွေ့အသက်ပါပြီးဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ထပ်မံ၍ ပြဋ္ဌာန်းရန်အတွက် သက်ဆိုင်ရာ သင်ရိုးညွှန်းတမ်းအဖွဲ့များက ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို သွားသည်ဟုပြောကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ ပန်းပေါင်း ၁၀၀ ပွင့်ပါစေဟု ဆိုသော်လည်း ဒီမိုကရေစီသည် ပန်းခုတ်ပွဲလုပ်နေခြင်း မဟုတ်ကြောင်း၊ ပန်းပေါင်း ၁၀၀ ပွင့်ပါစေ ဖြစ်သည့်အတွက်ကြောင့် မျိုးစုံရှိလိမ့်မည်ဖြစ်ကြောင်း၊ ပွင့်လာသည့်ပန်းများက လှရန်နှင့် အဆိပ်မဖြစ်ရန်သာလိုကြောင်း၊ ဘယ်ပန်းပင်ကို မပွင့်စေနှင့်၊ ဘယ်ပန်းကိုမူခုတ်စေဟု ဒီမိုကရေစီ စနစ်၌ ဆုံးဖြတ်၍မရကြောင်း၊ သတင်းထောက်ကြီး ပြောသည့်အတိုင်း အစွန်းရောက်များရှိကြောင်း၊ ဒီမိုကရေစီကို အနှစ်ချုပ်လိုက်ပါက “မတည့်အတူနေ”သည့် ဝါဒဖြစ်ကြောင်း၊ မီဒီယာများနှင့် မိမိ မတည့်ပါကလည်း အတူနေနိုင်ရမည်ဖြစ်ကြောင်း၊ မည်သူနှင့်မည်သူ မတည့်ပါကလည်း အတူနေနိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့သွားရန် ရည်မှန်းထားပါက “ပန်းပေါင်း ၁၀၀ ပွင့်ပါစေနှင့် မတည့်အတူနေ” စသည်တို့ အလေးထားရမည်ဖြစ်ကြောင်း၊ ထိုစနစ်ကို ကျင့်သုံးမည်ဟုရည်မှန်းထားပါက ထိုစနစ်နှင့် ကိုက်ညီသော စိတ်ထားများ ရှိရမည်ဖြစ်ကြောင်း၊ ဤစနစ်နှင့် ကိုက်ညီသော စိတ်ထားများတွင် သတင်းထောက်ကြီးပြောသည့်အချက်များလည်း အကျုံးဝင်လာမည် ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်တို့ကို ယေဘုယျသာ ဖြေကြားလိုကြောင်း ပြန်လည်ဖြေကြားသည်။

**လူထုရင်ဖွင့်သံသတင်းဌာနမှ အယ်ဒီတာ မိုးသောက်ပန်း**က ၂၀၁၇ ခုနှစ်မှစပြီး ပညာရေးဝန်ထမ်း တော်တော်များများ ယခင်ပညာရေးဝန်ကြီးလက်ထက်၌ မဖြစ်စလောက်အပြစ်လေးနှင့် မမှန်မကန် အရေးယူခံရသောဝန်ထမ်းများ အများအပြားရှိကြောင်း၊ ထိုဝန်ထမ်းများသည် နိုင်ငံကိုချစ်သည့်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် အနစ်နာခံ၍လုပ်ခဲ့သော ဝန်ထမ်းများရှိကြောင်း၊ တချို့ဆိုလျှင် လုပ်ငန်းခွင်ထဲ၌ ကိုယ်အင်္ဂါများချို့ယွင်းသည်အထိ တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ထိုကဲ့သို့ မမှန်မကန် အရေးယူခံခဲ့ရသည့်အတွက်ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ စာချွန်လွှာ တရားမလျှောက်ထားမှုဖြင့် တင်သည့်အချိန် လျှောက်ထားသူ၏ ခိုင်မာမှန်ကန်သော အထောက်အထားများကြောင့် ယခင်ပညာရေးဝန်ကြီးဒေါက်တာမျိုးသိမ်းကြီး ထုတ်ထားသောအမိန့်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတွင် နိုင်ငံတော် တရားသူကြီးချုပ် ဦးထွန်းထွန်းဦးကိုယ်တိုင် ကြားနာစစ်ဆေး၍ ပညာရေးဝန်ကြီး၏ အမိန့်အားလုံးကို ပယ်ဖျက်ကြောင်း အမိန့်ထုတ်ပြန်ခဲ့ကြောင်း၊ ထိုအမိန့်ကြောင့် ဝန်ထမ်းတချို့မှာ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဝင်ရောက်ရာတွင် မကျေနပ်၍ အကြောင်းမရှိ အကြောင်းရှာပြီး ဒုတိယအကြိမ် ထပ်မံစစ်ဆေးကာ

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

ယခင်လိုပင်လုပ်ခဲ့ကာ မတရားအရေးယူခဲ့ကြောင်း၊ ထိုကဲ့သို့ အရေးယူမှုများကို လက်ရှိတာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ကြီးဌာန၏ အကြီးအကဲတချို့ပင်လျှင် ဒေါက်တာမျိုးသိမ်းကြီး လက်ထက်က အရေးယူခံခဲ့ရခြင်းများရှိကြောင်း၊ ထိုအတွက် နစ်နာလွန်းနေသည့် မိသားစုများ၊ ၎င်းတို့ကို မှီခိုနေသည့်မိသားစုများ ဘဝပျက်ခဲ့ရသလို သေလုမျောပါးနစ်နာခဲ့ရကြောင်း၊ထိုနစ်နာမှုများကို တာဝန်ရှိသူများအနေဖြင့် မည်ကဲ့သို့ ကူညီဖေးမနိုင်မည်ကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုဖြစ်စဉ်များကို မိမိတို့လည်း ကြားဖူးခဲ့ကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်ပြီး နစ်နာသူဘက်က ပညာရေးဝန်ကြီးဌာနသို့ ပြန်လည်တင်ပြပြီး ဆောင်ရွက်နိုင်သည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က အကြမ်းဖက် အဖွဲ့အစည်းများဖြစ်သည့် NUG၊ PDF အဖွဲ့များ၏ လက်နက်ခဲယမ်းများနှင့် ၎င်းတို့ကို ဖမ်းဆီးရမိမှုများကို ဆက်တိုက်တွေ့နေရကြောင်း၊ အထူးသဖြင့် "၈၈ ပွင့်လင်း"မှ ဂျင်မီကို မထင်မှတ်သောနေရာမှ လက်နက်အမြောက်အမြားဖြင့် ဖမ်းမိကြောင်း၊ တစ်ပတ်၊ နှစ်ပတ်အကြာတွင် NLD ဒေါ်အောင်ဆန်းစုကြည်၏ ညာလက်ရုံးဟုပြောရမည့် NLD ဗဟိုကော်မတီအဆင့်၊ လွှတ်တော်အမတ်နှစ်ကြိမ်ဖြစ်ခဲ့ဖူးပြီး NLD ပါတီကိုကိုယ်စားပြုသည့် ဖြိုးဇေယျာသော်ကို လက်နက် အမြောက်အမြားဖြင့် ဖမ်းမိကြောင်း၊ ဖမ်းမိသည့် လက်နက်များသည် မိမိတို့ဘဝတွင် မြင်ခဲ့ဖူးသော ဗကပအနောက်ပိုင်းတိုင်း သရက်ခရိုင်၌ လက်နက်ချခဲ့သည့် ဗိုလ်သက်ထွန်းတို့ လက်နက်ချစဉ်က အရှေ့တွင် ခင်းထားသော လက်နက်များက ဇေယျာသော်ကို ဖမ်းမိစဉ်ရရှိသည့် လက်နက်ကိုမမီကြောင်း၊ ထိုမျှမများကြောင်း၊ ခွန်ဆာတို့ မော်ထိုင်းအာမီ လက်နက်ချသည့် လက်နက်ပမာဏခန့်ကို CRPH ၊ NUG ၊ PDF တို့မှ ဖမ်းမိသလောက်ရှိနေကြောင်း၊ ထိုကိစ္စများနှင့် ပတ်သက်ပြီး တပ်မတော်တာဝန်ယူထားချိန်မှစ၍ CRPH ၊ NUG၊ PDF တို့မှ ဖမ်းမိထားသော လက်နက်အရေအတွက် မည်မျှရှိပါသလဲ၊ ဖမ်းမိထားသော အကြမ်းဖက်များ၊ မဖမ်းမိသေးသော အကြမ်းဖက်များကို မည်သို့ဆောင်ရွက်သွားမည်ကို သိလိုကြောင်း၊ မိမိတို့ဘဝတွင် မမြင်ဖူးသည့် ခေတ်မီ တူရကီ၊ အမေရိကန်လက်နက်များ အမြောက်အမြားမိပြီး၊ တပ်မတော်တွင် တပ်မတစ်ခု ထပ်တိုးချဲ့ဖွဲ့စည်း၍ ရလောက်အောင်များပြားသည့်လက်နက်များ ရန်ကုန်၊ မန္တလေးမြို့များထဲသို့ ရောက်လာသည်မှာ နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားမှုများကို ပြည်သူများက သိလိုကြောင်းနှင့် ထိုအကြောင်းအရာများကို ရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မိမိတို့ စာရင်းပြုစုထားသည်မှာ ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုဝင်ဘာ ၂၃ ရက်အထိ တစ်နိုင်ငံလုံး၌ ဖမ်းဆီးရမိလက်နက် (လုပ်သေနတ်မပါ) ၁၄၁၂ လက်ရှိကြောင်း၊ လုပ်သေနတ်၊ ဘောပင်သေနတ်၊ တူမီးသေနတ်များ ပါဝင်ပါက ၆၀၈၇ လက်ရှိကြောင်း၊ ကျည်မျိုးစုံ ၁၅၀၀၀ ခန့်ရှိကြောင်း၊ လက်ပစ်ဗုံးမျိုးစုံ ၂၄၅၉ လုံး၊ လက်လုပ်မိုင်း၊ ဗုံးမျိုးစုံ ၃၀၀၀ ကျော်ခန့်ရှိကြောင်း၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ NLD အစွန်းရောက် အဖျက် သမားများ၊ တချို့ EAOs များအပါအဝင် ထိုလက်နက်များကိုအသုံးချ၍ နိုင်ငံအတွင်း၌ ပစ်ခတ်သတ်ဖြတ်မှုများ၊ ဗုံးခွဲတိုက်ခိုက်မှုများကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ဒလန်တံဆိပ်တပ်၍ တွေ့ရာလူကို သတ်နေခြင်းများ၊ NLD အားပေးထောက်ခံသူများအချင်းချင်းလည်း သတ်ဖြတ်၍ ဒလန်တံဆိပ်ကပ်ခြင်းများကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူ့အသက်၊ အိုး၊ အိမ်၊ စည်းစိမ်လုံခြုံရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဖော်ထုတ်တားဆီးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရာနှုန်းပြည့်တားဆီးရန် အခက်အခဲရှိကြောင်း၊ တင်သွင်းမှုနှင့်ပတ်သက်၍ ယုတ်မာကောက်ကျစ်သော အကြံအစည်ဖြင့် ကိုဗစ်ကာလ၌ ဖြေလျှော့ပေးမှုကို အခွင့်ကောင်းယူ၍ အောက်ဆီဂျင်အိုးများထဲ၌ ထည့်လာခြင်းများ၊ အခြားနည်းလမ်းများလည်းရှိမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံအချို့၏ အကြမ်းဖက်အဖွဲ့များကို အားပေးနေမှုများ၊ လှူဒါန်းထောက်ပံ့နေမှုများရှိကြောင်း၊ အဆိုပါသေနတ်များ၊ ထောက်ပံ့ငွေများသည် ပြည်ပနိုင်ငံများက ထောက်ပံ့မှုများရှိကြောင်း၊ ထို့နောက် စာချုပ်ရောင်းဝယ်မှုများကို မည်သူက ဝယ်မည်ကို သိသာကြောင်း၊ အမည်ခံ၍ ငွေမည်းကို ငွေဖြူလုပ်ခြင်းဖြစ်ကြောင်း၊ တချို့လက်နက်များသည် အသစ်စက်စက်များဖြစ်ကြောင်း၊ နည်းလမ်းနှစ်မျိုးဖြင့် ရရှိခြင်းဖြစ်ပြီး နံပါတ်(တစ်)က ဝယ်ယူခြင်းနည်းလမ်း၊ နံပါတ်(နှစ်)နည်းလမ်းက တချို့က K-12 ကဲ့သို့ လက်နက်မျိုးက လက်နက်စက်ရုံက ထုတ်သည့် မူရင်းအတိုင်းကို ရရှိခြင်းဖြစ်ကြောင်း၊ ထိုကိစ္စများကို တားဆီးရန်အတွက် နိုင်ငံ့ကောင်းကျိုးနှင့် တည်ငြိမ်အေးချမ်းအောင် လိုလားသည့် ပြည်သူလူထုက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တတ်နိုင်သမျှ အကူ အညီပေးရန် မေတ္တာရပ်ခံလိုကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း သတင်းဆက်လက်ဖော်ထုတ်ခြင်း၊ သတင်းနှင့် ပတ်သက်ပြီး ပြည်သူလူထု

ဖြိုးဇေယျာသော် ဦးဆောင်ဖွဲ့စည်းထားသော မြို့နယ်အလိုက် အကြမ်းဖက်သမားများဖမ်းဆီးရရှိမှု လူ/လက်နက်/ခဲယမ်းစာရင်း

| စဉ် | မြို့နယ်အမည် | အကြမ်းဖက် ဖြစ်စဉ် ဖြစ်ပွားမှု | အကြမ်းဖက်အဖွဲ့များ | လူ | | | လက်နက် | | | ခဲယမ်း | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | လက်နက်မျိုးစုံ | လက်လုပ်သေနတ် | လက်လုပ်စိန်ပြောင်း | ကျည်မျိုးစုံ | ၄၀ မမ ဗုံးသီး | လက်လုပ်ဗုံး/သီးဗုံး | လက်ပစ်ဗုံး | မိုင်းမျိုးစုံ | လက်လုပ်မိုင်း | |
| ၁ | အရှေ့ပိုင်းခရိုင် | ၆ | ၁၁ | ၅၇ | ၇ | ၆၄ | ၁၄ | ၃၃ | - | ၃၆၄ | - | - | ၃ | - | ၂၁၉ | |
| ၂ | အနောက်ပိုင်းခရိုင် | ၉ | ၇ | ၇၆ | ၂၀ | ၉၆ | ၁၈ | ၄၁ | - | ၁၁၇၄ | - | - | ၁၀ | ၂ | ၄၉၀ | |
| ၃ | မြောက်ပိုင်းခရိုင် | ၄ | ၅ | ၅၇ | ၁၀ | ၆၇ | ၁၀ | ၂၉ | ၆ | ၁၂၁၅ | - | ၁၇၅ | ၂ | - | ၁၉၉ | |
| ၄ | AREA ၇ ခု | ၇ | ၇ | ၅၇ | ၉ | ၆၆ | ၁၂၇ | ၁၂၈ | - | ၁၆၀၅၇ | ၄၃ | - | ၃၃ | ၁၄ | ၁၉၁ | |
| | စုစုပေါင်း | ၂၆ | ၃၀ | ၂၄၇ | ၄၆ | ၂၉၃ | ၁၆၉ | ၂၃၁ | ၆ | ၁၈၈၁၀ | ၄၃ | ၁၇၅ | ၄၈ | ၁၆ | ၁၀၉၉ | |

အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် ဆောင်ရွက်ခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက မအောင်မြင်စရာမရှိကြောင်း၊ ဖမ်းမိသည့် လက်နက်အရေအတွက်ကို ကြည့်မည်ဆိုပါက မိမိတို့နိုင်ငံသည် မည်မျှအထိ အန္တရာယ်များနိုင်သည်ကို ပြောလိုကြောင်း၊ နောက်ပိုင်း တွင် အသုံးပြုလာသောလက်နက်များဖြစ်သည့် TNT ယမ်းနှင့် ပတ်သက်ပြီး ပြောပြရမည်ဆိုပါက Trinitrotoluene သည် ပြင်းအား မြင့်သည့် ဖောက်ခွဲရေးပစ္စည်းဖြစ်ကြောင်း၊ မိမိတို့လက်တွေ့သုံးနေသည့် ဖောက်ခွဲရေးပစ္စည်းများထဲ၌ ပြင်းအားအမြင့်ဆုံး ယမ်းများဖြစ်ကြောင်း၊ ထိုပစ္စည်းများဖြင့် လုပ်ဆောင်ရန်အထိ အကြံအစည်ရှိပြီး၊ စုဆောင်းထားပြီးဖြစ်ကြောင်း၊ မည်မျှမိသည်ကိုလည်း ပြောပြီးဖြစ်ကြောင်း၊ ယခုခန်းမအတွင်းပြသထားသော ပုံများကိုကြည့်မည်ဆိုပါက ထင်ရှားစွာသိမည်ဖြစ်ကြောင်း၊ ပြည်သူလူထုကို ပြောလိုသည်မှာ အကြမ်းဖက်သမားများကို အားမပေးရန်နှင့် အကြမ်းဖက်လုပ်ရပ်များကို အားပေးမည်ဆိုပါက အချင်းချင်းသတ်ဖြတ်သကဲ့သို့ တရားမဲ့သတ်ဖြတ်မှုများ ဖြစ်လာနိုင်ပြီး ကြိုတင်၍ကာကွယ်ကြရန် မေတ္တာရပ်ခံလိုကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး **သူရိယနေဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က ၁၉၄၈ ခုနှစ် ဗကပများ တောခိုသည့်အချိန်တွင် ကိုင်စွဲသည့် လက်နက်ပမာဏထက် NUG ၊ PDF လက်နက်ကိုင်သောင်းကျန်းမှုက အဆများစွာပိုများနေကြောင်း၊ ဇေယျာသော်ကဲ့သို့ NLD အမတ်များ၊ အခြားမြို့နယ်များတွင်လည်း NLD အမတ်များ ပါဝင်တိုက်ခိုက် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်နေသည့် လှုပ်ရှားမှုများသည် NLD ပါတီက လက်နက်ကိုင် တော်လှန်နေပြီလားဟု ယူဆ၍ရပါသလား၊ NLD ပါတီက လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကို တရားဝင်ဆင်နွှဲနေသည့် ပါတီဟု ကြေညာ၍ရနိုင်ပြီလားကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က လက်ရှိဖြစ်ပျက်နေသည့် အခြေအနေနှင့်ပတ်သက်၍ ပြောရမည်ဆိုပါက အများစုက ပါဝင်ပတ်သက်မှုရှိကြောင်း၊ တချို့ NLD ပါတီဝင်များထဲ၌ ဗဟိုကော်မတီဝင် တချို့အပါအဝင် ငြိမ်းချမ်းစွာနေလိုသည့် ဆန္ဒရှိသောသူများရှိကြောင်း၊ အနည်းစုဖြစ်ကြောင်း၊ ရွေးချယ်ခံထားသည့် ကိုယ်စားလှယ်များထဲ၌လည်း ဒီမိုကရေစီသည် အကြမ်းဖက်နည်းလမ်းဖြင့်မရနိုင်၊ အကြမ်းမဖက်သည့် နည်းလမ်းဖြင့်သာ ဆောင်ရွက်ရမည်ကို ယုံကြည်၍ ယခုအချိန်အထိ ရှိနေသည့်လူများလည်း ရှိသေးသည်ကို အသိပေးလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေး**က ရန်ကုန်မြို့တွင် ဖြိုးဇေယျာသော်နှင့် NLD ၊ ၈၈ အစွန်းရောက် အကြမ်းဖက် သာသနာဖျက်၊ ပြည်ဖျက်၊ မိစ္ဆာပါတီမှ ကိုဂျင်မီနှင့် ဖြိုးဇေယျာသော်ကို ဖမ်းဆီးပေးသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခင်က ရန်ကုန်မြို့တွင် နေ့စဉ်ရက်ဆက် လူသတ်မှုများကြားရပါကြောင်း၊ ၎င်းတို့ကို ဖမ်းပြီးနောက် အသံတိတ်သွားသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ကျေးဇူးတင်ရှိပါကြောင်း၊ ဖြိုးဇေယျာသော်က လက်နက်များပေးပြီး လိုက်လံသတ်ဖြတ် လုပ်ကြံခိုင်းခဲ့သည်များ ရှိပါကြောင်း၊ ထိုသို့ လိုက်လံလုပ်ကြံသတ်ဖြတ်ခိုင်းမှုပေါင်း မည်မျှရှိသည်၊ ဖြိုးဇေယျာသော်၏ ခိုင်းစေမှုကြောင့် အပြစ်မဲ့ပြည်သူသေဆုံးမှုပေါင်း မည်မျှရှိသည်၊ ဖြိုးဇေယျာသော်ကို အပြစ်မဲ့သေဆုံးရသူများအတွက် ဥပဒေနှင့် ထိုက်တန်သည့် ပြစ်ဒဏ်ချမှတ်ပေးသွားမည်လား ဆိုသည်ကို သိလိုပါကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ၎င်းအနေဖြင့် တိုက်ရိုက်ပါဝင်ပတ်သက်မှုနှင့် နောက်ကွယ်မှ လက်နက်ပေးပြီး မည်သူကိုသတ်ဟူ၍ ပါဝင်ပတ်သက်မှုများရှိကြောင်း ပြောကြားပြီးနောက် ဖြိုးဇေယျာသော်၏ မှတ်စုစာအုပ်များကို ပြသသည်။ အနည်းဆုံး ၎င်းပါဝင်ပတ်သက်သည့် အမှုပေါင်း ၂၆ မှုရှိကြောင်း၊ အနည်းဆုံးသာပြောခြင်းဖြစ်ကြောင်း၊ ထပ်မံဖော်ထုတ်လျက်ရှိကြောင်း၊ ယင်းစာအုပ်ထဲတွင် ၎င်းတို့လုပ်ခဲ့သည်များ အသေးစိတ်ပါကြောင်း၊ မည်သို့လုပ်ဆောင်မည်ဟူ၍ အသေးစိတ်ပါကြောင်း၊ ယင်းစာအုပ်ထဲတွင် လက်လုပ်မိုင်းပြုလုပ်သည့်နေရာတွင် မည်သို့လုပ်ရမည်ဟုပါကြောင်း၊ ထို့ကြောင့် ပြောလိုသည်မှာ အကြမ်းဖက်သမားဖြစ်ရုံသာမက အကြမ်းဖက်လုပ်ဆောင်သူ၊ အကြမ်းဖက်ခေါင်းဆောင်ဖြစ်ကြောင်း၊ ဥပဒေအရ ထိရောက်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး **Myanmar National Post မှ အယ်ဒီတာချုပ် နောင်တော်လေး**က NLD ၊ PDF အစွန်းရောက်အကြမ်းဖက် သာသနာဖျက်၊ ပြည်ဖျက်၊ မိစ္ဆာပါတီ၏ သတ်ဖြတ်မှုကြောင့် သံဃာတော် ၁၃ ပါး သေဆုံးခဲ့ရပါကြောင်း၊ ၎င်းအကြမ်းဖက်သမားများ၏ နောက်ကွယ်တွင် ဘာသာခြားအဖွဲ့အစည်းများ ရှိနေပါသလား၊ သံဃာတော်များကို သတ်ဖြတ်သည့် အကြမ်းဖက်သမားမည်မျှအတိုင်းအတာအထိ ဖမ်းမိထားပါလဲ၊ PDF အဖွဲ့ဝင်များကို မိဘများက အမွေပြတ်စွန့်လွှတ်နေပါကြောင်း၊ အမွေပြတ်စွန့်လွှတ်ပြီးလျှင် ၎င်းတို့သည် ဥပဒေကြောင်းအရ အရေးယူမခံရတော့ဘူးလားဆိုသည်ကိုလည်း သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က သံဃာတော်များ သတ်ဖြတ်မှုတွင်ပါဝင်သည့် တချို့တရားခံများကို မိပြီးဖြစ်ကြောင်း၊ ငါးဦးခန့်မိပြီးပြီဟု သိရပါကြောင်း၊ စာရင်းအတိအကျမသိရသေးကြောင်း၊ လိုက်လံစုံစမ်းနေဆဲဖြစ်ကြောင်း၊ နောက်ကွယ်က ပါရှိမှုအနေဖြင့် သိရသလောက် သံဃာတော်များကို ဒလန်ဟု စွပ်စွဲသတ်ဖြတ်မှုများရှိကြောင်း၊ နောက်ကွယ်က အခြားအဖွဲ့အစည်းပါဝင်မှု ယခုချိန်ထိ ထင်ရှားစွာတွေ့ရှိခြင်းမရှိကြောင်း၊ အမွေပြတ်ကြေညာခြင်းနှင့် ပတ်သက်ပြီး ဥပဒေကြောင်းအရ တရားရုံးတွင် ဦးတိုက်လျှောက်ထားပြီးမှ တရားဝင်ဖြစ်မည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများကို ခိုလှုံခွင့်ပေးထားသည့် အဆောက်အဦများ၊ မည်သူပင်ဖြစ်စေ အကြမ်းဖက်သမားဟုသတ်မှတ်ထားသည့် အဖွဲ့ဝင်ဖြစ်ပါက မည်သည့်အိမ်တွင်နေသည်ဖြစ်စေ ၎င်းသည် အကျုံးဝင်မည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများကို ခိုလှုံခွင့်ပေးထားသည့် အဆောက်အဦများနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ချက်ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ တိုက်ခန်းငှားရမ်းနေပြီး အကြမ်းဖက်မှုကျူးလွန်ကြောင်း ဖော်ထုတ်ရရှိလျှင် နေအိမ်တိုက်ခန်းငှားရမ်းစဉ် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်းကို စစ်ဆေးတွေ့ရှိရလျှင် ငှားရမ်းသည့်ပိုင်ရှင်များမှာ တာဝန်ရှိမည်ဖြစ်ပြီး သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခံရမည်ဖြစ်သည့်အပြင် အဆိုပါငှားရမ်းထားသည့် နေအိမ်၊ တိုက်ခန်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သည့်အမှုများဖြင့် ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး စစ်ဆေးပေါ်ပေါက်ပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်းကို အသိပေးထားပါကြောင်း ပြန်လည်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၁၂-၂၀၂၁ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော် (အပိုင်း-၂)
**၀၉:၁၅** စိုက်ပျိုးရေးရာအဖြေရှာ
**၀၉:၄၀** သုတို့ဒေသ သုတို့ဘ၀
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** ရုပ်မြင်သံကြားဇာတ်လမ်း 'ရှင်သန်ခြင်း'
**၁၁:၁၅** ရွှေယ်စုံလင်အာဆီယံအစီအစဉ်
**၁၁:၄၅** ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး
**၁၂:၃၀** MRTV National News
**၁၄:၀၀** 'ပေပေတို့အငြိမ့်'
**၁၆:၃၅** အသိပညာနှင့်အမှန်တရား
**၁၇:၁၀** ခေတ်အလိုက်ကြေးမုံပြင် 'ရတနာမုံခေတ်ပြောင်း'
**၁၇:၃၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၁ခုနှစ်၊ နိုဝင်ဘာလ)(ပထမပိုင်း)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမျက်နှာဖုံး' (အပိုင်း-၂၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောပေတ္တာမျှား' (အပိုင်း-၃၇)

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:26** Global Partnership for Brighter Future: Lesotho Pavilion at Expo 2020 Dubai
**07:33** Mon Traditional Dishes
**07:43** Travelogue: Trekking Around Kalaw Township
**08:01** Bottle Gourd Painting
**08:06** Karunar Kabar Home for the Aged (Nay Pyi Taw)
**08:26** Myanmar Masterclass: Artist U Kyaw Thaung
**08:39** Bago: A City Of Famous Historic Pagoda
**09:01** Myanmar's Traditions and Culture: Novicehood in Myanmar
**09:26** Friendship & Cooperation: A Message from Bali (INDONESIA)
**09:29** Ecstasy of Life
**09:35** Myanmar Traditional Instruments - Myanma Harp
**10:01** Talk & Discussion: All about Weight Loss

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်သမိုင်းအကြောင်း
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်ရိုးရာဖိနပ်လုပ်ငန်း
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ပေါ်မြေမှ ကယန်းတိုင်းရင်းသားတို့ရဲ့ တံခွန်တိုင်ပွဲတော်
**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
ခဲ့ပေါင်ဟင်းရည်ချက်နည်း
**ချင်း (ဇိုမီး) ၁၀:၀၀ မှ ၁၁:၀၀)**
ဝိတိုရိယတောင်(ခေါ်) ခေါ်နူးစုမ်
**မွန် (၁၁:၀၀ မှ ၁၂:၀၀)**
ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်
**ရခိုင် (၁၂:၀၀ မှ ၁၅:၀၀)**
မြန်မာပြည်တလွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ (အပိုင်း-၂)
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ဈေးနေ့ဝလေ့
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
သစ်ကြားသီးနှင့်ကျန်းမာရေး
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည် (အပိုင်း-၅)
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ခဲသမားတို့ရဲ့ဘ၀

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၈)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အပေါင်းအသင်း'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS တို့ နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel တို့ ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။



အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့"

"Orange the world: End violence against women now!"

၂၅-၁၁-၂၀၂၁ နေပြည်တော်


## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃၀**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ထုတ်ပေးရာတွင် နိုဝင်ဘာ ၃၀ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Evacuated Blood collection Tube ၃၉ ခု၊ Vertical Pressure Steam Sterilizer ရှစ်ခု၊ ဆေးဝါးမျိုးစုံ ၁၁ မျိုး၊ စုစုပေါင်း ၂၄၉၅၉ ဒသမ ၇၃ Kg၊ နယ်စပ် (ချင်းရွှေဟော်) တွင် ကုမ္ပဏီနှစ်ခုတို့မှ Sodium Chloride Injection ၁၆၀၂၉၀၊ Griseofunvin Tablet ၁၉၂၀၀၊ Metro Nidazole Tablet ၁၅၉၀၀၊ Dipyridamole Tablet ၂၅၀၀၀၊ Powder For Injection ၁၇၀၀၀၊ Salubtamol Aerosol Inhaler ၉၇၄၄၀၊ Indomethacin Capsule ၁၂၀၀၀၀ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၁၁ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၈၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၇၆၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၇၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၇၃၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၇၅/၁၂၉၀ ကျပ် | ၁၃၀၀/၁၃၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၈၅/၁၃၁၀ ကျပ် | ၁၃၂၀/၁၃၇၆ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၁၅/၁၃၃၀ ကျပ် | ၁၃၆၅/၁၄၅၇ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၆၅/၁၃၉၅ ကျပ် | ၁၄၇၀/၁၄၈၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၇၈၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၂၆ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၀၅ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၂ . ၉၁၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၈၀ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၂၃ . ၈၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၈၀ . ၂၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၇၇၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၃၂၀၀ | ၃၁၅၀ | ၄၉၁၃ | ၁၅၄၉၆၄၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၈၅၀ | ၂၈၅၀ | ၃၈၇ | ၁၁၀၂၉၅၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးနည်းလမ်းတွေကို လိုက်နာခြင်းဖြင့် နာဖျားနေတဲ့ကမ္ဘာကြီးကို ဝိုင်းဝန်းကယ်တင်ကြပါစို့

မောင်နန္ဒာ

ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ကမ္ဘာကြီး မကျန်းမာနေတာ နှစ်နှစ်နီးပါးရှိပြီဖြစ်ပါတယ်။ လူသားတွေမှာ ဒီကပ်ရောဂါဆိုးကူးစက်မှုကြောင့် အရွယ်မတိုင်ခင် အသက်တွေ ဆုံးရှုံးရ၊ ချစ်ခင်ရတဲ့သူတွေနဲ့ ခွဲခွာရ၊ စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုတွေနဲ့ ဖြတ်သန်းနေရတဲ့ ကာလလည်းဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံအနေနဲ့ဆိုရင်လည်း ကျန်းမာရေးကဏ္ဍအတွက် ငွေကြေးများစွာသုံးစွဲနေရပြီး ခရီးသွားလုပ်ငန်းအပါအဝင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးကဏ္ဍတွေမှာ ထိခိုက်မှုတွေ၊ ဆုံးရှုံးနစ်နာမှုတွေ ဖြစ်ပေါ်နေကြရပါတယ်။

ဒါကြောင့် ကိုဗစ်–၁၉ ကပ်ရောဂါကို ကာကွယ်တားဆီးနိုင်ဖို့ နိုင်ငံတိုင်းက အပြိုင်အဆိုင်ကြိုးစားခဲ့ကြပြီး ကာကွယ်ဆေးတွေကို ထုတ်လုပ်ခဲ့ကြတဲ့အတွက် ရောဂါဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ခဲ့ပါတယ်။ တစ်ဖက်ကလည်း ကူးစက်မှုတွေနဲ့အတူ မျိုးဗီဇပြောင်းလဲမှုအသစ်တွေဖြစ်ပေါ်နေတဲ့အတွက် ကူးစက်မှုတွေက အရှိန်မြင့်လာလိုက်၊ ကာကွယ်ဆေးတွေနဲ့ထိန်းချုပ်တဲ့အခါပြန်လည်လျော့ကျသွားလိုက်၊ မျိုးဗီဇအသစ် အသစ်တွေကြောင့် ပြန်လည်မြင့်တက်လာလိုက်နဲ့ သံသရာလည်လျက်ရှိနေပါတယ်။

ကပ်ရောဂါဗေဒအရ ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်း စသဖြင့် သတ်မှတ်ခဲ့ကြပြီး အခုအခါ ကမ္ဘာ့နိုင်ငံအချို့မှာ စတုတ္ထလှိုင်းစတင်နေပြီလို့လည်း ပြောဆိုမှုတွေ ရှိနေပါတယ်။

ကိုဗစ် –၁၉ ရောဂါဖြစ်ပွားစေတဲ့ ဗိုင်းရပ်စ်တွေနဲ့ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဓိကအုပ်စုနှစ်ခု ခွဲခြားသတ်မှတ်ထားပါတယ်။ နံပါတ်တစ်အုပ်စုက စိုးရိမ်ဖွယ်ကောင်းပြီး ကူးစက်မှုနှုန်းအလွန်မြန်တဲ့အတွက် စောင့်ကြပ်ကြည့်ရှုရမယ့် မျိုးဗီဇပြောင်းလဲမှုကို Variants of Concern လို့ သတ်မှတ်ပါတယ်။

နံပါတ်နှစ်အုပ်စုက စိတ်ဝင်တစားနဲ့ စောင့်ကြပ်ကြည့်ရှုရပြီး မကြာခင်မှာ Variants of Concern ထဲမှာ ပါဝင်နိုင်တဲ့ အလားအလာရှိတဲ့ ဗိုင်းရပ်စ်တွေကို Variants of Interest လို့ သတ်မှတ်စောင့်ကြည့်ပါတယ်။

စိတ်ဝင်တစားစောင့်ကြည့်ရတဲ့ Variants of Interest အဖြစ် စာရင်းဝင်ဖို့အတွက် (၁) မူလကိုရိုနာဗိုင်းရပ်စ်ကနေ မျိုးပြောင်းလာပြီး ရောဂါကူးစက်မှုနဲ့ ပြင်းထန်မှုအပေါ် ပြောင်းလဲလာနိုင်တယ်။ (၂) ကာကွယ်ဆေးတွေ ထိုးနှံထားခြင်းနဲ့ ကိုဗစ်ရောဂါကူးစက်ခံခဲ့ရခြင်းတို့ကြောင့် ရရှိထားတဲ့ ခန္ဓာကိုယ်ရဲ့ခုခံအားစနစ်ကို ပြန်လည်ပြီး ရှောင်လွှဲနိုင်တဲ့ အစွမ်းရှိလာနိုင်မယ်။ (၃) ရောဂါကုသရေးနဲ့ ရောဂါရှာဖွေရေးမှာ ထိခိုက်နိုင်တဲ့ အလားအလာရှိလာတယ်။ (၄) ကူးစက်မှုတွေကလည်း အချိန်နဲ့အမျှ နေရာဒေသအလိုက် များလာတယ်လို့ သတ်မှတ်ရင် Variants of Interest ထဲကို စာရင်းသွင်းဖို့ စတင်စောင့်ကြည့်ပါတယ်။ ကူးစက်မှုတွေကလည်း နိုင်ငံတော်တော်များများကို ကူးစက်ပြန့်ပွားလာတယ်။ ရောဂါအနေနဲ့လည်း ပြင်းပြင်းထန်ထန်ဖြစ်ပွားတာ တွေ့ရှိရတယ်ဆိုရင် Variants of Concern လို့ စိုးရိမ်စွာ စောင့်ကြည့်ရမယ့် ဗိုင်းရပ်စ်မျိုးကွဲစာရင်းထဲကို တစ်ဆင့်မြှင့်ပြီး ထည့်သွင်းသတ်မှတ်လေ့ရှိပါတယ်။

**လက်ရှိအချိန်မှာ သိရှိရချက်များအရ ဥရောပသမဂ္ဂနဲ့ ယူကေနိုင်ငံတို့က အာဖရိကတောင်ပိုင်းနိုင်ငံတွေနဲ့ ခရီးသွားလာမှုကန့်သတ်ချက်တွေ တိုးမြှင့်ဆောင်ရွက်မယ်လို့ သိရပါတယ်။ ဂျာမဏီ၊ ပြင်သစ်၊ အီတလီ၊ နယ်သာလန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယမ်၊ မော်လတာ၊ ချက်နိုင်ငံတွေကတော့ တောင်အာဖရိကတိုက်က ခြောက်နိုင်ငံဖြစ်တဲ့ တောင်အာဖရိက၊ နမ်မီးဘီးယား၊ လီဆိုသို၊ ဘော့ဆွာနာ၊ အက်(စ်)ဆွာတီနီ (ဆွာဇီလန်)၊ ဇင်ဘာဘွေနိုင်ငံတွေက လေယာဉ်တွေဝင်ရောက်မှုကို ကန့်သတ်လိုက်ပြီဖြစ်ပါတယ်။ အစ္စရေးနဲ့ စင်ကာပူနိုင်ငံတွေကလည်း သူ့နိုင်ငံသားတွေကို တောင်အာဖရိကနိုင်ငံကို သွားရောက်ခွင့်မပြုတော့သလို အဲဒီဒေသက ခရီးသွားတွေကိုလည်း ဝင်ရောက်ခွင့်မပြုတော့ဘူးလို့ သိရပါတယ်**

ယခုအခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ နိုဝင်ဘာလ ၂၆ ရက်နေ့ကပြုလုပ်တဲ့ နည်းပညာကွန်ဖရင့်မှာ ဒီမျိုးကွဲအသစ်နဲ့ပတ်သက်ပြီး စိုးရိမ်ဖွယ်ကူးစက်ဖြစ်ပွားမှုတွေ ဖြစ်ပေါ်နိုင်တဲ့ မျိုးဗီဇပြောင်းပိုးများအုပ်စု (Variants of Concern) မှာ အယ်(လ်)ဖာ၊ ဘီတာ၊ ဂမ်မာနဲ့ ဒယ်လ်တာတို့နဲ့အတူ အိုမီခရွန် (omicron)ကို မျိုးဗီဇပြောင်းပိုး ငါးခုမြောက်အဖြစ် ထည့်သွင်းလိုက်ပါတယ်။

**အိုမီခရွန်(omicron) (B.1.1.529) စတင်ရာက အာဖရိကတိုက်ရှိ တောင်အာဖရိကနိုင်ငံနဲ့ ဘော့ဆွာနာနိုင်ငံတို့ကလို့ ကနဦးသိရပါတယ်။ အတည်ပြုတွေ့ရှိခြင်းအနေနဲ့ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်မှ ၁၆ ရက်အတွင်းမှာ တောင်အာဖရိကနိုင်ငံမှာ တွေ့ခဲ့တာဖြစ်ပြီး လတ်တလော လူနာ ၁၀၀ ခန့်မှာ အိုမီခရွန် (omicron) မျိုးဗီဇပြောင်းပိုးတွေ့ရှိထားတယ်လို့ သိရှိရပါတယ်။ တောင်အာဖရိကမှာ ပထမဆုံးတွေ့ရတဲ့ မျိုးကွဲထက် ပိုမိုကူးစက်နိုင်တယ်လို့ ခန့်မှန်းတွက်ချက်ထားပြီး ယခုရက်ပိုင်းကူးစက်မှုတွေ မြင့်တက်နေရခြင်းက အိုမီခရွန်ကြောင့် ဖြစ်တယ်လို့လည်း ဆိုကြပါတယ်။**

ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန် (B.1.1.529) ရဲ့ဆူးချွန်မှာ မျိုးဗီဇပြောင်းလဲမှု ၃၀ ခန့်ရှိလို့ ဗီဇပြောင်းတာ အလွန်များပြားတယ်လို့ သိရပါတယ်။ (B.1.1.529)အဖြစ် စတင်တွေ့ရှိ အတည်ပြုပြီး တစ်ပတ်ခန့်အတွင်းမှာပဲ ဘော့ဆွာနာ၊ တောင်အာဖရိက၊ ဟောင်ကောင် (တရုတ်)၊ အစ္စရေး (မာလာဝီနိုင်ငံမှပြန်လာသူ)၊ ဘယ်လ်ဂျီယမ်နိုင်ငံတွေကို စတင်ပျံ့နှံ့ရောက်ရှိပြီးဖြစ်တယ်လို့လည်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရပါတယ်။

ဒီလိုဗီဇပြောင်းတာတွေများတဲ့အတွက် မူလကိုဗစ်–၁၉ ပိုးရဲ့ ရောဂါကူးစက်ပြန့်ပွားမှု၊ ဖြစ်ပွားစေတဲ့ပြုမူပုံတွေနဲ့ လုံးဝမတူတော့တာတွေဖြစ်နိုင်တာမို့ လတ်တလောမှာ သူရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို ဆက်လက်စောင့်ကြည့်လျက်ရှိပါတယ်။

ဖြစ်နိုင်ခြေရှိတဲ့ နောက်ဆက်တွဲဆိုးကျိုးတွေအနေနဲ့ ဆူးချွန်မှာပါရှိတဲ့ ခုခံအားစနစ်အရ အရေးပါတဲ့(RBD – Receptor Binding Domain) နဲ့ (NTD – N–Terminal Domain)နေရာတွေမှာ ပြောင်းလဲမှုတွေဖြစ်ခြင်းကြောင့် ကာကွယ်ဆေးတွေရဲ့ထိရောက်မှု (neutralization antibodies effects) ကို လျော့ကျစေနိုင်သလို လူလုပ်ပဋိပစ္စည်း (therapeutic monoclonal antibodies)တွေရဲ့ ထိရောက်မှုကိုလည်း လျော့ကျစေနိုင်ပါတယ်။

ဆူးချွန်မှာပါရှိတဲ့ လူ့ခန္ဓာကိုယ်ဆဲလ်ထဲကို ဝင်နိုင်အောင် ဆောင်ရွက်တဲ့အပိုင်းမှာ ပြောင်းလဲမှုတွေဖြစ်ခြင်း (H655Y + N679K + P681H) ကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုမြန်ဆန်စေနိုင်ပါတယ်။

အယ်(လ်)ဖာ၊ ဘီတာ၊ ဂမ်မာနဲ့ လမ်ဘဒါမျိုးကွဲတွေမှာလို (nsp6 deletion) ပြောင်းလဲမှုတွေကြောင့် မွေးရာပါကိုယ်ခံအားစနစ် (innate immunity) ကို ရှောင်လွှဲနိုင်စွမ်းတွေရှိလာနိုင်လို့ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုမြန်ဆန်စေနိုင်ပါတယ်။

ကိုဗစ်–၁၉ ရောဂါပိုးရဲ့အတွင်းမှာရှိတဲ့ မျိုးဗီဇ (nucleocapsid) မှာလည်း အယ်(လ်)ဖာ၊ ဂမ်မာ နဲ့ လမ်ဘဒါ မျိုးကွဲတွေမှာလို ပြောင်းလဲမှု (R203K + G204R mutations) တွေဖြစ်လို့ ရောဂါဝင်ရောက်ကူးစက်ဖြစ်ပွားနိုင်ခြင်း (infectivity) ကို မြင့်တက်လာနိုင်ဖွယ်ရှိတာတွေ့ရတယ်လို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက ပြောကြားထားပါတယ်။

လက်ရှိတောင်အာဖရိကနိုင်ငံရဲ့အခြေအနေကိုကြည့်ရရင် ကိုဗစ်–၁၉ ရောဂါကူးစက်မှုတွေဟာ မျိုးဗီဇပြောင်းလဲတဲ့ပိုးတွေ ဝင်ရောက်ကူးစက်ဖြစ်ပွားမှုနဲ့အတူ ရောဂါဖြစ်ပွားမှုတွေကို လှိုင်းအသွင်တွေ့မြင်ရတာဖြစ်ပြီး အိုမီခရွန် (omicron) ဝင်ရောက်လာမှုနဲ့အတူ လှိုင်းတစ်လှိုင်း အသစ်ဖြစ်ပွားလာနိုင်မှုရဲ့အစ အသွင်ဖြစ်နေတာမို့ သတိကြီးစွာထားပြီး စောင့်ကြည့်ရမယ့် အနေအထားဖြစ်တယ်လို့လည်း ဆိုပါတယ်။

**လက်ရှိအချိန်မှာ သိရှိရချက်များအရ ဥရောပသမဂ္ဂနဲ့ ယူကေနိုင်ငံတို့က အာဖရိကတောင်ပိုင်းနိုင်ငံတွေနဲ့ခရီးသွားလာမှု ကန့်သတ်ချက်တွေ တိုးမြှင့်ဆောင်ရွက်မယ်လို့ သိရပါတယ်။ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ နယ်သာလန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယမ်၊ မော်လတာ၊ ချက်နိုင်ငံတွေကတော့ တောင်အာဖရိကတိုက်က ခြောက်နိုင်ငံဖြစ်တဲ့ တောင်အာဖရိက၊ နမ်မီးဘီးယား၊ လီဆိုသို၊ ဘော့ဆွာနာ၊ အက်(စ်)ဆွာတီနီ (ဆွာဇီလန်)၊ ဇင်ဘာဘွေနိုင်ငံတွေက လေယာဉ်တွေဝင်ရောက်မှုကို ကန့်သတ်လိုက်ပြီဖြစ်ပါတယ်။ အစ္စရေးနဲ့ စင်ကာပူနိုင်ငံတွေကလည်း သူ့နိုင်ငံသားတွေကို တောင်အာဖရိကနိုင်ငံကို သွားရောက်ခွင့်မပြုတော့သလို အဲဒီဒေသက ခရီးသွားတွေကိုလည်းဝင်ရောက်ခွင့် မပြုတော့ဘူးလို့ သိရပါတယ်။**

မြန်မာနိုင်ငံမှာ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသလို ပြည်သူလူထုတွေရဲ့ ပူးပေါင်းပါဝင်မှုကြောင့်လည်း ရောဂါကွင်းဆက်ကို ဖြတ်တောက်နိုင်ခဲ့ပြီး တတိယလှိုင်းကို ထိန်းချုပ်နိုင်ခဲ့တဲ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းက နိုဝင်ဘာ ၂၉ ရက်မှာ ၁ ဒသမ ၈၅ ရာခိုင်နှုန်းသာ ရှိပါတယ်။

နောက်ထပ်ဖြစ်ပေါ်လာတဲ့ မျိုးဗီဇအသစ်တွေကြောင့် ရောဂါကူးစက်ပြန့်ပွားမှုတွေ ပြန်လည်မြင့်တက်လာနိုင်တဲ့အတွက် ပြည်သူလူထုအားလုံးက ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး နည်းလမ်းတွေကို ကျန်းမာရေးအသိရှိရှိနဲ့ ဆက်လက်သတိပြုလိုက်နာရမှာဖြစ်ပါတယ်။

နောက်ထပ်အရေးကြီးတာက ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက်ခံယူရမှာပါ၊ ကိုဗစ်–၁၉ ရောဂါပိုးမျိုးတွေ ဘယ်လိုပဲပြောင်းနေပါစေ ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့်ခံယူထားရင် ရောဂါဝင်ရောက်ကူးစက်ခံရရင်တောင် ရောဂါပြင်းထန်စွာဖြစ်ပွားမှုနဲ့ ရောဂါကြောင့်သေဆုံးမှုတွေကို သိသာစွာ လျှော့ချပေးနိုင်မှာဖြစ်ပါတယ်။

ကိုဗစ်–၁၉ မျိုးဗီဇပြောင်းရောဂါပိုးတွေဆိုတာ လူရဲ့ခန္ဓာကိုယ်ထဲကိုရောက်မှ သူတို့ရဲ့ အဓိကအစွမ်းသတ္တိကို ပြတာဖြစ်ပြီး လူ့ခန္ဓာကိုယ်ထဲကို ရောဂါပိုး ဝင်ရောက်ကူးစက်မှုမရှိစေရေးအတွက် အတတ်နိုင်ဆုံး မိမိတို့နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေး တတ်နိုင်သမျှ ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ နေအိမ်ပြင်ပနဲ့ လူအများစုဝေးရာ နေရာတွေကို သွားရောက်ရတဲ့အခါ ပါးစပ်၊ နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ရမှာ ဖြစ်ပါတယ်။ အဓိကက လက်ကိုမကြာခဏဆေးကြောဖို့၊ တစ်ဦးနဲ့တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်ဖို့လိုပါတယ်။ လေဝင်လေထွက်ကောင်းတဲ့နေရာတွေမှာ နေဖို့လိုပါတယ်။

ရောဂါလက္ခဏာခံစားရရင်၊ ရောဂါရှိသူနဲ့ ထိတွေ့မိရင် သက်ဆိုင်ရာကျန်းမာရေးဌာနနဲ့ ဆက်သွယ်ပြီး ဓာတ်ခွဲစစ်ဆေးတာတွေ လုပ်ဆောင်ဖို့လိုသလို အခြားသူတွေနဲ့ ဆက်လက်ထိတွေ့မှုမရှိအောင် သီးသန့်ခွဲခြားနေထိုင်တာ၊ အသွားအလာကန့်သတ်တာတွေကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေ အချိန်တိုအတွင်း ထိရောက်အောင်မြင်ပြီး လူမှုစီးပွားလုပ်ငန်းတွေ ကောင်းစွာလည်ပတ်နိုင်ဖို့အတွက် ရောဂါဖြစ်ပွားမှု ဆက်လက်ကျဆင်းဖို့နဲ့ နောက်ထပ်လှိုင်းတွေ ဖြစ်မလာဖို့က ပြည်သူတွေအားလုံး ဆက်လက်ပူးပေါင်း ဆောင်ရွက်ပေးကြဖို့ လိုပါတယ်။ ဒီလိုနည်းတွေနဲ့ နာဖျားနေတဲ့ ကမ္ဘာကြီးကို ဝိုင်းဝန်းကယ်တင်လိုက်ကြရအောင်လို့ ပြောကြားလိုပါတယ်။ ။

# ပိုင်ဆိုင်ခွင့်ကို သတ်မှတ်ပေးသည့် စာချုပ်စာတမ်း (Documents Creating Title) နှင့် ပိုင်ဆိုင်ခွင့်ကို သက်သေခံအထောက်အထားပြသည့် စာချုပ်စာတမ်း (Documents Evidencing Title)

*ဦးကျော်ကျော် (တရားရေး)*

"စာတမ်းအမှတ်အသား" (Document) ဆိုသည်မှာ အကြောင်းတစ်စုံတစ်ရာကို မှတ်သားရန်သုံးစွဲနိုင်သော သို့မဟုတ် သုံးစွဲရန် ကြံရွယ်ထားသော အက္ခရာ၊ ဂဏန်း သို့မဟုတ် တစ်ခုထက်ပိုသော ယင်းနည်းများဖြင့် မည်သည့်ဝတ္ထုပေါ်တွင်မဆို ရေးမှတ်ထားသည့်အရာတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင်အီလက်ထရောနစ်မှတ်တမ်းနှင့် သတင်းအချက်အလက်များလည်း ပါဝင်သည်။

"စာချုပ်စာတမ်း (Instrument)"ဆိုသည်မှာ သေတမ်းစာမဟုတ်သည့် စာချုပ်စာတမ်းများကို ဆိုလိုသည်။

"ငွေပေးကတိစာချုပ် (Promissory Note)" ဆိုသည်မှာ ချုပ်ဆိုသူက အတိအကျဖော်ပြထားသောငွေကို သူတစ်ပါးအား အတိအကျကန့်သတ်ထားသည့်အချိန်တွင်ဖြစ်စေ၊ တောင်းဆိုသည့်အခါဖြစ်စေ၊ ငွေပေးကတိစာချုပ်တင်ပြသည့်အခါဖြစ်စေ ပေးဆပ်ရန် ခြွင်းချက်မရှိ ဝန်ခံသောစာချုပ်ကို ဆိုသည်။

"ခံဝန်ချုပ်"ဆိုသည်မှာ သတ်မှတ်ထားသော ပြုလုပ်မှုတစ်ခုကို ဆောင်ရွက်လျှင် သို့တည်းမဟုတ် မဆောင်ရွက်လျှင် ချုပ်ဆိုထားသောခံဝန် ပျက်ပြားရမည်ဟူသော စည်းကမ်းချက်အရ တစ်ဦးတစ်ယောက်သောသူက သူတစ်ပါးအား ငွေပေးရန် ခံဝန်ပြုသော စာချုပ်ပါဝင်သည်။

ကုန်စည်ပိုင်ဆိုင်ကြောင်း စာချုပ်စာတမ်းအထောက်အထားဆိုသည့် စကားရပ်တွင် ကုန်တင်လက်မှတ်၊ ဆိပ်ကမ်းကုန်ရုံမှ ပစ္စည်းထုတ်ယူရန် ပိုင်ရှင်အားပေးသည့်လက်မှတ်၊ ကုန်လှောင်ရုံပိုင်လက်မှတ်၊ ဆိပ်ခံတံတားပိုင်ရှင်များလက်မှတ်၊ မီးရထားတန်ဆာ၊ ကုန်စည်လက်ရောက်ပေးအပ်ရန် လက်မှတ် သို့မဟုတ် အမိန့်စာ၊ ထို့ပြင် သာမန်အရောင်းအဝယ် လုပ်ရိုးလုပ်စဉ်၌ အသုံးပြုသော ကုန်စည်လက်ရှိဖြစ်ကြောင်းကိုဖြစ်စေ၊ ကုန်စည်ကို စီမံအုပ်ချုပ်ကြောင်းကိုဖြစ်စေ၊ သက်သေထင်ရှားစေသည့် သို့မဟုတ် စာချုပ်စာတမ်း လက်မှတ်လက်ရှိဖြစ်သူအား အဆိုပါလက်မှတ်၌ ဖော်ပြသည့် ကုန်စည်ကို လွှဲပြောင်းပေးရန်ဖြစ်စေ၊ လက်ခံရန်ဖြစ်စေ၊ တစ်ဆင့်ရေးမှတ်ချက်ဖြင့်သော်လည်းကောင်း၊ ပေးအပ်ခြင်း ဖြင့်သော်လည်းကောင်း၊ အခွင့်အပ်နှင်းသည့် သို့မဟုတ် အခွင့်အပ်နှင်းရာရောက်သည့် အခြားစာချုပ်စာတမ်း လက်မှတ်တစ်စုံတစ်ရာလည်း ပါဝင်သည်။

## မြေကိုလက်ရှိထားခြင်းနှင့် ပိုင်ဆိုင်ခြင်း

လူတစ်ဦးတစ်ယောက်သည် အနှောင့်အယှက်မရှိ ကာလအတန်ကြာနေထိုင်ရုံမျှဖြင့် အလိုအလျောက် မြေပိုင်ရှင်အဖြစ်သို့ ရောက်ရှိသွားကြောင်း ဥပဒေပြဋ္ဌာန်းချက်မရှိပေ။ မြေကိုလက်ရှိထားခြင်းနှင့် ပိုင်ဆိုင်ခြင်းတို့သည် သီးခြားအကြောင်းအရာများ ဖြစ်သည်။

မရွှေ့မပြောင်းနိုင်သောပစ္စည်းကို မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ခြင်းမရှိလျှင် တရားဝင်ပိုင်ဆိုင်ခွင့် မရရှိသောကြောင့် လက်ရောက်ရထိုက်သည့် သက်သာခွင့်ကိုရရန်အကြောင်းမရှိပေ။

စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်ပြီးဖြစ်သော စာချုပ်စာတမ်းသည် စာချုပ်ချုပ်ဆိုသည့် နေ့ရက်မှစ၍ အကျိုးသက်ရောက်မှုရှိရမည်။ ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် သက်ဆိုင်လျှင် ယင်းပစ္စည်းများနှင့် စပ်လျဉ်း၍ စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့် ဆန့်ကျင်သော နှုတ်ကတိ သို့မဟုတ် အကြောင်းကြားကြေညာချက်ကို လွှမ်းမိုး၍ အကျိုးသက်ရောက်မှုရှိစေရမည်။

စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (င) တို့ပါစာချုပ်စာတမ်းများနှင့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဂ)တို့ပါ စာချုပ်စာတမ်းများကို မှတ်ပုံတင်ထားလျှင် ယင်းစာချုပ်စာတမ်းပါပစ္စည်းနှင့် သက်ဆိုင်သော ကတိပြုချက်နှင့် စည်းကမ်းချက်များသည် တရားဝင်ဖြစ်သည်။

## မှတ်ပုံတင်စာချုပ်ဖြစ်မှသာ

ပိုင်ဆိုင်ခွင့်ရှိကြောင်း အထောက်အထားအဖြစ်တင်ပြလျှင် စာချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေ ပုဒ်မ ၄၉ (ဂ) အရ မှတ်ပုံတင်စာချုပ်ဖြစ်မှသာ သက်သေခံအဖြစ် လက်ခံရမည်ဖြစ်သည်။ ပစ္စည်းအပေါ် မည်သို့မည်ပုံ လက်ရှိဖြစ်ခဲ့သည်ဆိုသော အချက်အလက်များအတွက် မှတ်ပုံမတင်သောအရောင်းစာချုပ်ကို စာချုပ်စာတမ်းမှတ်ပုံတင် အက်ဥပဒေပုဒ်မ ၄၉ ၏ ခြွင်းချက်အရ သက်သေခံအဖြစ်လက်ခံခွင့်ပြုနိုင်သည်။

အမှုတွင် အရေးကြီးသောငြင်းချက်ဖြစ်သည့် အချင်းဖြစ်မြေကို ပိုင်မပိုင်ဟူသည့်အချက်နှင့် ပတ်သက်၍ အယူခံတရားလိုဘက်မှ တင်ပြသည်မှာ သက်သေခံမြေပုံနှင့် သက်သေခံမြေ အတ္ထုပ္ပတ္တိတို့ဖြစ်သည့်အပြင် အချင်းဖြစ်မြေကို လေလံတင်ရောင်းစဉ်အခါကရှိနေ၍ သိရှိသူ၏ သက်သေထွက်ချက်ဖြစ်သည့် သက်သေခံစာများမှာ ပိုင်ဆိုင်ခွင့်ပေးနိုင်သော စာရွက်စာတမ်း (document creating a title) မဟုတ်ဘဲ၊ ပိုင်ဆိုင်ကြောင်းကိုပြသရာတွင် တန်ဖိုးရှိသော စာရွက်စာတမ်း (document evidencing title) ဟု ယူဆသည်။

ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၈(စ)တွင် "ပိုင်ဆိုင်မှုနှင့် ပတ်သက်သောစာချုပ်စာတမ်း" (Documents of Title) ဟုပါရှိသည်။ ယင်းကဲ့သို့ဖော်ပြထားသည့် စကားရပ်တွင် စာချုပ်စာတမ်းအမျိုးအစား နှစ်မျိုးရှိသည်။ တစ်မျိုးမှာ "ပိုင်ဆိုင်ခွင့်ကို သတ်မှတ်ပေးသည့်စာချုပ်စာတမ်း(Documents Creating Title) နှင့် နောက်တစ်မျိုးမှာ "ပိုင်ဆိုင်ခွင့်ကို သက်သေခံအထောက်အထားပြသည့် စာချုပ်စာတမ်း" (Documents Evidencing Title) တို့ဖြစ်သည်။ ဦးပိုင်ရာဇဝင်မှတ်တမ်းမှာ "ပိုင်ဆိုင်ခွင့်ကို သက်သေခံအထောက်အထားပြသည့် စာချုပ်စာတမ်း" အမျိုးအစားတွင် ပါဝင်သည်။

It is necessary to distinguish between documents creating a title and documents evidencing title; it seems desirable to restrict as far as possible to the former category, deeds the deposit of which can validly create a mortgage by deposit of title deeds.

**လူတစ်ဦးတစ်ယောက်သည် အနှောင့်အယှက်မရှိ ကာလအတန်ကြာနေထိုင်ရုံမျှဖြင့် အလိုအလျောက် မြေပိုင်ရှင်အဖြစ်သို့ ရောက်ရှိသွားကြောင်း ဥပဒေပြဋ္ဌာန်းချက်မရှိပေ။ မြေကိုလက်ရှိထားခြင်းနှင့် ပိုင်ဆိုင်ခြင်းတို့သည် သီးခြားအကြောင်းအရာများ ဖြစ်သည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ခြင်းမရှိလျှင် တရားဝင်ပိုင်ဆိုင်ခွင့် မရရှိသောကြောင့် လက်ရောက်ရထိုက်သည့် သက်သာခွင့်ကိုရရန် အကြောင်းမရှိပေ**

## ဂရန်ချထားခြင်းနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်

ဂရန်ချထားခြင်းနှင့်စပ်လျဉ်းသည့် လုပ်ပိုင်ခွင့်ကို ဥပဒေအရ ပြဋ္ဌာန်းထားရှိသည်။ အောက်မြန်မာပြည်ရှိ မြေများသည် အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေနှင့်သက်ဆိုင်ပြီး အထက်မြန်မာပြည်ရှိ မြေများမှာ အထက်မြန်မာပြည်မြေနှင့် အခွန်တော်စည်းမျဉ်းဥပဒေတွင် အကျုံးဝင်သည်။ အဆိုပါ ဥပဒေများအရ အစိုးရက ချထားပိုင်ခွင့်ရှိသည့်မြေများတွင် လူနေထိုင်ရန်အတွက်ဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းများအတွက်ဖြစ်စေ၊ အဆောက်အအုံဆောက်လုပ်အသုံးပြုရန်အတွက်ဖြစ်စေ ဂရန်၊ အငှားဂရန်နှင့် လိုင်စင်များချထားပေးသည်။ မြို့မြေအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးသော မြို့များတွင် လူနေထိုင်ရန်နှင့် စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ရန် အငှားသက်တမ်း အနှစ် ၃၀ ခွင့်ပြုပြီး အနှစ် ၃၀ ကုန်ဆုံးတိုင်း နောက်ထပ်အနှစ် ၃၀ စီနှင့် စုစုပေါင်း အနှစ် ၉၀ အထိ လဲလှယ်ခွင့်ရှိသည့် မြေငှားစာချုပ်ကို ဂရန်ဟု ခေါ်ဆိုသည်။

အစိုးရဂရန်ရရှိထားသူသည် ကျူးကျော်သူအား ဂရန်သက်တမ်းအတွင်းတွင် တရားစွဲဆိုရာ အမှုအတောအတွင်း ဂရန်သက်တမ်းကုန်ဆုံးသွားစေကာမူ လက်ရောက်ရခွင့်ရှိသည်ဟု ပြဆိုသည်။

မြေဂရန်ဆိုသည်မှာ မြေအသုံးပြုနိုင်သော အခွင့်အရေးဖြစ်သည်။ အဆိုပါအခွင့်အရေးသည် ဂရန်စာချုပ်တွင် ခွင့်ပြုထားသည့်သက်တမ်းအတွင်းသာ အကျိုးခံစားခွင့်ရရှိနိုင်သည်။

အချင်းဖြစ်မြေသည် အစိုးရပိုင်မြေဖြစ်ကြောင်း ဦးလှရွှေ၏ အစစ်ခံချက်အရ အငြင်းပွားမှုမရှိချေ။ ဦးလှရွှေက အချင်းဖြစ်မြေကို ပိုင်ဆိုင်ကြောင်း (Title) အား အခြေပြုစွဲဆိုခြင်းဖြစ်ရာ မူလရုံးက သုံးသပ်သည့်အတိုင်း အစိုးရမြေကို ဦးလှရွှေက ပိုင်ဆိုင်ခွင့် မရရှိနိုင်ချေ။ **(ဦးလှရွှေနှင့် ဒေါ်အုံးမြင့်၊ ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ-၁၃၇)**

ပိုင်ဆိုင်မှု (TITLE) အတွက် တရားမကြီးမှုများ စွဲဆိုနေခြင်းရှိသည့်အချက်မှာ ပိုင်ဆိုင်မှုကို တရားမ တရားရုံးများက စိစစ်ဆုံးဖြတ်ရပြီး တစ်ဦးတစ်ယောက်၏ ပြုမှုဆောင်ရွက်မှုသည် ပြစ်မှုနှင့်ငြိစွန်းခြင်းရှိ မရှိကို ပြစ်မှုဆိုင်ရာ တရားရုံးကသာ စီရင်ဆုံးဖြတ်ရသည်။

## အာမခံတာဝန်ယူထားသည့် ပိုင်ဆိုင်ခွင့်

ပစ္စည်းပိုင်ရှင်သည် မိမိ၏ပစ္စည်းကိုအခြားသူအား ရောင်းလိုက်သောအခါ ပစ္စည်းတွင် ပိုင်ဆိုင်ခွင့် (ownership)မရှိတော့သည်မှာ မှန်သော်လည်း ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ ၅၅(၂)အရ ရောင်းလိုက်သည့်ပစ္စည်းနှင့် စပ်လျဉ်းပြီး အာမခံတာဝန်ယူထားသော ပိုင်ဆိုင်ခွင့် (warranty of title) ရှိနေသေးသည်ဟု ယူဆရန်ဖြစ်၍ ထိုသို့သော အာမခံတာဝန်ယူထားသည့် ပိုင်ဆိုင်ခွင့် (warranty of title) သည် ရောင်းချလိုက်သော ပစ္စည်းနှင့်စပ်လျဉ်းပြီး (in relation to the property) ရှိနေသေးသည်ဟု ဆိုရပေမည်။ ထိုသို့သော (warranty of title) ရှိနေသောကြောင့်သာလျှင် ပစ္စည်းဝယ်ယူသူက ၎င်းဝယ်ယူသော ပစ္စည်းများတွင် ပစ္စည်းရောင်းချသူ ပိုင်ဆိုင်ခွင့်မရှိကြောင်းကို သိရှိခဲ့လျှင် ပစ္စည်းရောင်းချသူအား ဝယ်ယူသောပစ္စည်းအဖိုးငွေကိုသော်လည်းကောင်း သို့မဟုတ် လျော်ကြေးကိုသော်လည်းကောင်းရရှိရန် တရားစွဲဆိုခြင်းပြုနိုင်ပေသည်။

## လက်ရှိထားပိုင်ခွင့်

မြန်မာနိုင်ငံရှိ တရားရုံးများသည် လက်ရှိထားပိုင်ခွင့် (Possessory title) ကို တညီတညွတ်တည်း အသိအမှတ်ပြု ဆုံးဖြတ်ခဲ့သည်။ ပိုင်ဆိုင်ခွင့်တစ်စုံတစ်ရာမရှိဘဲ ပစ္စည်းလက်ရှိဖြစ်သူသည် ထိုပစ္စည်းတွင် ဆိုင်ရေးဆိုင်ခွင့် (interest) ရှိ၍ ထိုဆိုင်ရေးဆိုင်ခွင့်ကို အမွေဆက်ခံရရှိသည်။ ထိုဆိုင်ရေးဆိုင်ခွင့်မှာ ပိုင်ရှင်အစစ်မှတစ်ပါး ခပ်သိမ်းကုန်သောသူတို့အပေါ် ခိုင်မာသည်။ ပိုင်ရှင်အသွင်ဖြင့် မြေလက်ရှိဖြစ်ပြီး ပိုင်ရှင်၏ သာမန်အခွင့်အရေးကို သုံးစွဲနေထိုင်သူတစ်ဦးသည် ပိုင်ရှင်အစစ်မှတစ်ပါး ခပ်သိမ်းကုန်သောသူတို့နှင့် စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့် အခိုင်အမာရှိသည်။ ပိုင်ရှင်မဟုတ်သော အခြားသူက ထိုသို့လက်ရှိထားခြင်းကို အနှောင့်အယှက်ပြုလာလျှင် လက်ရှိထားသူသည် သီးခြားသက်သာခွင့်အက်ဥပဒေအရ လက်ရောက်ရလိုကြောင်း စွဲဆိုနိုင်သည်။

အခွန်မြေပုံတွင် နာမည်ပေါက်ရုံမျှဖြင့် နာမည်ပေါက်သူသည် မြေ၏ပိုင်ရှင်ဖြစ်သည်ဟု ယူဆခြင်းမပြုနိုင်ပေ။

ထွက်ဆိုချက်များအရ အချင်းဖြစ်မြေမှာ လယ်ယာမြေမဟုတ်ဘဲ ရွာမြေဖြစ်ကြောင်း ပေါ်ပေါက်သည်။ ရွာဘုံမြေဖြစ်၍ ဦးပိုင်မထွက်ချေ။ ယင်းမြေမှာ ဂရန် သို့မဟုတ် လိုင်စင်အငှားချထားနိုင်သည့် မြေမျိုးလည်း မဟုတ်ချေ။ အစိုးရပိုင် ရွာမြေသာဖြစ်သည်။

## ဂရန်သက်တမ်း

အထက်မြန်မာပြည် မြေနှင့် အခွန်စည်းမျဉ်းဥပဒေပုဒ်မ ၂၅(က) ပြဋ္ဌာန်းချက်အရ အစိုးရက ဂရန်ထုတ်ပေးထားခြင်းမျိုး မရှိသော အစိုးရပိုင်မြေပေါ်တွင် နေထိုင်သူသည် အမွေဆက်ခံခွင့်၊ လွှဲပြောင်းပိုင်ခွင့်မရှိပေ။ အစိုးရက ဂရန်ထုတ်ပေးမှသာလျှင် ထိုမြေနှင့်စပ်လျဉ်း၍ အမွေဆက်ခံခွင့်၊ လွှဲပြောင်းပိုင်ခွင့်ရရှိသည်။ အချင်းဖြစ်မြေမှာ မူလက ဖခင် ဦးမြတ်စံအမည်ဖြင့် ဂရန်ရရှိခဲ့ရာ ဂရန်သက်တမ်းကာလအတွင်း ဦးမြတ်စံသည် လွှဲပြောင်းပိုင်ခွင့်ရှိသည်။ သို့ရာတွင် ၁၂-၇-၁၉၇၅ နေ့တွင် ဒေါ်ခင်ဌေးမြင့် အမည်ဖြင့် ဂရန်ချထားလိုက်သည်နှင့် တစ်ပြိုင်နက် ဂရန်မြေနှင့် စပ်လျဉ်းသည့် ဦးမြတ်စံ၏ အခွင့်အရေးများ ကုန်ဆုံးသွားပြီးဖြစ်သည်။

*စာမျက်နှာ ၂၃ သို့*

# အန်းဒရွိုက် ၁၂ ကိုအခြေခံသော One UI 4.0 ရရှိနိုင်မည့် ဖုန်းများစာရင်းကို ဆမ်ဆောင်းက ထုတ်ပြန်ကြေညာ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ဆမ်ဆောင်း၏ ဂလက်စီဖုန်းများထဲမှ အန်းဒရွိုက် ၁၂(Android 12)ကိုအခြေခံသော UI ဖြစ်သည့် One UI 4.0 ပထမဆုံး စတင်ပါဝင်လာသော Galaxy S 21 စီးရီးများကို ဆမ်ဆောင်းက နိုဝင်ဘာ ၁၅ ရက်က စတင်မိတ်ဆက်ခဲ့ပြီး ယခင်ရောင်းချထားပြီးသော ဖုန်းအဟောင်းများထဲမှ One UI 4.0 သို့ Update လုပ်နိုင်မည့် ဖုန်းများ၏စာရင်းကိုလည်း ထိုနေ့မှာပင် ဆမ်ဆောင်းက ထုတ်ပြန်ခဲ့သည်။

One UI 4.0 အပ်ဒိတ်ကို ရရှိနိုင်မည့် ဖုန်းမော်ဒယ်အဟောင်းများတွင် Galaxy S စီးရီး၊ Note စီးရီး၊ A စီးရီးတို့မှဖုန်းများ၊ မျက်နှာပြင်ကိုခေါက်နိုင်သည့် ဖုန်းများဖြစ်သော Z စီးရီးမှဖုန်းများ၊ တက်ဘလက်များနှင့် Galaxy Watch နာရီများ ပါဝင်ပြီး မော်ဒယ်များမှာ အောက်ပါဇယားအတိုင်းဖြစ်သည်။ အပ်ဒိတ်ရရှိနိုင်မည့်အချိန်ကိုမူ အတိအကျ မကြေညာသေးသလို အပ်ဒိတ်များပေးရာတွင်လည်း ကမ္ဘာ့ဈေးကွက်အတွင်း ဒေသအလိုက် ရရှိမည့်အချိန် ကွာခြားမှုရှိနိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

| | |
|---|---|
| S စီးရီး | Galaxy S20, S20+, S20 Ultra, S20 FE, S10, S10e, S10+, S10 5G, |
| Note စီးရီး | Note 20, Note 20 Ultra, Note 10, Note 10+, |
| A စီးရီး | A82 5G၊ A72၊ A52၊ A52 5G၊ A52s 5G၊ A42 5G |
| တက်ဘလက်များ | Galaxy Tab S7, Galaxy Tab S7+ |
| ခေါက်ဖုန်းများ | Galaxy Fold, Z Fold3, Z Flip3, Z Fold2, Z Flip, Z Flip 5G |
| စမတ်နာရီများ | Galaxy Watch, Galaxy Watch Active, Galaxy Watch Active2, Galaxy Watch3 |

အဆိုပါဖုန်းစာရင်းတွင် ယခု ၂၀၂၁ ခုနှစ်အတွင်း ထွက်ထားသော ဖုန်းများနှင့် တက်ဘလက်များသာမက ယခင် ၂၀၂၀ အတွင်းက ထွက်ရှိထားသော ဖုန်းမော်ဒယ်အဟောင်းများပါ ပါဝင်နေသဖြင့် ပြည်တွင်းမှ ဆမ်ဆောင်းဖုန်းအသုံးပြုသူများအတွက် ပို၍အဆင်ပြေစေပြီး ဖုန်းအသစ်လဲရန်မလိုဘဲ Update လုပ်ရုံဖြင့် အန်းဒရွိုက်ဗားရှင်းသစ်ဖြစ်သည့် အန်းဒရွိုက် ၁၂ ၏ အရသာကို စမ်းသုံးနိုင်မည်ဖြစ်ကြောင်း ဆမ်ဆောင်းဖုန်းများကိုသာ အမြဲအသုံးပြုခဲ့သူတစ်ဦးက ပြောသည်။

One UI 4.0 တွင် အန်းဒရွိုက် ၁၂ မှ Material You လုပ်ဆောင်ချက်ကို အခြေခံထားသည့် သုံးစွဲသူစိတ်ကြိုက် ရွေးချယ်နိုင်သော ဒီဇိုင်းပိုင်းလုပ်ဆောင်ချက်နှင့် စွမ်းဆောင်ရည်အသစ်များ ပါဝင်မည်ဖြစ်သည်။ ရွေးချယ်နိုင်သော အရောင်အသစ်များစွာဖြင့် Home Screen မှစ၍ အိုင်ကွန်များ၊ မီနူး၊ ခလုတ်များ၊ Widget များနှင့် နောက်ခံများကို စိတ်ကြိုက်ပြောင်းလဲနိုင်သလို ကိုယ်ပိုင်အီမိုဂျီများ၊ GIF ပုံများနှင့် စတစ်ကာများကိုလည်း ဖန်တီးနိုင်မည်ဖြစ်သည်။



လုံခြုံရေးဆိုင်ရာ အဆင့်မြှင့်တင်မှုအနေဖြင့်လည်း အန်းဒရွိုက် ၁၂ တွင် ပါဝင်သည့် Privacy Dashboard ကို အခြေခံထားသော လုပ်ဆောင်ချက်ဖြင့် ဖုန်းတစ်ခုလုံး၏ လုံခြုံရေးပိုင်းဆိုင်ရာများကို အလွယ်တကူ စီမံခန့်ခွဲ၍ ပိုမိုလုံခြုံစွာ အသုံးပြုနိုင်မည်ဖြစ်သည်။

ထို့အပြင် ဆမ်ဆောင်းက အမြဲလုပ်ဆောင်နေသော Ecosystem ပိုင်းဆိုင်ရာ ဆက်သွယ်နိုင်မှုများလည်း ပါဝင်မည်ဖြစ်ကာ အဆိုပါလုပ်ဆောင်ချက်ဖြင့် Ecosystem ပိုင်းဆိုင်ရာ စက်ပစ္စည်းများဖြင့် ပိုမိုအဆင်ပြေစွာ ချိတ်ဆက်နိုင်ပြီး ဆမ်ဆောင်းနှင့် ပူးပေါင်းလုပ်ကိုင်နေသည့် Google ကဲ့သို့ ပြင်ပ အက်ပလီကေးရှင်းများကိုလည်း ပိုမိုကောင်းမွန်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ကိုးကား-Samsung.com)**

**ကိုစိုး**

## New Product

# မျက်နှာပြင်အပြည့်နီးပါး အသုံးပြုနိုင်မယ့် Huawei Nova 8i စမတ်ဖုန်းသစ်

ဟွာဝေးရဲ့ ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်တဲ့ Nova 8i ကို တရုတ်နိုင်ငံတွင်းဈေးကွက်မှာ ဇူလိုင်လကတည်းက စတင်ရောင်းချခဲ့ပေမယ့် မြန်မာပြည်တွင်းဈေးကွက်ကိုတော့ နိုဝင်ဘာ ၂၆ ရက်ကမှ တရားဝင် စတင်ဝင်ရောက်လာတာဖြစ်ပါတယ်။ အလွန်ကျဉ်းမြောင်းတဲ့ ဘေးဘောင်တွေအပြင် ဟွာဝေးရဲ့ Edgeless Display နည်းပညာကြောင့် နိုင်ငံတကာမှာရော ပြည်တွင်းဈေးကွက်မှာပါ "ဘောင်ပျောက်ဖုန်း"လို့ နာမည်ရနေပြီး ကျယ်ပြန့်တဲ့မျက်နှာပြင်ကို Full Screen နီးပါး အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဟွာဝေးကတော့ မျက်နှာပြင်ကို ၉၄ ဒသမ ၇ ရာခိုင်နှုန်းအထိ အသုံးပြုနိုင်မယ်လို့ ထုတ်ပြန်ထားပါတယ်။ Huawei Nova 8i ရဲ့ အဓိကအချက်အချို့ကို ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၆၇ လက်မ |
| မျက်နှာပြင်အမျိုးအစား | IPS LCD |
| Resolution | 1080 x 2376 pixels |
| အန်းဒရွိုက်ဗားရှင်း | Android 10, EMUI 11 |
| Chipset | Snapdragon 662 (11 nm) |
| CPU | Octa-core |
| RAM နဲ့ မင်မိုရီ | 6/128, 8/128(မင်မိုရီကတ်စိုက်မရ) |
| ပင်မကင်မရာ | 64 + 8 + 2 + 2MP (Quad Cam) |
| ဆယ်လ်ဖီကင်မရာ | 16 MP(wide) |
| USB | Type-C 2.0 |
| ဘက်ထရီ | Li-Po 4300 mAh, |
| အားသွင်းစနစ် | 66W အမြန်အားသွင်းစနစ် |

ဟွာဝေး Nova စီးရီးထဲကဖုန်းတွေဟာ ကင်မရာပိုင်းမှာ အထူးကောင်းမွန်တဲ့ထုံးစံအတိုင်း ဒီဖုန်းမှာလည်း ကင်မရာပိုင်း စွမ်းရည်မြင့်သလို အခြား မြင့်မားတဲ့စွမ်းဆောင်ရည်တွေလည်း ပါဝင်ပါတယ်။ ကင်မရာလေးလုံးကို စက်ဝိုင်းပုံထဲမှာ ထည့်ထားတဲ့ ကိုယ်ထည်ဒီဇိုင်းကလည်း လှပပါတယ်။ Google Services တွေကို အသုံးမပြုနိုင်တာနဲ့ Snapdragon 662 Chipset ကြောင့် နောက်ဆုံးထွက်ဂိမ်းအမြင့်တွေကို ကစားတဲ့အခါ အဆင်မပြေနိုင်တာကတော့ ဒီဖုန်းရဲ့ အားနည်းချက်တွေဖြစ်ပါတယ်။ ဂိမ်းအမြင့်တွေကို မကစားဘဲ ကင်မရာကောင်းတဲ့ဖုန်းကို ကိုင်ချင်သူတွေအတွက် ပိုမိုသင့်တော်မယ့်ဖုန်းဖြစ်ပါတယ်။

အလယ်အလတ်တန်းဖုန်းတွေထဲမှာ ရွေးချယ်စရာတစ်ခုဖြစ်တဲ့ Nova 8i ကို တရုတ်နိုင်ငံဈေးကွက်ထဲမှာ RAM နှစ်မျိုးနဲ့ဖြန့်ပေမယ့် ပြည်တွင်းဈေးကွက်မှာတော့ 8/128 တစ်မျိုးတည်းကိုပဲ တွေ့ရပါသေးတယ်။ ကိုယ်ထည် အရောင်အနေနဲ့ ငွေရောင်၊ အပြာရောင် နဲ့ အနက်ရောင် သုံးမျိုးရနိုင်ပါတယ်။ ဈေးနှုန်းက ကျပ် ၅၉၉၀၀၀ ဖြစ်ပါတယ်။



**ကိုစိုး**

## Game Review

# အော့ဖ်လိုင်းကစားနိုင်တဲ့ FGB Operators သေနတ်ပစ်ဂိမ်း

ဒီဂိမ်းဟာ ထွက်ထားတာ တစ်နှစ်လောက်ရှိပြီဖြစ်ပေမယ့် အခုအချိန်အထိ ဂိမ်းဝါသနာရှင်တွေ အကြိုက်တွေ့နေဆဲဖြစ်တဲ့ First Person Shooter အမျိုးအစား သေနတ်ပစ်ဂိမ်းဖြစ်ပါတယ်။ ဂိမ်းထဲမှာပေးထားတဲ့ သေနတ်အမျိုးမျိုးထဲက ကြိုက်ရာကိုရွေးပြီး အကြမ်းဖက်သမား ရန်သူတွေကို ပစ်ခတ်နှိမ်နင်းရမယ့်ဂိမ်းဖြစ်ပါတယ်။ ဇာတ်လမ်းသွားပုံစံမျိုး မဟုတ်ဘဲ အခန်းတစ်ခန်းချင်း ကစားရမှာဖြစ်ပြီး အခန်းတိုင်းမှာ ရန်သူတွေကို ပစ်နေရမှာဖြစ်ပါတယ်။ ကောင်းမွန်တဲ့ 3D ဂရပ်ဖစ်တွေနဲ့အတူ သေနတ်အမျိုးအစား၊ ရန်သူအမျိုးအစားတွေ စုံလင်တာ၊ ဂိမ်းကွန်ထရိုးပိုင်း ကောင်းတာနဲ့ အော့ဖ်လိုင်းကစားနိုင်တာတွေကြောင့် လူကြိုက်များတာဖြစ်ပါတယ်။




ဂိမ်းဖိုင်ဆိုက်က 418 MB ရှိပြီး ဒီဂိမ်းကို ပလေးစတိုးမှာ FGB Operators MOAB လို့ ရိုက်ရှာပြီး ဒေါင်းလုပ်ယူနိုင်ပါတယ်။ အခမဲ့ရနိုင်မှာမဟုတ်ဘဲ မြန်မာငွေ ၇၇၃ ကျပ်နဲ့ ဝယ်ယူရမှာဖြစ်ပြီး စထွက်တုန်းကဆိုရင် ကျပ် ၂၀၀၀ အထိ ပေးခဲ့ရတာကနေ ဈေးကျသွားတာဖြစ်ပါတယ်။ ဒါပေမယ့် အခပေးဂိမ်းတွေကို အွန်လိုင်းမှာ အခမဲ့ပြန်တင်ပေးထားတဲ့ ဝက်ဘ်ဆိုက်တွေရှိတာကြောင့် နိုင်ငံခြားဝက်ဘ်ဆိုက်အချို့ကနေ အခမဲ့ဒေါင်းလုပ်ဆွဲယူနိုင်မှာဖြစ်ပါတယ်။ **ကျော်ဇင်ဦး**

# ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီ ဘေးမဲ့တောတို့မှ ပွင့်လင်းရာသီ၌ ခရီးသွားများအား ဆွဲဆောင်နေ

**ရန်ကုန်  နိုဝင်ဘာ ၃၀**

မြန်မာပြည်၏ ဂုဏ်ယူဖွယ်ရေခဲတောင်များ တည်ရှိရာ ကချင်ပြည်နယ် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီ ဘေးမဲ့တောတို့သည် ပွင့်လင်းရာသီသို့ ဝင်ရောက်လာပြီဖြစ်ရာ ရေခဲတောင်တို့၏ သဘာဝများ ပိုမိုပေါ်လွင်လာလျက်ရှိပြီး ဇီဝမျိုးစုံမျိုးကွဲတို့တည်ရှိရာ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီဘေးမဲ့တောတို့သည်လည်း ယခုလို ပွင့်လင်းရာသီတွင် ခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။

ပူတာအိုတွင် ဇီဝမျိုးစုံမျိုးကွဲပြခန်းကို ပြသထားပြီး ရေခဲတောင်များတည်ရှိသော ခါကာဘိုရာဇီသို့ သွားရောက်လျှင် ပူတာအိုမှ နောင်မွန်းမြို့သို့ ၇၅ မိုင်၊ နောင်မွန်းမှ ပန်နန်းဒင်သို့ ၄၂ မိုင်ခရီးရှိ၍ ပန်နန်းဒင်မြို့နယ်ခွဲမှ အတွင်းပိုင်းသို့ ငါးရက်၊ ခုနစ်ရက် ခရီးသွားရောက်လေ့ရှိသည်။ ပူတာအိုခရိုင်၏ အနောက်ဘက်တွင်ရှိသော ဖုန်ကန်ရာဇီ ဘေးမဲ့တောသို့ နှင်းများပျော်ချိန်၌ တစ်ညအိပ်ခရီးဖြင့် သွားရောက်နိုင်ပြီး ပူတာအိုခရိုင်တွင် ဖုန်ကန်ရာဇီ ဘေးမဲ့တောနှင့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်တို့ နယ်နိမိတ်ဆက်စပ်လျက်ရှိသည်။ ဖုန်ကန်ရာဇီ ဘေးမဲ့တောသည် ပူတာအိုမြို့တွင် တည်ရှိပြီး ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် ပန်နန်းဒင်မြို့နယ်ခွဲမှ စတင်၍ အတွင်းပိုင်းသို့ ဝင်ရောက်ရခြင်းဖြစ်သည်။ ပူတာအိုမှ ခါကာဘိုရာဇီတွင်ရှိသော ရေခဲတောင်ကို တွေ့မြင်ရန်ခဲယဉ်းသော်လည်း ဖုန်ကန်ရာဇီဘေးမဲ့တောမှ ရေခဲတောင်များအလှကို တွေ့မြင်နိုင်သည်။



ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့် ထိစပ်နေသည့် ခါကာဘိုရာဇီ ရေခဲတောင်အလှကို ပွင့်လင်းရာသီတွင် တွေ့ရစဉ်။

"ပွင့်လင်းရာသီမှာ ခါကာဘိုရာဇီကို သွားမယ်ဆိုရင် အားလုံးပြင်ဆင်ပြီးမှ သွားရမှာပါ။ ခရီးလည်းဝေးတဲ့အတွက်ကြောင့်ပါ။ ဒါက ခရီးသွားကဏ္ဍအတွက်ပါ။ ပြီးတော့ ကျွန်တော်တို့နိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်တဲ့ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နဲ့ ဖုန်ကန်ရာဇီ ဘေးမဲ့တောဟာ ပြည်တွင်းပြည်ပခရီးသွားတွေကို ဆွဲဆောင်နေတယ်ဆိုတာက ဇီဝမျိုးစုံ မျိုးကွဲတွေ တည်ရှိနေတဲ့အပြင် ဒေသမျိုးရင်းရုက္ခနဲ့ ဇီဝတွေ တည်ရှိနေတာကြောင့်ပါ။ မြန်မာပြည်ရဲ့ အလှဆုံးနေရာဖြစ်တဲ့အတွက် ပြည်တွင်းခရီးသွားတွေတော့ နှစ်စဉ်ဝင်ရောက်ပါတယ်"ဟု ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်စိုးက ပြောကြားသည်။

အာဆီယံနိုင်ငံများအနက် ရေခဲတောင်များနှင့် သဘာဝအလှကို ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံသည် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီ ဘေးမဲ့တောကိုလည်း ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးအား ပူတာအိုမြို့ပေါ်တွင် ထားရှိပြီး ဇီဝမျိုးစုံမျိုးကွဲပြခန်း၊ ဒေသမျိုးရင်း သစ်ခွဥယျာဉ်နှင့် ကိုရီးယားနိုင်ငံ အမျိုးသားဇီဝသိပ္ပံနှင့် ပူးပေါင်းဆောင်ရွက်သော သုတေသနပြခန်းတို့ကို ထားရှိသည်။ အဆိုပါ ဇီဝမျိုးစုံမျိုးကွဲပြခန်း၌ ထူးခြားသော ရေခဲတောင်များ၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အတွင်းရှိ နို့တိုက်သတ္တဝါများ၏ ဓာတ်ပုံမှတ်တမ်းများ၊ ကမ္ဘာ့ရွှေ့ပြောင်းငှက်များ လမ်းကြောင်းနှင့် ကျက်စားရာ နေရာ၊ ထိုဒေသတွင်ရှိသော ဇီဝမျိုးစုံမျိုးကွဲများအား မှတ်တမ်းတင်ထားသောဓာတ်ပုံများ၊ အခြေခံခရီးသွားလုပ်ငန်းကို အထောက်အပံ့ဖြစ်စေသည့် ခရီးစဉ်နှင့် လေ့လာရန်နေရာများ စသည်တို့ကို ပြသထားသည်။

မိုးရာသီကုန်ဆုံး၍ ဆောင်းရာသီသို့ဝင်ရောက်ချိန်နှင့် ဆောင်းအကုန် နွေအကူးတို့တွင် ခါကာဘိုရာဇီ ရေခဲတောင်တို့၏အလှကို ထင်ထင်ရှားရှား တွေ့မြင်ရလေ့ရှိပြီး ခရီးသွားများ နှစ်ခြိုက်သော အချိန်အခါလည်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ထူးခြားသော ရေခဲတောင်အလှတို့စုဝေးရာ မြန်မာပြည်မြောက်ဖျား၌ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီ ဘေးမဲ့တောတို့သည် ပွင့်လင်းရာသီ ခရီးသွားတို့ကို ဆွဲဆောင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**

*စာမျက်နှာ ၂၁ မှ*

ထို့ပြင် ၁၂-၇-၁၉၇၅ နေ့မှစတင်၍ ဒေါ်ခင်ဌေးမြင့်ရရှိခဲ့သည့် ဂရန်သက်တမ်းသည်လည်း ၂၀၀၅ ခုနှစ်တွင် ကုန်ဆုံးခဲ့ပြီးဖြစ်သည်။ ဂရန်သက်တမ်း ကုန်သည်နှင့် နောက်ထပ်ဂရန် ထုတ်ပေးခြင်းမရှိပါက ဂရန်မြေမှာ အစိုးရမြေအဖြစ် ပြန်လည်ရောက်ရှိ သွားပြီဖြစ်သည်။ **(ဦးမျိုးမင်းသိန်း(ကွယ်လွန်သူ ဦးခင်မောင်ရင်၏ တရားဝင်ကိုယ်စားလှယ်) နှင့် ဒေါ်ခင်ဌေးမြင့်ပါ ၆၊ ၂၀၁၃ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၈၇၊ ၈၉)**

အမွေဆက်ခံရရှိခြင်းသည် တရားဥပဒေအရ ဖြစ်ပေါ်လာသည့် လွှဲပြောင်းခြင်းဖြစ်သည်။ ပစ္စည်းကိုရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း စသည့်လွှဲပြောင်းခြင်းသည် ပစ္စည်းကို အမွေဆက်ခံခြင်းနှင့် သဘာဝအားဖြင့် မတူပေ။ အမွေဆက်ခံရရှိခြင်းမှာ အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့်ဖြစ်သည်။

အပျောက်စနစ်ဖြင့် ရောင်းချခြင်းသည် လွှဲပြောင်းပိုင်ခွင့်ဖြင့် ငှားရမ်းခြင်း ဖြစ်သည်။ လွှဲပြောင်းပိုင်ခွင့်ဖြင့် ငှားရမ်းခြင်းဆိုသည်မှာ ငှားရမ်းသည့်ကာလ သတ်မှတ်ချက်မရှိဘဲ အိမ်ငှားက ဥပစာလက်ဝယ်ထားပိုင်ခွင့်ကို ဝယ်ယူ၍ အိမ်ရှင်အား ငှားရမ်းခကိုသာပေးသည့် ငှားရမ်းခြင်းကိုဆိုသည်။

## အမွေဆက်ခံပိုင်ခွင့်

အချင်းဖြစ်မြေမှာ အစိုးရမြေဖြစ်ပြီး ဒေါ်မြိုင်၏အမည်ဖြင့် နေခွင့်လက်မှတ် (Permit)ကို အိုးအိမ်ပြန်လည်ထူထောင်ရေးအဖွဲ့က ထုတ်ပေးထားကြောင်း အငြင်းမထွက်ချေ။ နေခွင့်လက်မှတ် (Permit) ဖြင့်ရရှိခဲ့သည့် မြေဖြစ်သဖြင့် ဒေါ်မြိုင် ကွယ်လွန်ပြီးနောက် ယင်းမြေကို ဒေါ်ကြိုင်၏ အမွေစားအမွေခံများက အမွေဆက်ခံပိုင်ခွင့်မရှိ။ **(မရင်နုနှင့် မအေးမြင့်ပါ ၂၊ ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၈၇)**

စည်ပင်သာယာဈေးဆိုင်ခန်းများ၏ပိုင်ရှင်မှာ စည်ပင်သာယာအဖွဲ့ဖြစ်သည်။ သို့သော် စည်ပင်သာယာအဖွဲ့၏ တရားဝင်ချထားပေးမှုအရ ဆိုင်ခန်းရရှိသူများသည် စည်းကမ်းနှင့်အညီ အခွန်ထမ်းဆောင်၍ ဆိုင်ခန်းကို လက်ရှိထားလျက် ဈေးရောင်းချခွင့်ရရှိသည်။ ထိုသို့ ချထားခြင်းခံရသော ဆိုင်ရှင်တစ်ဦး သေဆုံးပါက ထိုဆိုင်ခန်းကို ၎င်း၏ ဇနီး၊ ခင်ပွန်း၊ သားသမီးများအနေဖြင့် ဆက်ခံခွင့်ရရှိသည်။ စည်းကမ်းနှင့်အညီ အခွန်ထမ်းဆောင်၍ ဆိုင်ခန်းအား လက်ဝယ်ထားပြီးဈေးရောင်းချခွင့်ရရှိသည်။

လိုင်စင်စီတစ်ဦးအားပေးခဲ့သည့် ခွင့်ပြုချက်ကို ခွင့်ပြုသူအနေဖြင့် အချိန်မရွေး ပြန်လည်ရုပ်သိမ်းခွင့် ရှိပေသည်။ လိုင်စင်စီသည် ခွင့်ပြုချက်ထက်ပို၍ အခွင့်အရေးတစ်စုံတစ်ရာမရှိသဖြင့် ခွင့်ပြုချက်ကို ရုပ်သိမ်းလိုက်သည်နှင့်တစ်ပြိုင်နက် ယခင်ခွင့်ပြုချက်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ အကျိုးခံစားခွင့်မရှိနိုင်ပေ။ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းစဉ် လိုင်စင်စီအားထွက်ခွာသွားရန် တရားစွဲဆိုဖို့ လိုကောင်းလိုမည်ဖြစ်သော်လည်း လက်မဲ့ဖြစ်နေပါက မြူနီစီပါယ်အဖွဲ့အနေဖြင့် အခြားသူတစ်ဦးအား ခွင့်ပြုချက်အသစ် မထုတ်ပေးနိုင်စရာ အကြောင်းမရှိပေ။

သက်သေအထောက်အထားများအရ အချင်းဖြစ်မြေနှင့်အိမ်မှာ သထုံမြို့ နန်းစဲရပ် လူနေရပ်ကွက်နယ်နိမိတ်အတွင်း တည်ရှိနေကြောင်း တွေ့ရသည်။ လယ်ယာလုပ်ကိုင်မှုအတွက် အသုံးပြုသည့် အိမ်မဟုတ်ပေ။ သို့ဖြစ်၍ ၁၉၆၃ ခုနှစ် တောင်သူလယ်သမား အခွင့်အရေးကာကွယ်သည့်ဥပဒေနှင့် အကျုံးမဝင်ပေ။ **(ဒေါ်စိန်မေနှင့် ဦးချစ်ခိုင်(ကွယ်လွန်) ၎င်း၏ တရားဝင်ကိုယ်စားလှယ် (၁) မနှင်းငွေ (၂) မခင်သန်း၊ ၁၉၇၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၂၆)**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇)

လယ်ယာမြေလုပ်ပိုင်ခွင့် ဆိုသည်မှာ နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်၍ လယ်ယာမြေကို စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အလို့ငှာ ဤဥပဒေ၊ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုးလုပ်ကိုင်အသုံးချခွင့်ပြုခြင်းကို ဆိုသည်။

မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်းကြားချက်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇)ထုတ်ပေးရမည်။

မြေရှင်ဆိုသည်မှာ မြေယာစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများအရ အပိုင်ဂရန် သို့မဟုတ် အငှားချထားခြင်းခံရသူ၊ မြေပိုင် အခွင့်အရေးရရှိထားသူ၊ ဆိုင်ရာဆိုင်ခွင့်ကို ဥပဒေနှင့်အညီ ခံစားခွင့်ရှိသူတို့ကို ဆိုသည်။

## အာမခံစာချုပ်

အမှုတွင်တင်သွင်းသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတွင် အကျိုးသက်ရောက်စေသည့် အာမခံစာချုပ်သည် မှတ်ပုံတင်အက်ဥပဒေနှင့် အခြားဆီလျော်သော ဥပဒေပြဋ္ဌာန်းချက်တို့နှင့် ကိုက်ညီမှသာ တရားဝင်သည်ဟု မြန်မာနိုင်ငံတရားရုံးများက ကျင့်သုံးလာခဲ့ခြင်းသည် ဥပဒေနှင့်ကိုက်ညီသည်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်း တန်ဖိုးငွေကျပ် ၁၀၀ (ယခုကျပ်တစ်သိန်း)အထက်နှင့်ပတ်သက်သော အရောင်းအပေါင်စသော စာချုပ်ကို မှတ်ပုံတင်စေခြင်းဖြင့် ပို၍လေးနက်စေသည်။ ပစ္စည်းနှင့် ပတ်သက်သူတို့သည် မှတ်ပုံတင်ရုံးတွင် သွားရောက်၍ စစ်ဆေးကြည့်ရှုနိုင်စေသည်။ ယင်းပစ္စည်းနှင့်ပတ်သက်၍ ရောင်းဝယ်ဆက်သွယ်ခြင်းသည် ရှင်းလင်းနိုင်သည်။ သတ်မှတ်သောတံဆိပ်ခွန်ဖိုး ပြည်သူ့ဘဏ္ဍာတွင် တိုးသည်။ ယင်းသို့ မပြုမူဘဲ ဤအမှုမှာကဲ့သို့ စာရွက်ပေါ်တွင် ခံဝန်ပြုကြောင်းရေးသားကာ တရားရုံးတွင်တင်သွင်းလျှင် တရားမဝင်၊ သို့ရာတွင် ခံဝန်ပြုသူတို့၏ အာမခံစာချုပ်သည် တရားမဝင်ကာမျှနှင့် ၎င်းခံဝန်ပြုသူတို့တွင် ပေးချေရန် ယခင်တာဝန်ကို ဥပဒေအကာအကွယ်ယူ၍ ရှောင်တိမ်းခြင်း မပြုစေအပ်ချေ။

## မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း

၂၀၁၈ ခုနှစ် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေအရ ကျပ်တစ်သိန်းနှင့်အထက် တန်ဖိုးရှိသော မရွှေ့မပြောင်းနိုင်သောပစ္စည်းကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်းမရှိပါက တရားဝင်ပိုင်ဆိုင်ခွင့်မရနိုင်သဖြင့် တရားလိုဘက်မှ တင်ပြသကဲ့သို့ မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်းမပြုဘဲ လက်ရောက်ပေးအပ်ရန် ဒီကရီတောင်းဆိုနိုင်မည်မဟုတ်ပေ။ မှတ်ပုံတင်စာချုပ်ပြုလုပ်၍ မဝယ်လျှင် တရားဝင်ပိုင်ဆိုင်ခွင့်မရနိုင်ပေ။ တရားဝင်မပိုင်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအား လက်ရောက်ပေးအပ်ရန် တောင်းဆိုနိုင်မည်မဟုတ်သဖြင့် ဥပဒေနှင့်အညီ အခွင့်အရေးများရရှိခံစားနိုင်စေရန် ဥပဒေပါပြဋ္ဌာန်းချက်များကို တိကျစွာ သိရှိလိုက်နာရန် လိုအပ်မည်ဖြစ်သည်။

ပြည်သူများအနေဖြင့် ပိုင်ဆိုင်ခွင့်ကို သတ်မှတ်ပေးသည့် စာချုပ်စာတမ်း (Documents Creating Title) နှင့် ပိုင်ဆိုင်ခွင့်ကို သက်သေခံအထောက်အထားပြုသည့် စာချုပ်စာတမ်း (Documents Evidencing Title) များကို နည်းလမ်းတကျချုပ်ဆိုကြခြင်းဖြင့် မိမိတို့၏ပိုင်ဆိုင်မှုကို တရားဝင်အောင် ဆောင်ရွက်နိုင်ကြစေရန်၊ တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်းများချုပ်ဆိုဆောင်ရွက်ခြင်းဖြင့် ပိုင်ဆိုင်ခွင့်အငြင်းပွားသောမှုခင်းများလျော့နည်းကျဆင်းလာကာ ကုန်ထုတ်လုပ်မှု၊ တီထွင်မှုလုပ်ငန်းများကို အာရုံစိုက်ဆောင်ရွက်နိုင်ကြစေရန် ဆက်စပ်ရာရာကောက်နုတ်စုဆောင်း တင်ပြအပ်ပါသည်။ ။

## မိခင်အမည်မှန်

ပေါင်မြို့၊ အထက(ပေါင်) တက္ကသိုလ်ဝင်တန်းမှ မောင်ထက်ဝေယံနှင့် အဋ္ဌမတန်းမှ မောင်အောင်ပြည့်စုံတို့၏ မိခင်အမည်မှန်မှာ ဒေါ်ခင်စန္ဒာ ၁၀/ပမန(နိုင်)၂၁၅၄၇၅ဖြစ်ပါကြောင်း။

**ဒေါ်ခင်စန္ဒာ ၁၀/ပမန(နိုင်)၂၁၅၄၇၅**

## မိခင်အမည်မှန်

ပေါင်မြို့၊ အထက(ခွဲ) မင်းတန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မိမိုးပွင့်ဦး ၏မိခင်အမည်မှန်မှာ ဒေါ်ခင်ထွေး ၁၀/ပမန(နိုင်)၁၃၉၀၆၉ ဖြစ်ပါကြောင်း။

**ဒေါ်ခင်ခင်ထွေး**
**၁၀/ပမန(နိုင်)၁၃၉၀၆၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/1820, SKATLFJ 3048G, DUMP TRUCK(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်း ၇/ပမန(နိုင်)၁၁၂၄၃၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး(သရက်)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Yellowish Planet Co.,Ltd ၏ သွင်းကုန်လိုင်စင်အမှတ် ILV-1920 05171(14-5-2020) နှင့် ILV 1920 05467 (10-6-2020) မူရင်းမှာ အမှန်တကယ် ပျောက်ဆုံးသွားကြောင်း ကြေညာအပ်ပါသည်။

**ဖုန်း-၀၉- ၄၄၃၂၀၃၁၀**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4R/6501 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး**
**(ပဲခူး)**

## ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းသီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲဖြစ်သည့် **"တူယှဉ်နွဲပျော် ဂီတပွဲတော်"**ကို တိုင်းရင်းသားလူမျိုးများ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက် ခိုင်မာလာစေရန်၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အထောက်အကူပြုနိုင်ရန်နှင့် တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ မျိုးဆက်သစ်တိုင်းရင်းသားလူငယ်အနုပညာရှင်များ ပေါ်ထွက်လာစေရန်၊ တိုင်းရင်းသားပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂၆-၁၁-၂၀၂၁) ရက်နေ့မှ (၁၁-၂-၂၀၂၂)ရက်နေ့အထိ အပတ်စဉ်သောကြာနေ့ညတိုင်း ည(၈:၀၀)နာရီ သတင်းအပြီးတွင် တိုက်ရိုက်(Live ) ထုတ်လွှင့်ပြသသွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝင်ရောက်သီဆိုယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ ရွေးချယ်ထားသည့် အောက်ပါစိတ်ကြိုက် တေးသီချင်း(၉)ပုဒ်ကို အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်း ကြားအပ်ပါသည်။

(၃-၁၂-၂၀၂၁)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ ရိုက်ကူးထုတ်လွှင့်ပြသမည့် "တူယှဉ်နွဲပျော် ဂီတပွဲတော်" ပြိုင်ပွဲဝင်များ၏ စိတ်ကြိုက်တေးသီချင်း(၉)ပုဒ်

| စဉ် | သီချင်းအမည် | တေးရေး | မူရင်းအဆို | ပြည်နယ်/တိုင်းဒေသကြီး |
|---|---|---|---|---|
| ၁။ | မျှော်လင့်နေတုန်းပျို့ဖုန်းလှမ်းခဲ့ပါ | ဂီတစာဆိုစိန်မောင်မြင့် | နွဲ့ယဉ်ဝင်း | နေပြည်တော် |
| ၂။ | အရိပ်ပမာ | ကိုသက်ဦး | မာမာအေး | ဧရာဝတီတိုင်း |
| ၃။ | စာဆိုစစ်သည် | မင်းယုနိုင် | စန္ဒရားထွန်းညွန့် | မန္တလေးတိုင်း |
| ၄။ | အတ္တအကျဉ်းသား | ရန်ကင်းကိုကိုလေး | စံပယ်ဦးတေးဂီတအဖွဲ့ | မွန်ပြည်နယ် |
| ၅။ | ယုဇနပင်နဲ့ဖဲကြိုးဝါ | ပုသိမ်မောင်စိမ်းသူ | မင်းမင်းလတ် | ရန်ကုန်တိုင်း |
| ၆။ | ပကာသနဓာတ်ဖျက်သမား | ကိုလေးလွင် | ပလေးဘွိုင်းသန်းနိုင် | မကွေးတိုင်း |
| ၇။ | မြင့်မိုရ်ထက်မြင့်သော | စန္ဒရားလှထွတ် | နီနီဝင်းရွှေ | ပဲခူးတိုင်း |
| ၈။ | ရေချမ်းသက်စေ့ပန်းသက်စေ့ | ဂီတစာဆိုအောင်ကျော်ထွန်း | ဟသ်ာတထွန်းရင် | တနင်္သာရီတိုင်း |
| ၉။ | အသည်းကွဲမြို့တော် | မင်းချစ်သူ | ဂျေမောင်မောင် | ကရင်ပြည်နယ် |

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅ယ/၈၈၆၀၅၊ Honda Dream -125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းစုလှိုင် ၁၄/ဟသတ(နိုင်)၃၅၁၂၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/2050, HYUNDAI, BUS (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးငွေဝင်း ၁၄/မအပ(နိုင်)၁၅၀၅၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနရှိ စီမံကိန်းညွှန်ကြားရေးမှူးရုံးများနှင့် စီမံကိန်းမန်နေဂျာရုံးများတွင် အသုံးပြုရန် လိုအပ်သောဓာတ်ဆီ(၃၅၀၀)ဂါလန်နှင့် ဒီဇယ်ဆီ (၃၀၁၅၀) ဂါလန်တို့ကို တင်ဒါအမှတ်- 11(T)/DPTSC(PTP)21-22)(Mini) မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၃၀-၁၂-၂၀၂၁)ရက်နေ့ (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ(၁)ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ Covid -19 ရောဂါဆိုင်ရာ အကာအကွယ်( Mask နှင့် Face Shield) များဝတ်ဆင်၍ လာရောက်ဝယ်ယူရန် မေတ္တာရပ်ခံအပ်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal(www.moee.gov.mm တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊၀၆၇-၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေကွက်အမှတ်(၅၃၆)၊ ဧရိယာ ၀ဒသမ ၀၈၂ ဧကရှိ မြေကွက်၏ အကျိုးခံစားခွင့်အားလုံးကို ဒေါ်သီဂီဝင်း ၇/ပတတ(နိုင်)၀၇၉၈၅၅ မှ အမည်ပေါက်နှင့် ဆက်စပ်စာချုပ်များ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေ ဦးကောင်းယုဝေ ၁၂/အစန(နိုင်)၂၃၁၈၂၃ မှ ယုံကြည်ပြီး အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း မည်သူမဆို တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ကိစ္စပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်မင်းထိုက်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၂၁)**
**ပုရွက်ဆိတ်ကုန်း၊ ပျဉ်းမနားမြို့နယ်**
**ဖုန်း-၀၉-၄၃၀၄၅၉၁၁**

## မိဘအမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြောက်ရွာရပ်၊ သီရိလမ်း၊ အမှတ် ၅၉၈နေ မအိဇင်မွေး၏ မိဘဖြစ်သူ ဦးလေးလွင်-ဒေါ်ဝင်းအေးတို့၏အမည်မှန်မှာ ဦးကျော်ထွေး ၆/သရခ(နိုင်)၀၆၃၇၄၄ နှင့် ဒေါ်လဲ့လဲ့ခိုင် ၆/သရခ(နိုင်)၀၂၆၈၅၃ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ နဘူးနစ်ခြားကျေးရွာ ကျွန်မ မမြင့်မြင့်အေး မှ အောက်ဖော်ပြပါ မြ(ပုနီအာ) (အမှတ်တံဆိပ်) အမည်တံဆိပ်ဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တို့ရှိပါက ခိုင်လုံသော အထောက်အထားဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မ မမြင့်မြင့်အေး ထံတွင် လူကိုယ်တိုင် လာရောက်၍ ဖြစ်စေ၊ ဖုန်းဖြင့် ဖြစ်စေ၊ Viber ဖြင့် ဆက်သွယ်၍ ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မပြုပါက သတင်းစာကြေညာချက်နှင့်အတူ ယခုဖော်ပြသော အမှတ်တံဆိပ်အမည်ဖြင့်သာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မမြင့်မြင့်အေး
ဖုန်း- Viber ၀၉-၄၂၅၀၅၀၃၇၄၊
Viber ၀၉-၂၅၃၂၄၇၂၈၁၊ Viber ၀၉၇၆၆၉၇၇၅၈၂

# ရမည်းသင်းမြို့နယ် ထိန်ကန်ကျေးရွာအုပ်စုရှိ ဒေသခံများအား ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် အခမဲ့ကွင်းဆင်းဆောင်ရွက်

ရမည်းသင်း နိုဝင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကျေးရွာအရောက်ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို မြို့နယ်ဦးစီးမှူး ဦးရဲဇော်ဦးနှင့် ဝန်ထမ်းများက နိုဝင်ဘာ ၂၆ ရက်တွင် ရမည်းသင်းမြို့နယ် ထိန်ကန်ကျေးရွာအုပ်စုရှိ ဒေသခံပြည်သူများအား အခမဲ့ကွင်းဆင်းပြုလုပ်ပေးသည်။

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ပြီး ရမည်းသင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးတို့က နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူများထံ လက်ရောက်ပေးအပ်သည်။ ရမည်းသင်းမြို့နယ်အတွင်း ပန်းခင်းစီမံချက်ကာလ၌ ပြည်သူ ၆၁၉၃ ဦးကို နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ခဲ့ပြီး အိမ်ထောင်စု ၉၂၀ ကို အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ပြန်/ဆက်)**

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ဝင်ငွေခွန်ကြေညာလွှာ/လစာနှစ်ချုပ်စာရင်း/နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့်ကာလ) သတ်မှတ်ချက်မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စီမံခန့်ခွဲမှုကို ဆောင်ရွက်နေသောရုံးတွင် တင်သွင်းရန် ဖြစ်ပြီး၊ အခွန်ထမ်းသစ်ကုမ္ပဏီဖြစ်ပါက နိုင်ငံခြား ကုမ္ပဏီကို အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)တွင်လည်းကောင်း၊ ရန်ကုန် တိုင်းဒေသကြီးအတွင်းရှိ မြန်မာကုမ္ပဏီဖြစ်ပါက အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄)တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြန်မာကုမ္ပဏီဖြစ်ပါက အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)တွင်လည်းကောင်း၊ ကျန်တိုင်းဒေသကြီး/ပြည်နယ်ရှိ မြန်မာကုမ္ပဏီဖြစ်ပါက ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း၊ တစ်ဦးချင်းအခွန်ထမ်းဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း တင်သွင်းရန်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည် -

(က) လူကိုယ်တိုင်ပေးပို့ တင်သွင်းခြင်း။ လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့် ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့် နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။ ယင်းနေ့သည် အများ ပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့်နောက်တစ်ဆက်တည်း ဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့်တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-filing Management System) ကိုအသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက် ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းပုံ အဆင့်ဆင့်ဗွီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.ird.gov.mm > Media Menu (https://www.ird.gov.mm/my/content/video) တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် ရန်ကုန်မြို့ရှိ အလယ် အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏ အခွန်ထမ်းများ အနေဖြင့် အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာတင်သွင်း ကြရန်ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည် ဖြစ်ပါသည်။

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန် ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည် ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ (တနင်္လာနေ့) ဖြစ်ပါ သည်။

(မှတ်ချက်။ သက်ဆိုင်ရာဥပဒေများအရ ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးနေ့ဖြစ် သော ၃၁-၁၂-၂၀၂၁ ရက်နေ့မှ ၂-၁-၂၀၂၂ ရက်နေ့အထိ (၃) ရက်သည် အများ ပြည်သူရုံးပိတ်ရက်များ ဖြစ်နေခြင်းကြောင့် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) အရ ၂-၁-၂၀၂၂ ရက်နေ့နှင့် တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်ဖြစ်သည့် ၃-၁-၂၀၂၂ ရက်နေ့ (တနင်္လာနေ့) ကို သတ်မှတ်ခြင်းဖြစ်ပါသည်။)

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန် ပျက်ကွက်ပါက အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည် -

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ် ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှု ပြုလုပ်သည့်အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့်အခွန် ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာတင်သွင်းရမည့် သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာရုံးများနှင့် ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် -

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၅၉/၆၁ ၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန
ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)
အမှတ် ၅၉/၆၁ ၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်းနံပါတ်-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂

(ဃ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်
ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ် အထကခွဲ (သဲတက်) ဒသမတန်းမှ မပြည့်ဖြိုးသော်တာ၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့်ထွေး ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးဘိုသန်းဝင်း ၁၁/ပတန(နိုင်)၀၄၉၄၄၄၏သမီး မြောက်ဦးမြို့၊ အထက (၂) တက္ကသိုလ်ဝင်တန်း (A)မှ မမိုးမိုးသန်း၏ အမည်မှန်မှာ မမိုးမိုးဆန်း ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

သထုံမြို့၊ အထက(ညောင်ချောင်း) Grade-11မှ မောင်မျိုးမင်းစိုး၏ မိခင်အမည်မှန်မှာ နော်သဘွဲဖော ၃/လဘန(နိုင်) ၁၀၃၅၇၅ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက် အမှတ်(၇/ခ) လယ်တောင်၊ ဦးပိုင်အမှတ်(၄၆)၊ မြေယာအမှတ်(80-81)၊ မြေဧရိယာ(၀.၁၃ ၀)ဧကရှိ ဂရန်စာချုပ်အမှတ် (၀၆၈/၂၀၀၃-၂၀၀၄)နှင့် ပြင်ဦးလွင်ခရိုင်၊ မြေငှားဂရန်အမှုတွဲ အမှတ်(၆၆၁/ ၂၀၀၂-၂၀၀၃)အရ (၁) ဒေါ်အေးအေးမြင့်၊ (၂) ဒေါ်ဖြူဖြူ (၃) ဦးသိန်းဟန်၊ (၄) ဒေါ်အေးအေးတင့်တို့၏ အမည်ဖြင့် မှတ်သားတည်ရှိထားပြီး လက်ရှိပိုင်ဆိုင်ထားသည့် အိမ်နှင့်မြေအား ဒေါ်အေးအေးမြင့်၊ ဒေါ်ဖြူဖြူ ဦးသိန်းဟန်တို့နှင့် သက်ဆိုင်သူများ၏ ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်အေးအေးတင့် ၁၂/အစန(နိုင်)၀၀၄၈၆၅ထံမှ ဦးမြင့်ဇော် ၉/မမန(နိုင်)၀၅၆၄၇၉က အထက်ဖော်ပြပါအိမ်နှင့်မြေအားဝယ်ယူပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထို ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးအောင်သီဟ(LL.B)** | **ဦးမျိုးကိုကို(LL.B)** |
| **(စဉ်-၁၅၁၈၆/၁၃-၁၂-၂၀၁၈)** | **(စဉ်-၁၆၄၁၃/၁၉-၁၂-၂၀၁၉)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၈)၊ ပိတောက်လမ်း၊ ကွက်ပြင်(၃)မြောက်၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၄၃၂၀၁၇၆၁၊ ၀၉-၇၈၄၃၂၀၁၇၆၊ ၀၉-၂၅၆၀၁၉၃၇၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်၊ နယ်မြေ (၆)နေ ကျွန်တော် ဦးကြည်သိန်း ၉/မထလ(နိုင်)၀၅၂၄၃၂ နှင့် ဒေါ်နီနီလွင် ၉/မထလ(နိုင်)၀၅၀၅၁၅ တို့၏ သားဖြစ်သူ မောင်အောင်ဖြိုးခိုင်(ခ)အီကြာသည် မိဘများ၏ ဆိုဆုံးမမှုအား လိုက်နာမှုမရှိဘဲ၊ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါ၍ ယနေ့မှစ၍ ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်ပြီး မည်သည့်ကိစ္စများကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးကြည်သိန်း-ဒေါ်နီနီလွင်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မွှာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | မွှာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**၃၀-၁၁-၂၀၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ**

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၄၇၁ ဦး |
| | ၇ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၂.၁၅ % |

**အထူးသတိပြုစောင့်ကြည့်ရမည့် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ (Variants of Concern) ငါးခုမြောက် အုပ်စုဝင် အိုမီခရွန် (omicron) (B.1.1.529)**

စာ - ၆

**နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည် တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ**

စာ - ၈

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် စူပါမားကတ် ၁၂ ခုပျက်စီးဆုံးရှုံးခဲ့ရ

နေပြည်တော် နိုဝင်ဘာ ၃၀

CRPHနှင့်NUG အမည်ခံအကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သော ဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများကိုအကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦများ၊ အများပြည်သူနှင့် သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ ဈေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများ၊ နိုင်ငံတော်ပိုင်ပစ္စည်းများနှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများအား မိုင်းထောင်ဖောက်ခွဲမှု၊ မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများ လုယက်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❋



မရမ်းကုန်းမြို့နယ်ရှိ Gandamar Wholesale ကုန်တိုက်မီးလောင်မှု

## အမျိုးသားဘလွန်းဒီအောဆုကို ပီအက်စ်ဂျီတိုက်စစ်မှူး မက်ဆီနှင့် အမျိုးသမီးဘလွန်းဒီအောဆုကို ဘာစီလိုနာအသင်းခေါင်းဆောင် ပူတဲလပ်စ်တို့ ဆွတ်ခူး




ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်း၌ ကျင်းပပြုလုပ်သည့် ၂၀၂၁ ဘလွန်းဒီအောဆုပေးပွဲတွင် ပီအက်စ်ဂျီနှင့် အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ် မက်ဆီက ဘိုင်ယန်မြူးနစ်နှင့် ပိုလန်တိုက်စစ်မှူး လီဝမ်ဒေါ့စကီး၊ ချယ်ဆီးနှင့် အီတလီကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုတို့ကို ကျော်ဖြတ်ကာ အမျိုးသားဘလွန်းဒီအောဆုကို ခုနစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

မက်ဆီသည် ကိုပါအမေရိကဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းနှင့်အတူ ၎င်း၏ ပထမဆုံးဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်အတွင်း

*စာမျက်နှာ ၁၁ ကော်လံ ၁* ❍

တိုက်စစ်မှူး မက်ဆီနှင့် ပူတဲလပ်စ်တို့ကို ဘလွန်း ဒီအောဆုယူအပြီး တွေ့ရစဉ်။

## လာမည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ မြန်မာဘိလိယက်အဖွဲ့ ပြိုင်ပွဲအမျိုးအစား ခြောက်မျိုး ယှဉ်ပြိုင်ရန် စီစဉ်

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာဘိလိယက်အဖွဲ့သည် လာမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေပြီး ပြိုင်ပွဲအမျိုးအစား ခြောက်မျိုး ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိသည်။

မြန်မာဘိလိယက်နှင့် စနူကာအဖွဲ့သည် ပဏာမကစားသမားခြောက်ဦးဖြင့် စခန်းဝင်လေ့ကျင့်လျက်ရှိပြီး ကစားသမားသစ်အချို့ ထပ်မံအားဖြည့်ရန် စီစဉ်လျက်ရှိသည်။ မြန်မာဘိလိယက်အဖွဲ့သည် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည်။ ဘိလိယက်အားကစားနည်းတွင် ပြိုင်ပွဲအမျိုးအစား ၁၀ မျိုး ပါဝင်မည်ဖြစ်ပြီး ဘိလိယက်ပြိုင်ပွဲနှစ်မျိုး၊ စနူကာပြိုင်ပွဲနှစ်မျိုး၊ Pool ပြိုင်ပွဲလေးမျိုးနှင့် Carom ပြိုင်ပွဲနှစ်မျိုး ပါဝင်မည်ဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့သည် ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ✱